http://www.cherrythitsar.org



http://www.cherrythitsar.org

# စာစဉ်အမှတ် (၈)

ဖြန့်ချိရေး

**ရည်မွန်ဦးစာပေ**

အမှတ် ၂၆၆(ပ–ယာ)၊ ၃၉လမ်း(ထက်)၊ကျောက်တံတားမြို့နယ်

ရန်ကုန်မြို့။

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကိုနှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအားဆန့်ကျင်ကြ။
ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄)ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့်ဖွဲ့စည်းပုံအခြေခံဥပဒေသစ်ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄)ရပ်

* စိုက်ပျိုးရေးကို အခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး
* နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄)ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တ မြင့်မားရေး
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး တစ်မျိုးသားလုံးကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

http://www.cherrythitsar.org

# စံပယ်ပွင့်ဝေဝေ

## စိတ်ကြိုက်ဝတ္ထုတိုစု

စီစဉ်သူ - ရည်မွန်ဦး

http://www.cherrythitsar.org

# ပုံနှိပ်မှတ်တမ်း


| | | |
|---|---|---|
| စာမူခွင့်ပြုချက် | ■ | ၁၆၂၉/၂၀၀၃(၁၂) |
| မျက်နှာဖုံးခွင့်ပြုချက် | ■ | ၁၉၇/၂၀၀၄(၂) |
| မျက်နှာဖုံးပန်းချီ | ■ | ကိုကိုနိုင် |
| ကွန်ပျူတာစာစီ | ■ | ငွေတောင်တန်း D.T. P |
| ပုံနှိပ် | ■ | သင်္ဂဟပုံနှိပ်တိုက်<br>အမှတ်(၂၅၈)၊ လမ်း(၄၀)၊<br>ကျောက်တံတားမြို့နယ်။ |
| အတွင်းဖလင် | ■ | ကိုဦးနှင့် ညီများ |
| ထုတ်ဝေသူ | ■ | ဦးခင်မောင်သိန်းဆွေ<br>သလ္လာဝတီစာပေ(မြဲ-၀၇၄၇)<br>တိုက်(၂၄၀)၊ ၂၅ ရပ်ကွက်၊<br>ဓေယျာသုခလမ်း၊ သုဝဏ္ဏ |
| ထုတ်ဝေသည့်ကာလ | ■ | ၂၀၀၃ ခုနှစ် မတ်လ။ |
| အုပ်ရေ | ■ | ၅၀၀ |
| တန်ဖိုး | ■ | ၆၀၀ ကျပ် |

http://www.cherrythitsar.org

# မာတိကာ

အမှာစာ


| | | |
|---|---|---|
| ၁။ စံပယ်ပွင့် ဝေဝေ | * | မြသန်းတင့် |
| ၂။ ထီ | * | တင့်ဇော် |
| ၃။ ညောင်ပင်အို ကုက္ကိုမျိုးခြင်း | * | ဖေမြင့် |
| ၄။ ချစ်လင် | * | အောင်စိုး |
| ၅။ စက်ဝင်စား | * | ညီပုလေး |
| ၆။ အနုစိပ် အကြမ်းထည် | * | သိုက်ထွန်းသက် |
| ၇။ ကိုယ်ပိုင်ထမင်း | * | မောင်ညိုပြာ |
| ၈။ အမေ့ဓာတ်ပုံ | * | လေးကိုတင် |
| ၉။ တကယ့်အချစ်ဝတ္ထု | * | သစ္စာနီ |
| ၁၀။ မိုးကုန်ပြီးစ တစ်နေ့၌ ကျေနပ်စွာ လွမ်းဆွတ်ရခြင်း | * | မြင့်သန်း |

http://www.cherrythitsar.org

# ဝတ္ထုတိုပန်းခင်းကို ဖြတ်သန်းခြင်း

၁

နွေရာသီလတပေါင်းတွင် အရဏ်မကျင်းမီ ရွက်ကြွေတဖျောက်ဖျောက်နှင့် ရိုးတံကျဲကျဲ ကိုင်းခက်များဆီဝယ် ဥသြငှက်တွန်သံသာကို လွမ်းမောဘွယ်ရာ ကြားလိုက်ရလေသည်။ နေ့တစ်နေ့၏ မွေးဖွားသန့်စင်ခန်းသည် ခါတိုင်းလိုမဟုတ်ပဲ ရွှေလျားပြောင်းလဲမှုက ဂန္တဝင်ဆန်နေခြင်းဖြစ်သည်။

ကမ္ဘာ့အရှေ့ခြမ်း အရှေ့တောင်အာရှ ကျွန်းဆွယ်ရပ်ဝန်းရှိ မြန်မာနိုင်ငံသည် ထိုသို့သော နွေရာသီပေါင်းမြောက်များစွာ ဘယ်လောက်ဖြတ်သန်းခဲ့ပြီးပြီလဲ။ ရာစုနှစ်ပေါင်းများစွာ ရှိပေရော့မည်ပင်။ (၁၁)ရာစုမြန်မာတို့ နိုင်ငံတော်တည်စမှ စတင်ဖြတ်သန်းရမည်ဆိုလျှင် (၁၉)ရာစုဟုဆိုပါက ရာစု(၈)စုခန့်ရှိမည်။ နှစ်ပေါင်း(၈၀၀) ဆိုပါစို့။ ထိုမှလွန်လျှင် (၂၀)ရာစုဆိုပါက နှစ်ပေါင်း(၉၀၀)၊ နွေပေါင်းဘယ်လောက်ဟူ၍ တွက်ချက် ခန့်မှန်း၍ရမည် ဖြစ်ပါသည်။

ထို ၂၀-ရာစုအစ၊ နွေရာသီကာလတစ်ရပ်တွင် မြန်မာစာပေလောက၌ စာပေအနုပညာပန်းပွင့်များ စတင်ပွင့်ဖူးဝေဆာလာသည်။ ယနေ့ ဆိုလျှင် မြန်မာ့ကာလပေါ်ဝတ္ထုအစ -'မောင်ရင်မောင် မမယ်မ'၏ သမိုင်း သက်တမ်းသည် နှစ်(၁၀၀)တိတိ ရှိနေပြီဖြစ်သည်။ ၁၉၀၄ ခုနှစ်တွင် မြန်မာကာလပေါ်ဝတ္ထု စာရေးဆရာ'ဂျိမ်းစ်လှကျော်'သည် ပြင်သစ်လုံးချင်း ဝတ္ထုစာအုပ်မှ အခန်းတစ်ခန်း၊ နှစ်ခန်းကို မှီငြမ်း၍ မြန်မာကာလပေါ် လုံးချင်းဝတ္ထု 'မောင်ရင်မောင် မမယ်မ' ကို

http://www.cherrythitsar.org



ရေးသားပြီးစီးခဲ့သည်။ နောက် မြန်မာကာလပေါ်ဝတ္ထုရေးဆရာ 'ဦးကြီး' ကလည်း 'ချဥ်ပေါင်ရွက်သည် မောင်မှိုင်း' ဝတ္ထုကို ရေးသားပြီးစီး ပြန်သည်။ ကာလအားဖြင့် မတိမ်းမယိမ်း၊ ထင်ရှားကျော်ကြားမှု အားဖြင့်လည်း အတူတူ၊ စာဖတ်ပရိသတ် မြန်မာပြည်သူများကြားဝယ် ပြောစမှတ်ပြုရသော ကာလပေါ်ဝတ္ထု စာအုပ်များ ဖြစ်သွားလေသည်။ ယေဘူယျအားဖြင့် ဤသို့ပြောရမည် ဖြစ်သော်လည်း ဝတ္ထုစာပေဆိုသော ကြန်အင်လက္ခဏာများအရ ဆိုလျှင် တစ်ခေတ်ဆန်းသော အကြောင်း အရာနှင့် အသစ်အဆန်းဖြစ်သော ပုံသဏ္ဌာန်တို့ သဟဇာတဖြစ်သွား ခြင်းပင်၊ နောက် ဇာတ်လမ်း၊ ဇာတ်ဆောင်၊ ဦးတည်ချက်နှင့်တကွ အပြန်အလှန် စကားပြောခန်းများ စတင်ပြောင်းလဲဖန်တီး ရေးသားစ ပြုလာသော မြန်မာဝတ္ထုသစ်ကဏ္ဍ ဖြစ်သွားခြင်းဟု ဆိုရပေမည်။

'မောင်ရင်မောင် မမယ်မ' နှင့် 'ချဥ်ပေါင်ရွက်သည် မောင်မှိုင်း' ဝတ္ထုနှစ်အုပ်ကြောင့် မြန်မာစာဖတ်ပရိသတ်များ လက်ခံအားပေးလာ သဖြင့် မြန်မာကာလပေါ်ဝတ္ထုများ အလျှိုအလျှို ထွက်ပေါ်လာခဲ့ကြလေ သည်။ ၁၉၀၄ ခုနှစ်မှ ၁၉၁၆ ခုနှစ်အတွင်း ထွက်ပေါ်လာသော ဝတ္ထုများ သည် ဝတ္ထုပေါင်း(၅၀) ရှိလောက်ပါသည်ဟု စာပေသုတေသီများက သုံးသပ်ခဲ့ကြပါသည်။

ထင်ရှားသော ဝတ္ထုများထဲတွင် ၁၉၀၆ ခုနှစ်တွင် 'မောင်ဘသင် ၏ 'မောင်တာနော'၊ ၁၉၁၁ ခုနှစ်တွင် 'ဆင်ဖြူကျွန်းဆရာသင်' ၏ 'မောင်ရွှေတောင်'၊ ၁၉၁၂ ခုနှစ်တွင် 'ဦးလတ်'၏ 'စံပယ်ပင်'၊ ၁၉၁၄ ခုနှစ်တွင် 'ဦးလတ်' ၏ 'ရွှေပြည်စိုး'၊ ၁၉၁၆ ခုနှစ်တွင် 'ဆရာလွန်း'၏ 'မှာပုံတော်'၊ ၁၉၁၇ ခုနှစ်တွင် 'ဆရာစော'၏ 'မောင်စံသူ – မဘွားသိုက်'၊ အစရှိသော မြန်မာကာလပေါ်ဝတ္ထုများသည် ဆယ့်သုံးလေးနှစ်အတွင်း

(၁၉၀၄ ခုနှစ်မှ ၁၉၁၆ ခုနှစ်) အားယူဖွံ့ဖြိုးစ ပြုလာပါတော့သည်။ ဇာတ်လမ်းအနေဖြင့်ဆိုရလျှင် 'တွေ့၊ ချစ်၊ ကွဲ ၊ လွမ်း၊ ပေါင်း' ပဉ္စင်္ဂအတွင်း၌သာ ရှိနေသည်။ သို့ရာတွင် မြန်မာလူ့အဖွဲ့အစည်းအတွင်း၌ ဒိဋ္ဌမြင်တွေ့နေရသော၊ ကြားသိခဲ့ရသော၊ ခံစားလိုက်ရသော တကယ့်လူမှုရေးရာများဖြစ်ပါသည်။ ထိုမှတဆင့် လူ့သဘာဝ၊ လောကသဘာဝ တို့ကို ကျွဲကူးရေပါ ရေးဖွဲ့တင်ပြလာပါသည်။ တစ်ချို့ဝတ္ထုဆိုလျှင် နိုင်ငံရေး ဦးတည်ချက်ပင် တွေ့မြင်လိုက်ရပါသည်။ (ဥပမာ) 'ရွှေပြည်စိုး' ဝတ္ထုနှင့် 'မှာပုံတော်' ဝတ္ထုများ။

၂

နော်ဗဲလ် (Novel) ခေါ် ဝတ္ထုရှည်လုံးချင်းများ အားယူဖွံ့ဖြိုး လာခိုက်မှာပင် ဝတ္ထုတို (Short Stories) များသည်လည်း စိမ်းလန်းသော မြန်မာစာပေလောကတွင် စတင်ဖူးပွင့်ဝေဆာလာရန် အကြောင်းဖန်လာလေသည်။ ၁၉၁၇ ခုနှစ်၊ မတ်လ။ နွေရာသီ လတပေါင်းအခါ သမယ၊ ရွက်ဟောင်းကြွေ၍ ရွက်သစ်ရွက်နုများဝေချိန်၊ ရှင်းသန့်သော လေပြေများ သုတ်ဖြူးလာရာ အာရောဂျံခွန်အားသစ်များအတွက် တဝကြီး ရှူရှိုက်မိမည် ထင်ပါသည်။

ဆိုပါစို့... စာပေခွန်အားသစ်များ စတင်ရလာပြီ၊ ကျယ်ဝန်းသော အနုပညာရိပ်သာကြီး ဝေစည်စပြုလာပြီ၊ ပင်သစ်ပွင့်သစ် ရနံ့သစ်များ ဟိုမှသည်မှ စတင်ရလာပြီ၊ ထိုထိုသော ပွင့်သစ်များ ဖူးပွင့်ဝေဆာရန် စာပေအနုပညာရပ်ဝန်းတွင် ပင်စည်ပင်မဖြစ်သော မူလသစ်ပင်ကြီးငယ်တို့ ငွားငွားစွင့်စွင့် ပေါ်ပေါက်လာရမည် ဖြစ်သည်။

၁၉၁၇ ခုနှစ်၊ မတ်လထုတ် သူရိယမဂ္ဂဇင်းသည် ထိုသို့သော

http://www.cherrythitsar.org



ပွင့်သစ်များ ဝေဆာလာရန် မူလပင်စည်ပင်မကြီး ဖြစ်နေပါသည်။ ပြောရလျှင် မြန်မာဝတ္ထုတို အခန်းနိဒါန်းကို ဖွင့်လှစ်ပြသလိုက်ခြင်း ဖြစ်သည်။ ရေးသူအမည်မပါ၊ ဝတ္ထုခေါင်းစီးက 'မောင်သိန်းတင်-မသိန်းရှင်'၊ ဇာတ်လမ်းက သုံးပွင့်ဆိုင် အချစ်အလွမ်းအမောဇာတ်လမ်း၊ ရေးဟန်က ခေတ်သစ်ကာလပေါ် ဝတ္ထုရေးဟန်၊ (နောင်နှစ်ပေါင်းများစွာကြာမှပင် 'ဆရာကြီးရွှေဥဒေါင်း'က ဤဝတ္ထုတိုကို မည်သို့သောအကြောင်းကြောင့် ရေးသားခဲ့ရကြောင်း၊ {တစ်သက်တာအတွေးအခေါ် မှတ်တမ်းစာအုပ်} တွင် ဖော်ပြခဲ့သည်။) 'မောင်သိန်းတင်-မသိန်းရှင်' ဝတ္ထုတိုစတင်ဖော်ပြ ပြီးနောက်၊ တစ်လပြီးတစ်လ ဝတ္ထုတိုတစ်ပုဒ်ကျစီ ဆက်လက်ဖော်ပြ လာလေသည်။ ရွှေဥဒေါင်း၏ 'စုံထောက်မောင်စံရှား'၊ 'ရေးသူဆုရသည်' ၏ 'ချင်းဗိုလ်မောင်တက်တူ'၊(နောင်…ဒဂုန်ရွှေမျှား၏ ပြိုင်ပွဲဆုရ ဝတ္ထုတို)၊ ရွှေဥဒေါင်း၏ ' စုံထောက်မောင်စံရှား'၊ 'ရေးသူဆုရသည်' ၏ 'မောင်သက်ရှည်ဝတ္ထု'၊ ရွှေဥဒေါင်း၏ 'စုံထောက်မောင်စံရှား'၊ 'မောင် အုန်းမြိုင်' ၏ 'မတင်ပုဝတ္ထု'၊ ရွှေဥဒေါင်း၏ 'စုံထောက်မောင်စံရှား'၊ 'ရေးသူဆုရသည်'၏ 'ထိပ်တင်ကြီးဝတ္ထု'… ဒီဇင်ဘာလအထိ။

သူရိယမဂ္ဂဇင်း၏ ၁၉၁၇ ခုနှစ်၊ မတ်လမှစ၍ တစ်လလျှင် ဝတ္ထုတိုတစ်ပုဒ်ကျ ဖော်ပြလာရာ၊ ရွှေဥဒေါင်း၏ 'စုံထောက်မောင်စံရှား' ဝတ္ထုတိုတစ်လှည့်၊ အခြား 'ရေးသူဆုရသည်'၏ ဝတ္ထုတိုတစ်လှည့် ပါရှိလာပါသည်။ စကားမစပ် မြန်မာဝတ္ထုတို နိဒါန်းအစကာလ၏ ထူးခြားသော အကြောင်းတစ်ခုကို ပြောလိုပါသည်။ သူရိယမဂ္ဂဇင်းအား ရန်ကုန်မြို့ရှိ သူရိယသတင်းစာတိုက်လီမိတက်မှ ထုတ်ဝေပါသည်။ မဂ္ဂဇင်း ထုတ်ဝေသောအခါ သတင်းစာထဲမှနေ၍ 'ကြော်ငြာစာ'ထည့်ပြီး ဝတ္ထုတို ပြိုင်ပွဲသဘောမျိုး ပြုလုပ်ပါသည်။ ဝတ္ထုတိုများ ရောက်လာသောအခါ

အကောင်းဆုံးကို ရွေးချယ်သည်။ ရေးသူကို ဆုငွေ ၁၅/- ပေးသည်။ ပြီးမှ မဂ္ဂဇင်းတွင် ထည့်ပါသည်။ နောက်... ရေးသူအမည်ကို ထည့်သွင်း ပုံနှိပ်ခြင်းမပြုလိုလျှင် ဝတ္ထုထည့်သွင်းဖော်ပြသောအခါ 'ရေးသူဆုရသည်' ဟုသာ ပုံနှိပ်မှတ်တမ်းတင်ပါသည်။ ထို့ကြောင့် သူရိယမဂ္ဂဇင်း စတင် ထုတ်ဝေရာမှ နှစ်အတော်ကြာသည်အထိ 'ရေးသူဆုရသည်'၏ ဝတ္ထုတို များ ဆက်တိုက်ပါလာလေတော့သည်။

တနည်းအားဖြင့် စဉ်းစားကြည့်လျှင် ထိုခေတ်ထိုကာလတွင် လူကြီးသူမများက လူငယ်လူရွယ်သားသမီး တူသားနောင်မယ်များအား ဝတ္ထုစာပေဖတ်ခြင်းများ ဟန့်တားဟန်ရှိပါသည်။ ဘုရားဟော၊ ဇာတက၊ ဆုံးမစာများနှင့်သာ ယဉ်ပါးလိုသည်။ ဝတ္ထုစာပေမှာ စိတ်ကူးယဉ်အချစ် ဇာတ်လမ်းများဖြစ်နေ၍ လူငယ်လူရွယ်သဘာဝ အတွေးမှားပြီး အဖြစ် အပျက်များ မှားယွင်းသွားမည်ဟု ခံယူထားပါသည်။ ထို့ကြောင့် လူငယ် လူရွယ်များထဲမှ ဝတ္ထုစာပေများဖတ်ရှုရင်း ခံစားရေးသားလာသူများသည် ပြိုင်ပွဲဝင်ရင်း နာမည်မဖော်စေချင်သောကြောင့် ရေးသူအမည်များ ပါမလာ ခြင်း ဖြစ်တန်ရာသည်။

မည်သို့ပင်ဖြစ်စေ၊ သူရိယမဂ္ဂဇင်းအပြင်၊ ပညာ့အလင်းမဂ္ဂဇင်း၊ ဒဂုန်မဂ္ဂဇင်း၊ ဗြိတိသျှဘားမားမဂ္ဂဇင်း၊ ကဝိမျက်မှန်မဂ္ဂဇင်း၊ ဒီးဒုတ် မဂ္ဂဇင်း၊ တက္ကသိုလ်ကျောင်းတိုက်မဂ္ဂဇင်း၊ ဗန္ဓုလမဂ္ဂဇင်း၊ ဂန္ဓလောက မဂ္ဂဇင်း အစရှိသော မဂ္ဂဇင်းများနှင့်အတူ မြန်မာဝတ္ထုတိုများ ပေါ်ထွက် လာရာ ၁၉၁၇ ခုနှစ်မှ ၁၉၃၁-၃၂ ခုနှစ်(ပေါင်း ၁၅ နှစ်) အတွင်း ဝတ္ထုတိုပေါင်း ရာနှင့်ချီ ထွက်ပေါ်လာလေသည်။ ဝတ္ထုရေးဆရာများလည်း အသီးသီးထွက်ပေါ်သည်။ လယ်တီပဏ္ဍိတဦးမောင်ကြီး၊ ပီမိုးနင်း၊ ဇေယျ၊ ဦးဖိုးကျား၊ ဒဂုန်ခင်ခင်လေး၊ ဉာဏ၊ ဒဂုန်ခင်လေးဆွေ၊ မောင်သစ္စာ၊

မြမျိုးလွင်၊ သိပ္ပံမောင်ဝ၊ ကုသ၊ မင်းသုဝဏ်၊ ဇော်ဂျီ၊ ဒဂုန်နတ်ရှင်၊ ဒဂုန်ရွှေမျှား၊ မောင်သန့်၊ ပြည်ကျော်စွာ၊ စံပယ်(ဒီးဒုတ် ဦးဘချို)...။

ဝတ္ထုတိုများထဲတွင်မူ အချစ်၊ အလွမ်း၊ အသော၊ အထေ့များ အပြင် သမိုင်းနောက်ခံ အဖြစ်အပျက်များပါ ဖတ်ရှုကြရပါသည်။ အထူး ထင်ရှားသည်မှာ ဦးဖိုးကျား၏ 'ကိုယ်တွေ့ဝတ္ထုများ' နှင့် ဂန္ထလောကမှ ဝတ္ထုတိုများ ဖြစ်ပါသည်။ အမျိုးသမီးစာရေးဆရာ ဒဂုန်ခင်ခင်လေး၏ ဝတ္ထုတိုလက်ရာများမှာလည်း ထင်ရှားလေသည်။

၁၉၃၁-၃၂ ခုနှစ်နောက်ပိုင်းမှစ၍ တက္ကသိုလ်စာပေရပ်ဝန်းမှ တက္ကသိုလ်ကျောင်းသားကျောင်းသူများ၏ ဝတ္ထုတိုများနှင့် တက္ကသိုလ် ပြင်ပ မြန်မာစာပေလောကမှ စာရေးဆရာ/ဆရာမ မျိုးဆက်သစ်များ၏ ဝတ္ထုတိုများသည် မြန်မာဝတ္ထုတိုဘဏ်တိုက်အား ဖွံ့ဖြိုးတိုးတက်လာ အောင် အားဖြည့်ပေးကြလေသည်။ မဟာဆွေ၊ ဇဝန၊ ဆက္ကာကြီး ထိပ်တင်၊ သိန်းဖေ(တက်ဘုန်းကြီးသိန်းဖေ၊ သိန်းဖေမြင့်)၊ တက်ထွန်း၊ သုခ၊ ရဲထွတ်၊ သခ်ါ၊ ရန်အောင်၊ တက်တိုး၊ ညိုမြ၊ မြမဥ္ဇူ(လူထု ဒေါ်အမာ)၊ မာလာ၊ ခင်မျိုးချစ်၊ ရွှေလင်းယုန်၊ မေမြို့မောင် စသဖြင့်...။

၃

ဒုတိယကမ္ဘာစစ်မတိုင်မီ မြန်မာဝတ္ထုတိုရေအလျင်သည် အား ကောင်းမောင်းသန် စီးဆင်းလာခဲ့လေသည်။ မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်၊ သတင်းစာများတွင် ထိုရေအလျင်သည် တသွင်သွင်စီးဆင်း နေသည်။ စာဆိုတော်၊ ဒို့ခေတ်၊ ဒဂုန်၊ ကြီးပွားရေး၊ ဂျာနယ်ကျော် စာမျက်နှာ များတွင်မူ စာဖတ်သူအကြိုက် ဝတ္ထုတိုများ တွေ့မြင်ဖတ်ရှု နေရပါသည်။ မာဃ၊ မင်းနွယ်၊ သိပ္ပံကျော်ထင်၊ မောင်အာယု၊ အောင်ထူး၊ မြဒေါင်းရင်၊

http://www.cherrythitsar.org



ဒဂုန်တာရာ၊ ဒဂုန်မြတ်လေးနွယ်၊ မြို့မအုန်း၊ ဂျာနယ်ကျော် စောဦး၊ ဂျာနယ်ကျော် တင့်ဆွေ၊ နုယဉ်၊ မရီကြိန် အစရှိသော ဝတ္ထုတိုရေးဆရာများ အစီအရီ ပေါ်ပေါက်လာခဲ့လေသည်။

စစ်အတွင်း မြန်မာပြည်တွင်မူ စာပေအနုပညာသည်များ၏ စာပေလက်ရာများ ရှားပါးသွားသော်လည်း တစ်ဦးစနှစ်ဦးစသာ ပေါ်ထွန်းလာခဲ့ရာ ထိုတစ်ဦးစနှစ်ဦးစ စာပေလက်ရာများသည်လည်း စာဖတ်သူအကြိုက် စာရေးဆရာများ ဖြစ်သွားခဲ့လေသည်။ (ဥပမာ) 'မင်းဆွေ'၏ 'ဓား'ဝတ္ထုလုံးချင်း၊ ဝတ္ထုတိုကဏ္ဍကား ရှားပါးသလောက် ဖြစ်သွားခဲ့သည်။

စစ်ပြီးစ အချိန်ကာလရောက်လာသောအခါ စာပေအနုပညာသည်များ၏ လက်ရာများ ဟိုမှသည်မှ ထွက်ပေါ်လာသည်။ ဝတ္ထုရေးဆရာသစ်များ ထွန်းကားစည်ပင်လာသော ကာလဟုဆိုရမည်။ အခြားတစ်ဘက်တွင်လည်း မဂ္ဂဇင်း၊ ဂျာနယ်၊ စာစောင်အသစ်များ အဆက်မပြတ် ထွက်လာခဲ့လေသည်။ ဝတ္ထုတိုကဏ္ဍကား အပြောကျယ် လွှန်းစွ– အိုသမုဒ္ဒရာ ဖြစ်လာလေသည်။ နေ့စဉ်ထုတ် သတင်းစာများမှာပင် ဝတ္ထုတိုများ ပါလာသည်။ အခြားဂျာနယ်၊ စာစောင်၊ မဂ္ဂဇင်းများတွင်မူ ဆိုဖွယ်ရာမရှိ ဖြစ်နေသည်။ စာရေးဆရာမျိုးဆက်သစ်များ အသီးသီး၏ ဝတ္ထုတိုများ အဆက်မပြတ် ဖတ်ရှုကြရသည်။ မဂ္ဂဇင်းအသစ်များ ရှိသေးသည်။ ပင်သစ်ပန်းသစ်ရနံ့သစ်များ အဝေဆာဆုံးအချိန် ဖြစ်နေလေသည်။

ဂျာနယ်ကျော်စင်မြင့်၊ သတင်းစုံစင်မြင့်၊ ပြည်သူ့ရဲဘော်စင်မြင့် အစရှိသော ဂျာနယ်စာမျက်နှာပေါ်မှ ဝတ္ထုတိုကဏ္ဍကား ကလောင်သစ်များ၏ အောင်မြေနင်းရာများ ဖြစ်လာခဲ့သည်။ စောဦး၊ မဟာအောင်(နောင်ဇန်းမော် တင်အောင်)၊ ဂျာနယ်ကျော်မမလေး၊ ဂနိုင်မေ (နောင် စိန်စိန်)၊ သခင် တင်ဦး၊ ဒွေးမောင်၊ ကျော်အောင်အစရှိသော စာရေးဆရာ

http://www.cherrythitsar.org



မျိုးဆက်သစ်များ၏ ဝတ္ထုလက်ရာများ နေရာယူလာကြသည်။ မဂ္ဂဇင်းစင်မြင့်များ ရှိသေးသည်။ တာရာမဂ္ဂဇင်းစင်မြင့်၊ ပဒေသာ မဂ္ဂဇင်းစင်မြင့်၊ သွေးသောက် မဂ္ဂဇင်းစင်မြင့်၊ ရှုမဝမဂ္ဂဇင်းစင်မြင့်၊ မြဝတီမဂ္ဂဇင်းစင်မြင့် စင်မြင့်ပေါင်းများစွာမှ ဝတ္ထုရေးဆရာပေါင်းများစွာ ပေါ်ပေါက်ထင်ရှားလာလေသည်။ အထူးသဖြင့် တာရာမဂ္ဂဇင်းစင်မြင့်ကား ထင်ရှားသည်။ မျိုးဆက်ဟောင်းထဲမှ အသစ်ကိုမျှော်မှန်းသူများနှင့်အတူ မျိုးဆက်သစ်စာပေအနုပညာရှင်များပါ ထင်ရှားကျော်ကြားလာကြသည်။ မြသန်း (နောင်မြသန်းတင့်)၊ ကြည်အေး၊ မောင်ကြည်လင်၊ မောင်စည်သူ၊ မင်းရှင်စသဖြင့်...။

ထို့အတူ ပဒေသာစင်မြင့်လည်း ထင်ရှားသည်။ တင့်တယ်၊ သန်းဆွေ၊ ရဲခေါင်၊ သော်တာဆွေ၊ သာခု၊ မိုးဝေ၊ ခင်နှင်းယု၊ ငွေတာရီ၊ အစရှိသော မျိုးဆက်သစ်စာပေအနုပညာရှင်များ စတင်ထွန်းကားရာ ရပ်ဝန်းဖြစ်လာခဲ့သည်။ ထိုမှ ရှုမဝရပ်စုံစင်မြင့်၊ မြဝတီစင်မြင့်သို့ တက်လှမ်းခြေချရာ ၂၀ရာစု မြန်မာစာပေ၏ အရေးပါသော ကာလတစ်ရပ်ကို ထူထောင်သွားခဲ့ကြလေသည်။ ရှိသေးသည်။ သွေးသောက်မဂ္ဂဇင်းမှ မင်းဆွေ၊ ပြည့်စုံ၊ ခင်လတ်၊ မိုးဟိန်း၊ ညိုမင်းလွင်(နောင် ဝင်းဦး)၊ ကြပ်ကလေး၊ မဝင်းမြင့် အစရှိသော ပွင့်သစ်များ၏ ဝတ္ထုတိုလက်ရာ များသည်လည်း ၂၀ရာစု မြန်မာစာပေဘဏ္ဍာတိုက်အား ရသစာပေ ရတနာများအားသစ်လောင်းပေးခဲ့လေသည်။ အခြားမဂ္ဂဇင်းများလည်း ရှိသေးသည်။ ကလောင်စုံ၊ ကြေးမုံ အစရှိသောမဂ္ဂဇင်းများ၊ နတ်နွယ်၊ မင်းကျော်၊ မောင်နေဝင်း၊ အောင်စိုး၊ တက္ကသိုလ်ကျော့ရှင်း၊ အစရှိသော ဝတ္ထုရေးဆရာများ၏ ဝတ္ထုတိုလက်ရာများ...။

ထူးခြားချက်အနေဖြင့်ပြောရလျှင် ယုဝတီဂျာနယ်၊ တိုင်းရင်းမေ

ဂျာနယ်၊ ဗမာအမျိုးသမီးဂျာနယ်များ ထွက်ပေါ်လာပြီး အမျိုးသမီးစာရေးဆရာများ၏ ရသဝတ္ထုတိုကလေးများမှာ စာဖတ်ပရိသတ်အကြားဝယ် တသီးတခြား အကြိုက်တွေ့သွားကြပါသည်။ အချစ်၊ အိမ်ထောင်ရေးနောက်ခံဝတ္ထုများ ဖြစ်သည့်အတွက် အမျိုးသမီးစာဖတ်ပရိသတ်အတွက် ထူးခြားချက်ဟု ဆိုရပါမည်။ ယုဝတီခင်ဦး၊ ယုဝတီစောလှမြင့်၊ ယုဝတီခင်စိန်လှိုင်၊ ယုဝတီဂျင်းဖောမယ်၊ ကြည်ဦး အစရှိသော ဝတ္ထုရေးဆရာမများ ထွန်းပေါက်ကျော်ကြားလာကြခြင်း ဖြစ်သည်။

နောင်နှစ်ပေါင်း ကာလများစွာတိုင်အောင် ဝတ္ထုတိုပန်းခင်းအား အရောင်အသွေး စုံလင်အောင် ခင်းကျင်းစီရင်ပြသခဲ့သူများ ဖြစ်သွားကြလေသည်။ စာပေရေးရာအရဆိုလျှင် 'ရိုမန်တစ်' (Romantic) ဝတ္ထုတိုများ၊ 'ဘဝသရုပ်ဖော်' (Realism)ဝတ္ထုတိုများ၊ 'ဟာသသရုပ်ဖော်' (Humor) ဝတ္ထုတိုများ၊ နောက်ဆုံး 'လျှို့ဝှက်သဲဖို' (Detective) ဝတ္ထုတိုများ... အမျိုးအမည်စုံ စာပေလက်ရာများ ထွန်းကားဝေစည်သွားခြင်း ဖြစ်ပါသည်။

## ၄

နှစ်ပေါင်းများစွာ ဖြတ်သန်းလာကြသူများနောက်သို့ လူငယ်မျိုးဆက်သစ်များ အားကောင်းမောင်းသန် လိုက်လာကြလေသည်။ သက်တမ်းရှည် ရှုမဝ၊ မြဝတီ၊ သွေးသောက် မဂ္ဂဇင်းများအပြင် ငွေတာရီ၊ ပေဖူးလွှာ၊ နဝဒေး၊ စုံထောက်မဂ္ဂဇင်းများမှတဆင့် စင်မြင့်အသီးသီးမှ တက်ရောက်လာကြသော စာရေးဆရာများကား အနတက္ကမဖြစ်လာလေသည်။ ၁၉၆၀ ခုနှစ်များတစ်ပိုက်မှ ၁၉၇၀ ခုနှစ်များတစ်ပိုက်အထိ ပေါ်ပေါက် ထင်ရှားလာသူများဖြစ်သည်။ ၁၉၇၀ ခုနှစ်များတစ်ပိုက်မှ

http://www.cherrythitsar.org



၁၉၈၀ ခုနှစ်များတစ်ဝိုက်တွင်လည်း ဝတ္ထုတိုဆရာများ တစ်ယောက်ပြီး တစ်ယောက် ထွက်ပေါ်လာကြသည်။ (တစ်ချို့က ဝတ္ထုတိုရွှေခေတ် ဟူ၍ တင်စား ပြောဆိုကြရသည်အထိဖြစ်သည်) အကြင်လူငယ်မျိုး ဆက်သစ် ဝတ္ထုတိုဆရာများထဲတွင် လုံးချင်းဝတ္ထု လက်ရာပိုင်ရှင်များပင် ဖြစ်ထွန်း သွားကြပါသည်။ ရသစာပေလောက၏ လှပဝေဆာသောသီးပွင့် ရတနာ များဟု ဆိုရပါမည်။ ဂျူး၊ သစ္စာနီ၊ ဆောင်းဝင်းလတ် စသဖြင့်။

၁၉၆၀ ခုနှစ်များနှင့် ၁၉၇၀ ခုနှစ်များတစ်ဝိုက်တွင် ထွက်ပေါ် နေသော မဂ္ဂဇင်းစာမျက်နှာများကိုလည်း ကျေးဇူးတင်ရမည် ဖြစ်ပါသည်။ ရှုမဝ၊ မြဝတီ၊ ငွေတာရီ၊ သွေးသောက်၊ ပေဖူးလွှာ၊ ဖြူနီညိုပြာ၊ စုံထောက်၊ လှိုင်းဂွက်သဲဖို၊ သောကြာ၊ ရုပ်ရှင်ပဒေသာ၊ ရုပ်ရှင်မျက်မှန်၊ ရုပ်ရှင်အောင်လံ၊ တိုင်းရင်းမေ၊ ယုဝတီ၊ သောတရှင် အစရှိသော မဂ္ဂဇင်းများဖြစ်ပါသည်။ စစ်ပြီးခေတ်၊ လွတ်လပ်ရေးခေတ်ဦးမှ စာရေးဆရာများအပြင် စာရေး ဆရာ လူငယ်လူရွယ် အသစ်အသစ်များ စည်ပင်ထွန်းကားလာသော အခါသမယ ဖြစ်နေလေသည်။

ယုဝတီကြည်ဝေ၊ တက္ကသိုလ်မြစိမ်း၊ ရွှေကူမေနှင်း၊ မိုးငြိမ်း၏၊ မမြင့်ခိုင်၊ မအေးလေး၊ ကြူကြူသင်း၊ မစန္ဒာ၊ မိုးမိုး(အင်းလျား) အစရှိ သော စာရေးဆရာမများ၊ မင်းဏီ၊ မောင်လွန်းကြင်၊ ငြိမ်းကျော်၊ ဖိုးကျော့၊ တက္ကသိုလ်မောင်အောင်ဆွေ၊ တင့်ဇော်၊ မောင်ခက်ပန်၊ စိုးမင်းဦး၊ မြတ်သစ်၊ မိုးကျော်သင်၊ မြတ်လွန်း၊ မောင်လရောင် စသဖြင့် ထင်ရှားလာကြပါသည်။

၁၉၈၀ ခုနှစ်များတစ်ဝိုက်ကား ထို့ထက်ပင် ကျော်ကြားထင်ရှား သော မျိုးဆက်သစ်များ ထွက်ပေါ်လာလေသည်။ မြန်မာပြည် တနံတလျားမှ မျိုးဆက်သစ်များ ထွက်ပေါ်လာခြင်းဖြစ်သည်။ အထူးသဖြင့် မန္တလေး နေပြည်တော်မှ အုံနှင့်ကျင်းနှင့် ထွက်ပေါ်လာလေသည်။ ထိုစဉ်က

မဂ္ဂဇင်းစာမျက်နှာများသည် ဝတ္ထုတိုစာပေများကို တခုတ်တရ ထည့်သွင်းဖော်ပြလာကြသည်။ ၁၉၇၀ ခုနှစ်များဝန်းကျင်မှ စတင်အပင်ပျိုးလာသော ဝတ္ထုရေးဆရာများသည် ထိုအချိန်တွင် အရွက်တဖားဖား အပွင့်ဝေဝေနှင့် ဖြစ်နေကြပြီဖြစ်သည်။ ရှုမဝမဂ္ဂဇင်းစင်မြင့်မှ မအိ၊ ဆောင်းဝင်းလတ်၊ မောင်သိက္ခာ၊ သဲအိမ်မောင်နေဝါ၊ မောင်ဝဏ္ဏ၊ သုမောင်၊ မိုးဝေမဂ္ဂဇင်းစင်မြင့်မှ ကြူးနှစ်၊ မောင်ရန်ပိုင်၊ မာန်မြင့်၊ မောင်ညိုပြာ၊ ကျော်စွာထက်၊ သိုက်ထွန်းသက်၊ ပိုင်စိုးဝေ၊ မောင်တင်ဆင့်၊ ငွေတာရီ မဂ္ဂဇင်းစင်မြင့်မှ မအေးလေး၊ မစန္ဒာ၊ မိုးမိုး(အင်းလျား)၊ ကြူကြူသင်း၊ အစရှိသော ဝတ္ထုတိုဆရာဆရာမများသည် ထိုကာလတစ်ဝိုက်မှစတင်၍ မြန်မာစာပေလောကတွင် ရသမြောက်ဝတ္ထုတိုများကို ဖန်တီးရေးသားနေပြီ ဖြစ်သည်။ များသောအားဖြင့် ရိုမန်တစ်(ခေါ်) ဘဝအလွမ်းအမော ဝတ္ထုတိုများနှင့် သရုပ်မှန်ဝတ္ထုတိုလက်ရာများ ဒွန်တွဲရေးသား တင်ပြနေကြပါသည်။ ၁၉၇၀ ခုနှစ်မှ ၁၉၈၀ ခုနှစ်တစ်ဝိုက် မြန်မာလူ့အဖွဲ့အစည်းအတွင်း ဖြစ်ပျက်တွေ့ကြုံနေရသော ဘဝကားချပ်များဆီမှ ရိုက်ခတ်လာသော စာပေကြေးမုံတစ်ချပ် ဖြစ်နေခြင်းပင်။

၁၉၈၀ ခုနှစ်များတစ်ဝိုက်တွင်မူ သရုပ်မှန်ဝတ္ထုတိုဆရာများ၊ ဘဝအလွမ်းအမောဝတ္ထုတိုဆရာများ သူ့ကဏ္ဍနှင့်သူ ရေးသားတင်ပြလာပြန်သည်။ ရှုမဝစင်မြင့်မှ ဝင်းဝင်းလတ်၊ ဂျူး၊ နိုင်ဇော်တို့အပါအဝင် ပေဖူးလွှာစင်မြင့်မှ မြနှောင်းညို၊ စိန်ဥမယ်၊ မခင်လေး (ရန်ကုန်တက္ကသိုလ်)၊ ကိုခေး၊ နုနုရည်(အင်းဝ)၊ သဘင်မဂ္ဂဇင်းစင်မြင့်မှ ဇော်ဇော်အောင်၊ ဖေမြင့်၊ မသီတာ(စမ်းချောင်း)၊ ဝင်းစည်သူ၊ ချယ်ရီမဂ္ဂဇင်းစင်မြင့်မှ ဒေါက်တာရဲနိုင်၊ မင်းလူ၊ အဏ္ဏဝါစိုးမိုး၊ ဒဂုန်မဂ္ဂဇင်းစင်မြင့်မှ သစ္စာနီ၊ မောင်ကိုကို(အမရပူရ)၊ စပယ်ဖြူမဂ္ဂဇင်းစင်မြင့်မှ ညီပုလေး၊ မဝင့်(မြစ်ငယ်)၊

http://www.cherrythitsar.org



ဆူးငှက်၊ ကိုရိုးကွန့်၊ ညိုထွန်းလူ နောက် အခြားအခြားသော မဂ္ဂဇင်းများမှ ဝတ္ထုတိုဆရာများ ရှိသေးသည်။ ရုပ်ရှင်မဂ္ဂဇင်းစင်မြင့်မှ မြင့်သန်း၊ (ရုပ်ရှင်မျက်မှန်၊ ရုပ်ရှင်အောင်လံ၊ ရုပ်ရှင် သစ္စာမဂ္ဂဇင်းများ အပါအဝင်)၊ သည်းဦးပန်း၊ စပယ်ဦး၊ ရင်ခုန်ပွင့်နှင့် အခြားမဂ္ဂဇင်းများမှ ဝတ္ထုတို ဆရာများ။ နောက် မဟေသီမဂ္ဂဇင်းစင်မြင့်မှ ဝတ္ထုတိုဆရာများ။

၁၉၉၀ ခုနှစ်တစ်ဝိုက်တွင် ဟန်သစ်မဂ္ဂဇင်းစင်မြင့်မှ လူငယ်မျိုး ဆက်သစ် ဝတ္ထုတိုဆရာများ ထွက်ပေါ်လာသေးသည်။ နီကိုရဲ၊ ဝိုင်၊ နေမျိုး၊ စုမိအောင်၊ ပေါ်ဦးသစ်၊ လေးကိုတင်၊ မြတ် အစရှိသော ဝတ္ထု တိုစာပေ လက်ရာရှင်များ။

၂၀ ရာစု မြန်မာရသစာပေလွှင်ပြင်သည် မူလအစ ဝတ္ထုရှည် လုံးချင်းများဖြင့် စတင်ဖွံ့ဖြိုးလာပြီး နှစ်ပေါင်း (၁၃)နှစ်အကြာတွင် ဝတ္ထု တိုလက်ရာများဖြင့် ယှဉ်တွဲတိုးတက်လာရာ ယနေ့ နှစ်(၁၀၀)တိုင်သော အခါ ရောင်စုံပန်းခင်းနှယ် ဝင့်ထည်နေပါတော့သည်။

**ရည်မွန်ဦးစာတည်းအဖွဲ့**

http://www.cherrythitsar.org

# မြသန်းတင့်

၁၉၅၀ ခုနှစ်ဝန်းကျင်၊ တာရာမဂ္ဂဇင်း၊ စာပေသစ်မဂ္ဂဇင်းတွင် သရုပ်မှန်ဝတ္ထုများ စတင်ရေးသားရင်း အခြားတစ်ဘက်တွင် ဘာသာပြန်ဝတ္ထုတိုများ ပြန်ဆိုထုတ်ဝေရင်း (ဂေါ်ကီ၏ မာလ်ဗာနှင့် အခြားဝတ္ထုတိုများ) ပထမ **"မြသန်း"**၊ နောက် **"မြသန်းတင့်"** ကလောင်အမည်ဖြင့် စာပေဘာဝတည်ဆောက်ခဲ့ရာ၊ နှစ်ပေါင်း ၅၀ နီးပါး မြန်မာစာပေလောက၌ ထင်ရှားကျော်ကြားခဲ့သော စာရေးဆရာကြီးတစ်ဦးဖြစ်ပါသည်။ ဝတ္ထုတို၊ ကဗျာ၊ ပြဇာတ်၊ ဝတ္ထုလတ်၊ ဝတ္ထုရှည် (ဘာသာပြန်ဝတ္ထုရှည်များ – **စစ်နှင့် ငြိမ်းချမ်းရေး၊ လေ ရူးသုန်သုန်၊ ရွှေပြည်တော် မျှော်တိုင်းဝေး၊ ခန်းဆောင်နီအိပ်မက်၊ သုခမြို့တော်၊ အချစ်မိုးကောင်းကင်၊ လေလွင့်သူ** အပါအဝင်) အတ္ထုပ္ပတ္တိ၊ နိုင်ငံရေး၊ သမိုင်း၊ ဒဿနိက၊ စာပေဝေဖန်ရေး၊ ခရီးသွားစာပေ၊ ရသစာတမ်းများ ရေးသားပြုစုခဲ့သည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# စံပယ်ပွင့် ၈၀၈၀

# မြသန်းတင့်

ရည်မွန်ဦးစာပေ

# စံပယ်ပွင့်ဝေဝေ

စံပယ်ပွင့်တွေလည်း ပွင့်ဖူးပေါ့လေ
ညဦးမှာ စိတ်ကူးယဉ်စရာတွေ၊
ပြာခြေမှောင် . . . တိမ်တွေဝိုင်းတော့၊
အရိုင်းပန်းလေး . . . တမွှေးမွှေးသင်းပျံ့ပေ၊
မိုးတိမ်တွေ . . . ကွယ်ကာပျောက်တော့ . . .
သွေ့ခြောက်ခါ . . . ဂုဏ်မဝင့်နိုင်ရှာတဲ့
စံပယ်ပွင့်ဝေဝေ . . .

ဝေဝေဆိုသော စံပယ်ပန်းသည် ရနံ့လည်းသင်းသည်၊ အဆင်းလည်းလှသည်၊ အပွင့်လည်းကားသည်၊ စံပယ်ပန်းကို ဘယ်ပန်းမှ တုမရနိုင်ဟု ထင်မိသလို ဝေဝေကိုလည်း ဘယ်မိန်းကလေးတွေမှ မယှဉ်ပြိုင်နိုင်ဟု ထင်မိ၏။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org



ကျွန်တော်နှင့်ဝေဝေတို့၏ ဆက်သွယ်မှုသည် အတိတ်တွင် မှုန်မှုန်ရေးရေး ကျန်ရစ်ခဲ့ပြီဖြစ်သော်လည်း ထိုမှုန်မွှားစပြုလာသော အတိတ်ကို ပြန်၍တွေးရင်း ကြည်နူးရသည့် အခါလည်းရှိ၏။ ထိုအတိတ်ကြောင့် ဝမ်းနည်းရသည့် အခါလည်း ရှိသေး၏။ ထို့ကြောင့် 'စံပယ်ပွင့် ဝေဝေ' သီချင်းကိုကြားရသည့် အခါများတွင် ကျွန်တော်၏စိတ်တို့သည် အတိတ်ကိုပြန်၍ ပြေးတတ်ကြ၏။ ထိုအခါများတွင် ကျွန်တော်၏လိပ်ပြာသည် ဝေဝေ့ကို လိုက်လံရှာဖွေလျက် ရှိခဲ့သည်။ တစ်ခါက ဝေဝေသည် ကျွန်တော် ၏အကြီးအကဲ ဖြစ်ခဲ့ဘူးသည်။ ကျွန်တော်၏ဘဝကို စိုးပိုင်ခဲ့ဘူးသည်။ ဝေဝေမရှိသည့်နောက်တွင်တော့ ကျွန်တော့်ဘဝကို စိုးမိုးသူမှာ အရက်ခွက် နှင့် တယောပြားလေးသာဖြစ်သည်။

'စံပယ်ပွင့်ဝေဝေ' ကို ကျွန်တော်စပ်ပေးပြီး ဆိုပြခဲ့တုန်းက ပြုံးနေသောမျက်နှာဖြင့် နှစ်သိမ့်ကျေနပ်စွာ နားထောင်ခဲ့ဖူး၏။ မေတ္တာ၏ အရိပ်အရောင်ကြောင့် ရွှန်းလဲ့တောက်ပသော မျက်လုံးများဖြင့် သူ၏ အချီးမွမ်းခံရသည့် ဘဝကို ရောင့်ရဲခဲ့ဖူး၏။

ပထမဆုံး ဝေဝေနှင့်တွေ့လျှင် သင်သည် ဝေဝေ့အား အားနွဲ့၍ သနားစရာကောင်းသော မိန်းကလေးတစ်ယောက်ဟု ထင်မိလိမ့်မည်။ ထိုထက်ရင်းနှီးလာလျှင် ဝေဝေသည်မာကျော၍ ကြောက်စရာကောင်းသော မိန်းကလေးတစ်ယောက်ဖြစ်သည်ဟု အောက်မေ့မိလိမ့်မည်။ ထိုနောက်တွင် ဝေဝေသည် မိန်းမချောမိန်းမလှတွေ မိုက်မဲကြသလို မိုက်မဲသည်ကို တွေ့ရလိမ့်မည်။ မိန်းမချောမိန်းမလှတွေတွင် အေးစက်မာကျောသော နှလုံးသားရှိသလို ဝေဝေ့တွင်လည်း ကျောက်ခဲလို ဝေဒနာကင်းမဲ့သော နှလုံးသားကို တွေ့ရလိမ့်မည်။

မိန်းမလှတွေမှာ အလှကိုအားကိုး၍ ဝင့်ဝါကြသလို ဝေဝေတွင်

http://www.cherrythitsar.org



လည်း အလှကိုအားကိုးသည့် မာနရှိသည်ကို တွေ့ရလိမ့်မည်။ နောက်ဆုံးတွင် အလှကိုအားကိုးသော မိန်းမတို့သည် ထိုအလှဖြင့် လှည့်ဖျားသွားကြသကဲ့သို့ ဝေဝေသည် အလှဖြင့်သင့်ကို လှည့်ဖျားသွားလိမ့်မည်။ ဤအချက်များတွင် ဝေဝေသည် မိန်းမတွေတွင်ရှိတတ်သော အရည်အချင်းနှင့် အားလုံးပြည့်စုံသည်ဟု ကျွန်တော်ထင်၏။

သို့သော် ဝေဝေ့တွင် တခြားမိန်းမတွေနှင့် မတူသည့် အရည်အချင်းတစ်ရပ် ရှိသည်။ ထိုအရည်အချင်းကား သူနှင့်အကျွမ်းဝင်ပြီးသော ယောကျာ်းတစ်ယောက်အား နောက်တစ်ခါ မကြည့်ရဲအောင် လုပ်နိုင်သည့် အရည်အချင်းပင်ဖြစ်၏။

လွန်ခဲ့သည့် ၁၉၄၈ ခုနှစ်က ကျွန်တော်နှင့်ဝေဝေသည် တက္ကသိုလ်မှာ တွေ့ခဲ့ကြ၏။ တက္ကသိုလ်မှာတွေ့သည်ဟု ဆိုသော်လည်း ဝေဝေနှင့်ကျွန်တော်တို့ တွေ့ပုံမှာ နည်းနည်းဆန်း၏။ ဝေဝေက တက္ကသိုလ်ကျောင်းတော်သားများနှင့် အင်းလျားသို့ အရောက်အပေါက် များကြကုန်သော လေတပ်သားများ၏ပါးစပ်တွင် ကျော်ကြားလျက်ရှိသူ ပန်းလိပ်ပြာလေး၏ဘဝ။ ကျွန်တော့်မှာ အညတြ ကြေးစားတူရိယာသမားတစ်ယောက်၏ဘဝ။ ဤခြားနားလှသော ဘဝနှစ်ဘဝကို ပေါင်းကူးပေးသည်ကား နွေကျောင်းသူ၊ နွေကျောင်းသားများ ကပွဲပင်တည်း။

ကျွန်တော်တို့သည် ထိုစဉ်က 'တေးမြိုင်မြိုင်တူရိယာ'အဖွဲ့ကို ခေါင်းဆောင်ကာ ပြဇာတ်များတွင် စန္ဒယားတီးနေ၏။ တစ်ညတွင် ပြဇာတ်များ နားနေသည့်အခိုက်တွင် တက္ကသိုလ်နွေကျောင်းသူ ကျောင်းသားများအသင်းမှ ကျွန်တော်တို့အဖွဲ့ကို လာငှားလာ၏။

ကျောင်းသူတွေဆိုရမည့် သီချင်းကို တက္ကသိုလ်ရှိ တူရိယာအဖွဲ့တစ်ခုမှ ခေါင်းဆောင်တစ်ယောက်နှင့်ကျွန်တော် စပ်ကြခြင်းဖြစ်သည်။

http://www.cherrythitsar.org



ကျွန်တော်က 'ပန်းမြိတ်မာလာ' အခန်းအတွက် 'စံပယ်ပွင့်ဝေဝေ'သီချင်းကို စပ်ပေးလိုက်သည်။ စံပယ်ပွင့်ကလေးအဖြစ် ကပြရမည့်သူမှာ ဝေဝေဆိုသော ကျောင်းသူတစ်ယောက်ဖြစ်သည်ကို နောက်တွင် သိလာရသောအခါတွင် ကျွန်တော်သည် တိုက်ဆိုင်သည့် အဖြစ်ကိုကြည့်၍ ကိုယ့်ကိုယ်ကို အံ့သြရသေးသည်။

ကျွန်တော်က မရည်ရွယ်ဘဲ 'စံပယ်ပွင့်ဝေဝေ'ကို စပ်ပေးသည်။ ထိုသီချင်းကို ဝေဝေဆိုသော ကျောင်းသူတစ်ဦးက ဆိုဦးမည်ဆိုသောအခါတွင် ဝေဝေကို စူးစမ်းလိုသောစိတ်တို့သည် ကျွန်တော့်ရင်ထဲတွင် မျိုသိပ်မရနိုင်အောင် ပေါ်လွင်လာကြသည်။

တစ်နေ့မှာ ကျွန်တော်၏ 'စံပယ်ပွင့်ဝေဝေ'ကို ဝေဝေအား 'ကြောင်း'ပေးရသည်။ သည်တုန်းက ဝေဝေ၏ မျက်လုံးတို့သည် ပြုံးရီလျက်ရှိသည်ဟု ကျွန်တော်ထင်၏။ ဝေဝေ၏နှုတ်ခမ်းသည် ပြုံးလျက်ရှိသည်ဟု ကျွန်တော်ထင်၏။ ဝေဝေ၏ မျက်နှာသည် ပြုံးလျက်ရှိသည်ဟု ကျွန်တော်ထင်၏။

ကျွန်တော်တို့ သီချင်းတိုက်ရသည့်နေ့ကား ဆရာဖြစ်သင်ကောလိပ်ခန်းမဆောင်တွင်ဖြစ်၏။ ကျွန်တော်က စန္ဒရားတီးစဉ် ဝေဝေသည် ကျွန်တော့်ဘေးတွင်ထိုင်ကာ ချိုမြကြည်လင်သည့် အသံဖြင့် 'စံပယ်ပွင့်ဝေဝေ'ကို ဆိုတတ်၏။ ဝေဝေ့ကိုယ်မှ မွှေးပျံ့သည့်ရနံ့တို့သည် ကျွန်တော့်ဘက်သို့ ပျံ့၍ ပျံ့၍လာကြ၏။

"ဝေ… အဲဒီနားက အလှည့်ကောင်းကောင်း မရဘူး"

ဝေဝေက 'တေးပဉ္စင်၊ ယဉ်ယဉ်ကျူးတော့၊ ပွင့်ဖူးတဲ့ စံပယ်ဖြူဟာလေ… ' ဆိုသည့် အပိုဒ်အလှည့်ကို မကျနိုင်ဘဲဖြစ်နေသဖြင့် ထပ်ခါထပ်ခါ 'ကြောင်း' ပေးရသေးသည်။

http://www.cherrythitsar.org



ပြဇာတ်ကသည့်အခါတွင်မူကား ဝေဝေသည် ကျွန်တော့်အိမ်ကို သူ့ကား နှင့်ပြန်ပို့ပေးသည်အထိ ရင်းနှီးနေပေပြီ။ ည ၁၁ နာရီလောက်တွင် ပြဇာတ်ပြီးရာ ကျွန်တော့်အိမ်မှာ ကျောက်မြောင်းတွင်ရှိ၍ ဦးထွန်းမြတ် လမ်းသို့ ပြန်မည်ဖြစ်သော ဝေဝေ၏ကားဖြင့် ကျွန်တော့်ကို ပြန်၍ ပို့တတ်သည်။ ကျွန်တော်နှင့်အတူ ကျောင်းသားထဲမှ တယောထိုးသည့် ကိုအောင်မြင့်ကိုလည်း ဝေဝေသည် ပြန်ပို့တတ်သည်။

ပြဇာတ်ပြီးသည့်နောက်တွင် ဝေဝေသည် ကျွန်တော့်ကို ကားဖြင့် အခေါ်လွှတ်ကာ သီချင်းတိုက်တတ်သည်။ ဝေဝေ၏ဖခင်ကြီးမှာ အငြိမ်းစား ရာဇဝတ် ဝန်ထောက်တစ်ဦးဖြစ်၍ သမီးတစ်ယောက်သာရှိ၍ သမီးကို အလိုလိုက်ဟန် တူသည်ဟုထင်၏။

တစ်ခါတွင် ကျွန်တော်က 'ချစ်သမျှကို'ပတ်ပျိုးဖြင့် စန္ဒရားတွင် ထိုင်၍ ဆိုတီးတီးလိုက်ပြီး၊ 'လူပျိုစကား'ပြောခဲ့သည်။ သည်တုန်းက ဝေဝေသည် အင်မတန်ပါးနပ်လွန်းသည်ဟု ကျွန်တော်ထင်၏။ အဘယ် ကြောင့်ဆိုသော် နောက်တစ်ခါ ကျွန်တော်နှင့်ဝေဝေတို့ တွေ့ကြသည့် အခါတွင်မူ ဝေဝေသည် ကျွန်တော့်ကို 'နှစ်ကိုယ်သစ္စာ'ပတ်ပျိုးကို ပြန်၍ ဆိုတီးတီး၏။ ဝေဝေ၏မျက်လုံးတို့သည် အချစ်ရည်ဖြင့် ရွှန်းလဲ့သည်ဟု ကျွန်တော်ထင်၏။ ဝေဝေ၏အပြုံးသည် အချစ်ကြောင့် ခါတိုင်းထက် ချိုပြုံးသည်ဟု ကျွန်တော်ထင်၏။

ဝေတော့လေ 'နှစ်ကိုယ်သစ္စာပတ်ပျိုးထဲမှာ'ဟ… 'မသွေတမ်း နော်… ရွှေကျမ်းကိုရွက်ပါမယ်တဲ့ ရွက်ပါ့မယ်တဲ့ ပျို့သက်လယ်ရယ်' ဆိုတဲ့နေရာကို အကြိုက်ဆုံးပဲ၊ စာသားကလည်း သွက်တယ်၊ တေးသံ ကလည်း မြူးပြီး… သစ္စာထားသံလေး ပါတယ်'

ဝေဝေသည် သီချင်းဆိုပြီးနောက် စန္ဒရားခုံပေါ်တွင် လက်ကို

http://www.cherrythitsar.org



ကွေးယှက်၍ထားကာ မေးတင်ထား၏။ ကျွန်တော်က ဝေဝေနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင်ထိုင်ကာ စန္ဒရားကို စမ်းနေမိသည်။

ဘယ်လောက် စိတ်ကူးယဉ်စရာကောင်းပါသလဲ၊ ဝင်းပနေသော ဝေဝေ၏မျက်နှာသည် မှိုင်းညို့နေသည့် သပြေရောင်စန္ဒရားတွင် လာ၍ ထင်နေသည်။ စန္ဒရားခုံပေါ်တွင် တင်ထားသော ပန်းစိုက်အိုးမှ သစ္စာပန်းသည် ဝေဝေ၏မျက်နှာကို တစ်ခါတစ်ခါ ကွယ်ထားသည်။

'ဝေဖြင့်လေ... တစ်ခါတစ်ခါ စိတ်ရှိလက်ရှိ တီးပြီး၊ အားပါးတရ ဆိုပစ်လိုက်တာပဲ၊ တီးလည်းပြီးရော ကိုယ့်ကိုယ်ကိုတောင် မေ့နေမိတယ်။ တစ်ခါတလေ စန္ဒရားပေါ်မှာ စမ်းနေပေမယ့် ဘယ်တီးလုံးတွေစမ်းနေမိမှန်း မသိဘူး။ တီးကွက်တွေသာ အလိုလိုပေါ်လာတယ်။ နောက်တစ်ခါ ဒီတီးလုံးကို ပြန်တီးချင်လို့ စမ်းတော့... မပေါ်လာတော့ဘူး'

'ကျွန်တော်တို့တော့ ဒါမျိုးတွေ မရှိတော့ပါဘူးဝေ' တကယ်ပင် ကျွန်တော်လက်တွင် စိတ်စေ့ဆော်မှုကြောင့် ခုန်ပျံထွက်လာကြသည့် တေးဂီတတို့ မရှိတော့ပြီ။ ပြဇာတ်များတွင် တီးသည့်အချိန်ကစ၍ (အိုဗာချား) ပဏာမ တစ်မိနစ်မျှ၊ ဆက်တင်ပြောင်းတုန်းမှာ မိနစ်မည်မျှဟူ၍ တိုင်းဆကာ ရပြီးသားတီးကွက်ကလေးတွေကို အချိန်နှင့်တိုင်း၍ ကသောကမျော တီးရသည်။ စန္ဒရားကို ပြဇာတ်တွင် တီးသည့်အချိန်မှစ၍ စိတ်ပါလက်ပါ တီးသည်ဟူ၍ မှတ်မှတ်ရရ တစ်ခါမျှမရှိသေးပေ။

'ဝေဖြင့်လေ... တစ်ခါတလေ တီးရလို့လားမသိဘူး။ တီးရတဲ့အခါ မှာ တော်တော်စိတ်ပါတယ်၊ စိတ်ထဲမှာပေါ့သွားတယ်'

ဝေသည် စိတ်ပါလက်ပါပြောနေ၏။ ကျွန်တော်သည် ဝေ၏ အနုပညာကို တွေးတောမှန်းဆ၍ နေမိလေ၏။

ဝေဝေ၏ မျက်လုံးအကြည့်တွင် လူတစ်ယောက် ရူးမူးစေနိုင်

http://www.cherrythitsar.org



သော သတ္တိရှိသည်ကို ကျွန်တော်သိပါ၏။ ဝေ၏အပြုံးတွင် အညို့ရှိသည်ကို ကျွန်တော်သိပါ၏။ သို့ရာတွင် ဝေ၏ထိုအကြည့်နှင့် အညို့ဓာတ်ပါသောမျက်လုံးနှင့် တွေ့သည့်အခါတွင်မူကား ကျွန်တော်သည် သားရဲရှေ့တွင် ရောက်သော သမင်ငယ်လို ဖြစ်ရပေသည်။

တစ်ညနေတွင် ဝေဝေသည် ကျွန်တော့်ကို ကားနှင့်လာခေါ်၏။ ခါတိုင်း ဒရိုင်ဘာနှင့်လာသောဝေသည် ဒီနေ့ညနေကျမှ ထူးထူးခြားခြား ကားကို ကိုယ်တိုင်မောင်းလာ၏။ ကျွန်တော်ကမူ ခါတိုင်းကဲ့သို့ပင် ဝေခေါ်ရာသို့ လိုက်သွားသည်။

ဝေသည် ကားကိုမောင်းရင်းက ကျွန်တော့်ဘက်သို့ လှည့်မကြည့်ဘဲ...

'ဒီနေ့ မေမေကဆူတာနဲ့ ဝေစိတ်ညစ်လို့ ထွက်လာတာ'ဟု ပြောသည်။ ဝေသည် မျက်လုံးကိုမှေးကာ ရှေ့စူးစူးသို့ ကြည့်လာသည်။

ကျွန်တော်ကမူ ဘာမျှမပြောဘဲ 'သြော်' ဟုသာဆိုကာ ဝေ၏ မာနခက်ထန်ပုံကိုသာ စဉ်းစားလာ၏။

'မေမေတို့ဟာ ဝေ့ကိုသိပ်ပြီး ဂီတဘက်လိုက်စားတာ အပြစ်ပြောတယ် သိလား။ စိတ်လေတယ်။ လူဗျောက်သောက်နဲ့ ပေါင်းတယ်နဲ့။ အို... စုံလို့ပဲ။ ဝေကဒီလို ချုပ်ချယ်တာမျိုးကို သိပ်ကြိုက်တာ မဟုတ်ဘူး'

ဝေသည် ကားကို တစ်မြို့လုံးအနှံ့ လျှောက်မောင်းသည်။နောက်ပြီး ဘိုင်စကုတ်ရုံတွေဘက်ဆီသို့ မောင်းကာ ဘိုင်စကုတ် ဝင်ကြည့် ကြသည်။

အပြန်တွင်မူ ဝေသည် ကျွန်တော့်ကို ကားမောင်းခိုင်းသဖြင့် ကျွန်တော်က ကားမောင်းလာသည်။ ဝေ၏ကိုယ်သည်ကျွန်တော့်ဘေးတွင် ပူးပူးကပ်ကပ် လာထိုင်၏။ ဝေ၏ကိုယ်မှ မွှေးကြိုင်သင်းပျံ့ သည့်ရနံ့နှင့် မိန်းမနံ့တို့ရောထားသည့် ယဉ်သလား-ရိုင်းသလား မဆိုနိုင်သော အနံ့

http://www.cherrythitsar.org



တစ်မျိုးသည် ကျွန်တော့်ဆီသို့ လွင့်လာကြသည်။

ဝေ၏ကိုယ်သည် ကျွန်တော်ကိုယ်ကို လာမှီသည်။ ထိုနောက်တွင်တော့ ကျွန်တော်သည် ဝေ၏ကိုယ်ကို ဘယ်လက်ဖြင့် ပွေ့ဖက်မိရာက ကျွန်တော်တို့နှစ်ယောက်သည် တစ်ယောက်ကိုတစ်ယောက် ထူးဆန်းစွာ တွေ့ရှိကြသည်။

ကိုယ့်အမှားကို ကိုယ်သတိရလာသည့်အခါတွင် 'ဩော်... လူတွေမိုက်မဲသလို မိုက်မဲကြတာပဲ။ ဒီထက်တော့မပိုပါဘူး' ဟုလူတွေသည် ကိုယ့်ကိုယ်ကို ခွင့်လွှတ်တတ်ကြသည့် သတ္တဝါတွေ ဖြစ်သည်။ အမှားကို အလွယ်တကူ ကျူးလွန်ကြ၍ အမှားကို အလွယ်တကူ ခွင့်လွှတ်တတ်ကြသည်။

ထိုသည့်နောက်တွင်ကား... ကျွန်တော်နှင့်ဝေဝေတို့ကောင်းကောင်း မတွေ့ကြရတော့ပေ။ ဝေဝေသည် တက္ကသိုလ်တွင် ဂုဏ်ထူးတန်းတက်ရန် နည်းပြဆရာလုပ်နေသည်ဟု ကြားရ၏။ ကျွန်တော်ကလည်း ဝေဝေကို မတွေ့လိုတော့။ ဝေဝေကလည်း ကျွန်တော့်ကို တွေ့ချင်တော့မည်မထင်။

၁၉၅၂ ခုနှစ်ကမူကား ဝေဝေနှင့်ကျွန်တော် ပြန်တွေ့ရပြန်၏။ သို့ရာတွင် ဝေဝေ၏ဘေးတွင် ထောင်ထောင်မောင်းမောင်း ယောကျ်ား တစ်ယောက် ပါလာ၏။

အစတုန်းကတော့ ကျွန်တော်၏ 'တေးမြိုင်မြိုင်' အဖွဲ့ကိုတက္ကသိုလ်ရှိ အသင်းတစ်သင်းက နိုင်ငံခြားသို့ ပညာတော်သင်သွားမည့်ဆရာနှင့် ဆရာမ ဇနီးမောင်နှံတို့အား နှုတ်ဆက်ပွဲတွင် လာတီးပေးပါ ဆိုသဖြင့် ခါတိုင်းလိုပင်

http://www.cherrythitsar.org



လိုက်သွား၏။

ဟိုရောက်တော့မှ နိုင်ငံခြားသို့သွားမည့် ဆရာနှင့်ဆရာမမှာ ဝေတို့ စုံတွဲဖြစ်သည်ကို သိရ၏။ ခန်းမတစ်ခုလုံးတွင် ဆရာဆရာမများ၊ ကျောင်းသားကျောင်းသူများဖြင့် ပြည့်နှက်လျက်ရှိ၏။

ချွေးနံ့၊ စီးကရက်နံ့တို့သည် မီးခိုးနှင့်အတူ အခန်းထဲတွင် လွင့်လျက်ရှိ၏။ စကားပြောသံတို့သည် တဝေါဝေါဖြင့် ညံလျက်ရှိသည်။

ထိုအခိုက်တွင် အသင်းအတွင်းရေးမှူးက ဆရာမ ''ဒေါ်ဝေဝေခင်အား 'စံပယ်ပွင့်ဝေဝေ'သီချင်းကို စန္ဒယားနှင့် ဆိုတီးတီးရန် တောင်းပန်နေကြပါတယ်ခင်ဗျာ။ ဒါကြောင့်မို့ ဆရာမ ဒေါ်ဝေဝေခင်က ကျေးဇူးပြုလိမ့်မယ် မျှော်လင့်ပါတယ်''ဟု ကျေညာ၏။ အားလုံးသော ကျောင်းသူကျောင်းသားတို့က တစ်ခဲနက် ဩဘာပေးကြသည်။

''ဆရာမဆိုပါ... ဆရာမဆိုပါ''ဟု နောက်ပိုင်းက ထပွက်သံကြီးကို ကြားရလေသည်။

ခက်ကပြီ၊ ကျွန်တော်သည် တစ်ခါတည်း အခန်းထဲမှ ပြေးထွက်သွားချင်၏။ မတွေ့လိုသူနှုတ်ဆက်ပွဲကို ကြုံကြုံဖန်ဖန် ရောက်လာရပြီး၊ တစ်ဖန် ကျွန်တော်စပ်သည့် 'စံပယ်ပွင့်ဝေဝေ'ကိုမှ ဆိုတီးတီးရဦးမည်ဟုဆိုသည်နှင့် ကြုံရပြန်သည်။

ဝေဝေသည် စန္ဒရားဆီသို့ ထလာ၏။ နောက်က ကျောင်းသူလေးနှစ်ယောက် ရောပါလာ၏။ ဝေဝေကို ဒီအကြိမ်ကြည့်ရသည်မှာ ခါတိုင်းထက် ပို၍လှသည်ဟု ကျွန်တော်ထင်၏။ ဗမာဆန်၏။

ပုခုံးပေါ်တွင် ပန်းနုရောင်ပဝါကို စုချထားကာ ဗမာဆန်ဆန်ဆံပင်ကို ရိုးရိုးလေး ဘီးဆံပတ် ပတ်ထားသဖြင့် ပုံ့ပြုံးသော နဖူးပြင်လေးမှာ ထင်းကနဲ ပေါ်နေ၏။ မျက်လုံးအစုံတို့သည် ခါတိုင်းလို တောက်ပ

http://www.cherrythitsar.org



လျက်ရှိ၏။

ကျွန်တော်သည် စန္ဒရားနှင့် ခပ်လှမ်းလှမ်းတွင်ထိုင်ရင်း ဝေဝေကို မြင်သောအခါတွင် အညှို့ခံရသည့် သားကောင်ဘဝသို့ ပြန်ရောက်သွား၏။ ဝေဝေသည် ကျွန်တော့်ကိုမြင်သောအခါတွင် ကြက်သေသေသလို ဖြစ်သွားသော်လည်း ခဏချင်းပြန်၍ ဣန္ဒြေဆည်ကာ စန္ဒရားတွင်ဝင်ထိုင်ရင်း စန္ဒရားလက်တန်တွေကို အစမှအဆုံး ဆွဲလိုက်ပြီးစမ်းနေ၏။ ဝေဝေ၏ ပြောသည့်စကားတွေကို သည်အခါကျမှ ကျွန်တော် သဘောပေါက်လာ၏။ ဝေဝေသည် စန္ဒရားကို အားပါးတရတီး၏။ တီးကွက်တွေကို စိတ်ပါလက်ပါ စမ်း၏။ ကျွန်တော့်နှလုံးခုန်သံသည် စန္ဒရားသံနှင့်အတူ ပြိုင်နေသည်ဟု ထင်မိ၏။

'အရိုင်းပန်းလေး တမွှေးမွှေးသင်းပျံ့ပေ၊
မိုးတိမ်တွေကွယ်ကာပျောက်တော့
သွေ့ခြောက်ခါ ဂုဏ်မဝင့်နိုင်ရှာတဲ့
စံပယ်ပွင့်ဝေဝေ'

ဝေဝေ၏အသံသည် ဘယ်တုန်းကမှ ဒီလောက်ကြေကွဲ ဝမ်းနည်းသံပါသည်ဟု ကျွန်တော်မထင်ခဲ့၊ ဝေဝေသည် 'စံပယ်ပွင့် ဝေဝေ'ဖြင့် တက္ကသိုလ် ဂီတလောကတွင် ထင်ရှားသူဖြစ်သည့်အတိုင်း 'စံပယ်ပွင့် ဝေဝေ'နှင့် ဝေဝေသည် ခွဲလို့မရအောင် ရှိခဲ့ဘူး၏။

ကျွန်တော်ကမူ သီချင်းဘယ်အချိန် ဆုံးသွားသည်ကိုပင် မသိလိုက်ဘဲ ငိုင်နေရင်းက တစ်ခါတုန်းက 'အရိုင်းပန်း'ကို ပြန်၍ တသက်သက် အောက်မေ့မိ၏။ စိတ်ထဲမှာရှိတာကို ဝေဝေ့ကို ဖွင့်ပြောလိုက်ချင်

http://www.cherrythitsar.org



သေး၏။

'သွားပေတော့ စံပယ်ရေ... သွားပေဦးတော့၊ ပြန်ကြုံတွေ့တဲ့ နောင်တစ်နေ့တိုင်အောင်လို့...'

**မြသန်းတင့်**

၁၉၅၂ ခုနှစ်

# တင့်ဇော်

၁၉၇၀ ခုနှစ်များတစ်ဝိုက်တွင် ရှုမဝရုပ်စုံမဂ္ဂဇင်း၌ လူငယ်မျိုးဆက်သစ် စာရေးဆရာများ ပေါ်ထွက်လာရာ ငြိမ်းကျော်၊ မောင်လွန်းကြင်၊ မောင်ခက်ပန်၊ မြတ်သစ်၊ စိုးမင်းဦး၊ တင့်ဇော် စသဖြင့် ထင်ရှားလာကြပါသည်။ ဝတ္ထုတိုရေအလျင်ကား အားကောင်းမောင်းသန်စီးဆင်းနေသော ကာလတစ်ရပ်ဖြစ်သည်။ စင်စစ် တင့်ဇော်သည် တိုင်းရင်းမေ၊ ယုဝတီ၊ ချို‌တေးသံ၊ ချိုတေးရှင် အစရှိသော မဂ္ဂဇင်းများတွင် 'ဟင်္သာမြေတင့်ဇော်' အမည်ဖြင့် ကဗျာများ စတင်ရေးသားခဲ့သူပင်။ နောင် ရှုမဝရုပ်စုံမဂ္ဂဇင်းတွင် သရုပ်မှန်ဝတ္ထုများ စတင်ရေးသားလာသည်။ သူ၏ 'ကိုးခန်းည' ဝတ္ထုတိုသည်ဝတ္ထုတိုလောကတွင်ပြောစမှတ်ပြုရသည်။ ဝတ္ထုတိုများအပြင် မဂ္ဂဇင်းဝတ္ထုရှည်၊ ဘာသာပြန်ဝတ္ထုတို နှင့် အခြားစာပေလက်ရာများ ရေးသားဖန်တီးခဲ့သည်။ သူ၏ 'ရာဘီမြစ်ကို ဖြတ်သန်းခြင်း' (အိန္ဒိယဝတ္ထုတိုစု) လုံးချင်းစာအုပ်လည်း ရေးသားထုတ်ဝေခဲ့ပြီးဖြစ်သည်။

ယခုဝတ္ထုတိုသည် စာပေသမားဘဝ၏ ဇာတ်လမ်းတစ်ပုဒ်ဖြစ်ပါသည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# ယီ

# တင့်ဇော်

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# ဏ

ဤစက်ရုံသို့ ကျွန်တော်ရောက်သွားသောအခါ သူနှင့် ဆုံမိတော့၏။ ကုန်ထုတ်လုပ်မှု အစုကြီး၏ ရက်ကန်းဌာနခွဲတွင် စာရေးဆရာတစ်ယောက် ရှိနေသည်ဟု သတင်းကြားရသည်။ ကျွန်တော်က စာတိုပေစ ရေးနေသူဖြစ်သဖြင့် စာရေးနေသူဆိုခြင်းကိုပင် သိမြင်ခင်မင်လိုသူဖြစ်သည်။ သူ့ကို ကျွန်တော်စုံစမ်းကြည့်မိ၏။ ထိုစဉ်က လွန်ခဲ့သောနှစ်ပေါင်း ၂၀ ကျော်ဝန်းကျင်က ကျွန်တော်ရောက်သွားသော စက်ရုံမှာ တစ်နေ့လျှင် အလုပ်ချိန်(၈)နာရီအဆိုင်းဖြင့် အဆိုင်း(၃)ဆိုင်း၊ အလှည့်(၃)လှည့်ဖြင့် ကုန်ထုတ်နေချိန် ဖြစ်သည်။ ညကြီးပိုင်း(၁၀)နာရီမှ နံနက်(၆)နာရီအလှည့်တွင် အလုပ်ကြပ်တာဝန်ထမ်းနေသော သူ့ကို မနက်(၉)နာရီမှ ညနေ(၄)နာရီ ရုံးချိန်တာဝန်ထမ်းနေသော ကျွန်တော်က ချက်ချင်း လူချင်းဆုံတွေ့နိုင်ခွင့် မရခဲ့ပေ။ အလုပ်ချိန် အလှည့်အပြောင်းကာလ တစ်လကျော်မှသာ သူ့ကိုမြင်တွေ့ဖူးတော့သည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org



“ကျွန်တော်လည်း ဆရာရောက်လာတယ်လို့ သတင်းကြားပါတယ်။ ဒါပေမယ့် ညကြီးပိုင်းဆင်းပြီး အလုပ်လုပ်နေရတာရယ်၊ အိမ်ပြန်ရောက်တော့လည်း အိမ်ကိစ္စတွေ ရှုပ်ထွေးနေလို့ ဆရာ့ဆီ လာမတွေ့နိုင်ခဲ့ဘူး။ ကျွန်တော်က ဒီစက်ရုံကို ဆရာ့ထက်စောပြီးရောက်နှင့် အလုပ်လုပ်နေနှင့်တော့ အိမ်ရှင်ဖြစ်နေပါပြီ။ ဆရာ့ကို နှုတ်ဆက်ရမှာ ကျွန်တော့်တာဝန်ပါ”

သူ့အသံက တိုးတိုးညင်သာ။ သူ့အမူအရာကအေးအေးဆေးဆေး။

“ကျွန်တော်က ရှာဖွေပြီး တွေ့သင့်တာပါ။ ခင်ဗျားအလှည့်လိုက်ဆင်းနေတာသိပေမယ့် ညဥ့်ကြီးဘက် ကျွန်တော်က မရောက်တော့ မတွေ့နိုင်တာ”

“ရပါတယ် ဆရာရယ်၊ ကျွန်တော်ပြောခဲ့ပြီးသားပဲ။ ကျွန်တော်က အိမ်ရှင်ပါလို့။ တက်လူကိုတောင် ပြောမိသေးတယ်၊ ဆရာရောက်နေတယ်လို့ သူက လုပ်သက်ခွင့်ယူထားလို့ပါ”

ထိုအခိုက်အတန့်မှာ ကျွန်တော်တို့စက်ရုံသည် လုပ်သားဝန်ထမ်း လေးထောင်နီးပါး ရှိသည့်အချိန်ဖြစ်သည်။ အလှည့်တစ်လှည့်ကို လုပ်သားတစ်ထောင်ကျော် အလုပ်ဆင်းသည်။ အလှည့်လိုက် အလုပ်ဆင်းချိန်တွင် တစ်ယောက်နှင့်တစ်ယောက် တွေ့ဖို့မလွယ်ချေ။ တစ်ခါတစ်ခါ အချိန်ပိုဆင်းရပြီဆိုလျှင် ပိုပြီးခက်ခဲသေးတော့၏။ စက်ရုံတစ်ရုံထဲတွင် အလုပ်လုပ်နေသော ဇနီးမောင်နှံနှစ်ယောက် တစ်ယောက်က အလုပ်ဆင်းချိန် အထွက်၊ တစ်ယောက်က အလုပ်ဝင်ချိန် အဝင်ဖြစ်လေရာ ကလေးရှိသော အိမ်ထောင်စုအဖို့ ကလေးက ကြားကာလ အိမ်စောင့်ဖြစ်ရသည့် မိသားစုတွေ အများကြီးရှိသည်။

“အေးဗျာ၊ သူ ခွင့်စေ့လို့ပြန်လာရင် တွေ့ကြရအောင်”

http://www.cherrythitsar.org



ကျွန်တော်ရောက်သွားသော စက်ရုံတွင် အမျိုးသားစာပေဆုရှင် နှစ်ဦး၊ စာပေဗိမာန်စာမူဆုရှင် သုံးဦး ရှိနေခဲ့ဖူးသည်။ စက်ရုံစာကြည့်တိုက်၏ စာကြည့်တိုက်မှူးများ ဖြစ်ခဲ့ကြသည်။ သူကတော့ စာပေဗိမာန်စာမူဆုရှင်။ ပြီးတော့ ရက်ကန်းဌာနက အလုပ်ကြပ် အတတ်ပညာရှင်တစ်ဦး။

ကာလအတန် ကြာသောအခါ စက်ရုံစာကြည့်တိုက်တွင် သူ့ကို စာကြည့်တိုက်မှူးအဖြစ် တာဝန်ပေးအပ်လိုက်သည်။

"စာကြည့်တိုက်မှာ စာအုပ်စာတမ်းတွေ စနစ်တကျ ဖြစ်ဖို့ရယ်၊ အလုပ်သမားတွေ တကယ်ဖတ်သင့်မှတ်သင့်တဲ့ စာအုပ်တွေ စုဆောင်းထိန်းသိမ်းဖို့နဲ့ အချိန်ရတဲ့အခိုက်မှာ စာကောင်းပေကောင်းရအောင် စာလေးဘာလေး ရေးနိုင်အောင်ပေါ့"

ကျွန်တော်က သူ့ကို စာတွေဆက်ရေးစေချင်သည်။ သူ့စာတွေက သဘာဝတရားတွေ၊ တောရိုင်းတိရစ္ဆာန်တွေကို လေ့လာဖော်ထုတ်မှုတွေများသည်။ ယင်းအကြောင်းအရာများကို ကျွန်တော်တို့စာပေနယ်တွင် ရှားရှားပါးပါးသာ တွေ့ရတတ်သည်။ သည်အကြောင်းအရာတွေကို ရှာဖွေရေးသားသူများမှာ လက်ချိုးရေတွက်လို့ပင် ရနိုင်လောက်သည်။ ကျွန်တော့်အထင်တွင် ၁၀ ဦးပင် ပြည့်မည်မထင်ပါ။ ဆရာဖိုးကျော့သည် သည်အကြောင်းအရာရေးသူများထဲတွင် အထင်ရှားဆုံး။ ဆရာဖိုးကျော့သည် သူ့သူငယ်ချင်း။ ပြီးတော့ သူ၏ စာပေဆရာ။

သို့သော် သူ စာတွေမရေးဖြစ်။ သူ့စာတွေကို မတွေ့ရ၊ တစ်ခါ

http://www.cherrythitsar.org



တစ်ခါ အလုပ်တက်လာလျှင် သားဖြစ်ဖြစ် သမီးဖြစ်ဖြစ် စက်ရုံသို့ ပါလာတတ်ပြီး သူ့မှာ လွယ်အိတ်ကြီးတစ်လုံးဖြင့် ဖိုသီဖတ်သီ ရှိလှသည်။

“အိမ်မှာ ဘယ်သူမှမရှိလို့ ခေါ်လာရတာပါ ဆရာ”

ကျွန်တော် သူ့ကို ဘာမျှပြန်မမေးမိ။ ကျွန်တော်က ဘဝပေါင်း ၄၀၀၀ နီးပါးနှင့် ထိတွေ့နေရသူ ဖြစ်သည်။ ပျော်စရာဘဝတွေရှိနေသူ၊ ကြည်နူးစရာဘဝတွေ ရှိနေသူ၊ လွမ်းမောစရာဘဝတွေ ရှိနေသူ၊နာကြည်း ဖွယ်ရာဘဝတွေ ရှိနေသူ။ လုပ်သားတွေ လုပ်သားတွေ။ မည်သည့် ဘဝမျိုးတွင် ရှိနေသည်ဖြစ်စေ တစ်ဝမ်းတစ်ခါးအတွက် လုပ်ငန်းခွင်သို့ ဝင်ရသူချည်းဖြစ်ပါသည်။ လုပ်ငန်းခွင်စည်းကမ်းတွေ ရှိသည်။ တာဝန် ဝတ္တရားတွေ ရှိသည်။ ဝန်ထမ်းအားလုံး စည်းတွေကမ်းတွေ ဘောင် တွေအတွင်းမှ ကိုယ့်နည်းကိုယ့်ဟန်ဖြင့် ဘဝကို ရုန်းကန်ရသူတွေချည်း။

စက်ရုံအနီး အုတ်ကျင်းရပ်ကွက်မှ ရွှေပြည်သာသို့ သူပြောင်း သွားသည်။ ထိုအခါ စက်ရုံသက်သာဆိုင်မှာ သူနှင့်ဆုံဖြစ်ပြန်သည်။

“စာဆက်ရေးလေဗျာ။ စာကြည့်တိုက်ကိုရောက်မှ ခင်ဗျား စာတစ်ပုဒ်တလေတောင် မဖတ်ရသေးဘူး”

ကျွန်တော်က အားမလိုအားမရ ပြောသောအခါ သူက ကျွန် တော့်ကို ပြုံးကြည့်သည်။ သူ့အပြုံးက ကြည်ကြည်လင်လင်မရှိ။ သူ့ မျက်နှာက တစ်စုံတစ်ခုကို ဖုံးကွယ်ထားသလို ရှိသည်။

“လူမှုရေးတွေနဲ့ ရှုပ်နေလို့ပါဆရာရယ်”

သူ့အဖြေက တိုတိုပင်။ သည်စကားပြောပြီးသည်နှင့် သူ့မျက် နှာ ညှိုးသွားပြန်သည်။ သည်တော့ ကျွန်တော်ဘာမှ ဆက်မမေးမိတော့။ မေးရမည်ကိုပင်ကျွန်တော် စိတ်ထဲမှာ မဝံ့မရဲ။

“ဆရာ တပည့်ကို အားပေးဦးလေ”

http://www.cherrythitsar.org



စက်ပစ္စည်းစာရင်းဇယားများဖြင့် အလုပ်ရှုပ်နေချိန် သူ့အသံကို ကြားရသဖြင့် ကျွန်တော် မော့ကြည့်လိုက်သည်။ ကျွန်တော့်ရှေ့စားပွဲခုံပေါ်တွင် ထီလက်မှတ်တွေ အစီအရီဖြန့်ခင်းပြီး ပြနေသည်။

''အားပေးဦးလေ ဆရာ။ ဒါမှ ဆရာ့တပည့် အဆင်ပြေမှာပေါ့''

ကျွန်တော် သူ့ကို ဘာမျှပြန်မမေးမိ။ သူ့ကို ငေးကြည့်နေမိသည်။ ကျွန်တော့်မျက်စေ့ထဲမှာ ထီလက်မှတ်တွေ မမြင်မိ။ ကျွန်တော်မြင်ယောင်နေသည်က သူ၏ လက်ရေးမူများ။

''ကျွန်တော်က ဝတ္ထုစာမူ လာဖတ်ခိုင်းတာမှတ်လို့ဗျာ။ ခုတော့''

''လောလောဆယ် စာမရေးနိုင်သေးပါဘူး။ ဆရာရယ်။ ဒီကော်မရှင်ရတဲ့ အလုပ်ကလေး ဝမ်းရေးပြေလည်တာလေးမျိုး စမ်းလုပ်ကြည့်ရတာပါ''

ကျွန်တော် မျှော်လင့်ထားသည်က စာမူတွေ။ ကျွန်တော့်ရှေ့မှာ ယပ်တောင်လို ဖြန့်ခင်းထားသည်က ထီလက်မှတ်တွေ။

''ဘာနံပါတ်ယူမလဲ ဆရာ''

''ပေးချင်တာသာ ပေးပါဗျာ။ ပေါက်ချင်ရင် ပေါက်မှာပဲ။ ကံပေးသမျှ ရတဲ့သူတွေပဲ''

''ဟုတ်တာပေါ့ ဆရာရယ်။ ဘဝကံက တစ်သိန်းပဲတန်ရင် တစ်သိန်းပဲ ရမှာပဲ။ ဆယ်သိန်းတန်ရင် ဆယ်သိန်းမပြည့်မချင်းရမှာပဲ။ အဲ ဆယ်သိန်းရှိနေတဲ့သူက တစ်သိန်းပဲ ကံတရားအရ ရနိုင်မယ်ဆိုရင် ကျန်တဲ့ ကိုးသိန်းက ထွက်ပေါက်ရှာသွားမှာပဲဆိုတာကျွန်တော်သိပါတယ်။ ကျွန်တော် ချမ်းသာဖို့ မမျှော်လင့်ပါဘူး။ ကလေး လေးယောက်နဲ့ ကျွန်တော့်မိန်းမ ဆေးဖိုးဝါးခရပြီး အိမ်ထောင်စု ဝမ်းဝရင် တော်ပါပြီ''

http://www.cherrythitsar.org



ပြောပြောဆိုဆို ကျွန်တော့ကို ထီလက်မှတ်တွေ ရွေးပေးသည်။ ကျွန်တော်က ငွေချေလိုက်သောအခါ ထီလက်မှတ်ကလေးများကို လက်နှစ်ဖက်ဖြင့်ဆုပ်ပြီး သူ့နဖူးနှင့် ထိပွတ်၍ –

''ဆရာ ထီဆုကြီး ပေါက်ပါစေ။ မဂ္ဂဇင်းတိုက် တစ်တိုက် ထောင်နိုင်ပါစေ'' ဟု ဆုတောင်းပြီးမှ ကျွန်တော့်ကို ကမ်းပေးသည်။

''ဒီနေ့ ကျွန်တော် ထီစ,ရောင်းတာပါ ဆရာ။ တစ်ခြား ဌာနတွေလည်း လိုက်ရောင်းဦးမယ်။ ခွင့်ပြုပါဦးဆရာ။ ကျေးဇူးတင်ပါတယ် ဆရာ''

ကျွန်တော့်စားပွဲပေါ်မှာ ဖြန့်ခင်းထားသော ထီလက်မှတ်များကို သိမ်းယူ၍ ကျွန်တော့်အခန်းမှ သူ ပြန်ထွက်သွားသည်။ သူ့ နောက်ကျောကို ကျွန်တော် ငေးကြည့်နေမိသည်။

စာရေးဆရာလက်က ထီလက်မှတ်တွေ ရွေးနေပါပေါ့လား။

သူ့ထံမှ ထီလက်မှတ်များကို ထိုအချိန်မှစ၍ ရံဖန်ရန်ခါ ဝယ်ယူအားပေးခဲ့သည့် နှစ်ကာလအတိုင်းအတာမှာ ၁၀ နှစ်နီးပါးပင် ရှိခဲ့ပြီ။ ကျွန်တော် တစ်ခါမျှ ထီမပေါက်သေးပါ။ သို့ဖြစ်၍ မဂ္ဂဇင်းတိုက် လည်း မထောင်နိုင်သေးပါ။ ကျွန်တော့်စက်ရုံမှ ဝန်ထမ်းများကတော့ သောင်းဂဏန်းလောက်တော့ ထီပေါက်ဖူးကြသည်။

ဟိုတုန်းက စက်ရုံထဲရှိ ဌာနခွဲအသီးသီးသို့ ထီလိုက်ရောင်းနေရာမှ ယခု ကြည့်မြင်တိုင်၊ အုတ်ကျင်း၊ အင်းစိန်၊ ရွှေပြည်သာမြို့နယ် ရပ်ကွက်များကို စက်ဘီးတစ်စီးနင်း၍ ရုံးဆင်းချိန်၊ ရုံးချိန်ပြင်ပများတွင်

http://www.cherrythitsar.org



ထီလက်မှတ်များ လိုက်လံရောင်းချနေသည်ကို တွေ့ရသည်။ ကျွန်တော် ထီထိုးတိုင်းလည်း ဆုတောင်းပေးမြဲ။ သည်တစ်ခါတော့ သူ့ဆုတောင်းက ပြောင်းသွားသည်။

“ဆရာ ထီပေါက်ပါစေ။ ဆုကြီးပေါက်ပါစေ။ ပစ်ကပ်ကားတစ်စီး ဝယ်ပြီး ကျွန်တော့်ကို ကားတစ်စီးနဲ့ ထီရောင်းနိုင်အောင် ကူညီပံ့ပိုး နိုင်ပါစေ”

သူ့ဆုတောင်းကို ကြားရသောအခါ ကျွန်တော့်စိတ်ထဲမှာ ကြေကွဲသွားမိတော့သည်။ ကျွန်တော်သာ မဂ္ဂဇင်းတိုက်ထောင်၍ မဂ္ဂဇင်း ထုတ်နိုင်လျှင် သူ စာရေးနိုင်ပေဦးမည်။ ကျွန်တော် ထီလက်မှတ်ရောင်း သောကားကိုထောင်ပေးလိုက်လျှင်…။ သူ၏အတွေး သူ၏အရေး သူ၏လက်ကို ကျွန်တော် နှမြောစိတ်ဖြင့် ကြေကွဲသွားရသည်။

ရက်ကန်းစက်များကို ပြင်ဆင်သောသူ၏ လက်များသည် စာအုပ်ဟောင်းများကိုလည်း သေသပ်အောင် ချုပ်နိုင်သည်ကိုလည်း တွေ့ရသည်။ စာကြည့်တိုက်အတွက် စာကောင်းပေမွန်တွေ စီစဉ်ပေးနိုင် သည်ကို မြင်ရသည်။ လုပ်ငန်းဝတ္တရားတွေသာ ပြောင်းလဲသွားသည်။ သူ့ဘဝက မပြောင်းလဲနိုင်သေး။

သူသည် ငယ်စဉ်က ကြည့်မြင်တိုင်ဘက်တွင် ကြီးပြင်းခဲ့သူ ဖြစ်သည်။ သူ့ဖခင် ရဲဝန်ထမ်းအဖြစ် အမှုထမ်းခဲ့စဉ် အတွေ့အကြုံ စွန့်စားခန်း တိရစ္ဆာန်ရိုင်းများနှင့် သဘာဝတရားများအား ပြောပြသည်ကို မှတ်သားခဲ့သည်။ သည်လိုနှင့် အသက် ၂၀ အရွယ်ဝန်းကျင်မှာ ဝတ္ထု လေးတွေ စမ်းသပ်ရေးခဲ့သည်။ ဆရာဖိုးကျော့၊ ဆရာငွေကြည်တို့နှင့် ငယ်သူငယ်ချင်းများ ဖြစ်သည်။ ကြည့်မြင်တိုင်မှ လှိုင်မြို့နယ်၊ အုတ်ကျင်း ရပ်ကွက်သို့ ပြောင်းရွှေ့ခဲ့ပြီး ကျွန်တော်မရောက်မီ ထိုစက်ရုံသို့ ရောက်

http://www.cherrythitsar.org



လာခဲ့သည်။

"ကျွန်တော်လက်ထပ်တဲ့မိန်းမက အဖေအမေပေးစားတဲ့ မိန်းမ ပါဆရာ။ ကျွန်တော် တကယ်ရည်ရွယ်ချစ်ခဲ့ဖူးတာက တစ်ယောက်ပါ။ မိဘစကား နားထောင်ပြီး သံပြားကျောက်ဆောင် ကျိုးသော်ပြောင်ဆို ပြီး ကျွန်တော်နားထောင်ခဲ့တာ"

သူ့မှာ ကလေးလေးယောက်ရှိသည်။ အငယ်ဆုံးကို မွေးပြီး ချိန်တွင် သူ့ဇနီးခမျာ ဝေဒနာအပြင်းအထန် ခံစားလိုက်ရသည်။ ကလေး လေးယောက်နှင့် ကသီလင်တဖြစ်နေချိန် အခိုက်အတန့်မှာ ကျွန်တော် သူ့ကို သိကျွမ်းခင်မင်ရခြင်းဖြစ်ကြောင်း တွေးမိလိုက်ပါသည်။ ဝေဒနာ သည် ဇနီးဖြစ်သူက အိမ်ထောင်လုံးဝ မထိန်းနိုင်။ ယုတ်စွအဆုံး ထမင်း ဟင်းပင် မချက်နိုင်ကြောင်း ကျွန်တော်သိခွင့်ရလာသောအခါ သူ့ရင်ထဲမှ ဝတ္ထုတွေ၊ သူရေးနေကျစွန့်စားခန်း သဘာဝဝတ္ထုမျိုးတွေ။ သည်ဝတ္ထု တွေနဲ့ ဆန့်ကျင်ဘက် ရင်ထဲမှာ သီးခြားဝတ္ထုဇာတ်လမ်းတွေ သူ ဘယ်လိုရေးချင်ပါ့မလဲ။

မနေ့ကတော့ မှတ်မှတ်ရရ သူနှင့်စကားပြောမိသည်။ ထုံးစံ အတိုင်း စာအကြောင်း ပေအကြောင်း။

"ကျွန်တော့်ဝတ္ထုတိုတွေ မှတ်မှတ်ရရ စာအုပ်ထုတ်ချင်တယ်။ ထုတ်ခွင့်တော့ကျပြီ။ ဒါပေမယ့် မထုတ်ဖြစ်သေးဘူးဆရာရယ်။ ကြိုးစား ကြည့်ဦးမယ်"

ဟိုတုန်းက ရေးခဲ့သည့်ဝတ္ထုစာမူတစ်ချို့ကို ပြန်လည်စုစည်း ထားသည့် ဖိုင်တွဲကြီးကိုပြပြီး ကျွန်တော့်ကို သူပြောပြသည်။ ပြီးတော့-

"ကျွန်တော့်မှာ အဲဒီစာမူ တစ်ထပ်ရယ်၊ ကလေးလေးယောက် ကလေးတစ်အုပ်ပေါ့ ဆရာရယ်။ ပြီးတော့ မြောက်ဒဂုံမှာ မြေတစ်ကွက်

http://www.cherrythitsar.org



ရယ်။ အိမ်တစ်စုပ်ရယ်၊ အရောင်တစ်ကူးရယ် ဒီဘဝမှာ စုမိသေးတယ် ဆရာ''

ကျွန်တော် သူပြောသည့် နောက်ဆုံးစကားပိုဒ်ကို နားမလည်။

''ဘာ အရောင်တစ်ကူး''

''ဟုတ်တယ်ဆရာ။ ကျွန်တော့မိန်းမပြောတာလေ။ ကျွန်တော့် မိန်းမက အငယ်ဆုံးကလေး မွေးပြီးကတည်းက မီးတွင်းထဲမှာ ရူးသွားတာ ခုဆို သမီးက နဝမတန်းရောက်နေပြီ''

ကျွန်တော် သူ့ကို ငေးကြည့်လိုက်မိသည်။ သူ့ဇနီးက ဝေဒနာ သည်ဆိုသည်ကိုသာ သိခဲ့ရသည်။ တိတိကျကျ ဘာဝေဒနာလည်း မသိခဲ့။ ယခုတော့။

ကျွန်တော် ရုံးပြန်သောအခါ အုတ်ကျင်းဘူတာရုံလမ်းပေါ်တွင် သူ့စက်ဘီးကို လှမ်းတွေ့လိုက်ရသည်။ သူများတကာတွေလို သူ ထီ ရောင်းသည့် စက်ဘီးကလေးသည် နာမည်တံဆိပ်လေးနှင့်။

''သုခချမ်းသာ' ဆိုပါလား။

**တင့်ဇော်**

၂၀၀၃ ခုနှစ်၊ အောက်တိုဘာလထုတ်၊ မဟေသီမဂ္ဂဇင်းအမှတ်–၂၂၆

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# ဖေမြင့်

၁၉၈၀ ခုနှစ်ပတ်ဝန်းကျင်၊ သဘင်မဂ္ဂဇင်းတွင် '**သိဒ္ဓတ္ထ ဖြစ်ချင်သူ**' ဝတ္ထုတိုဖြင့် မြန်မာစာပေလောကတွင် ဝတ္ထုတိုဆရာတစ်ဦး အဖြစ် ထင်ရှားခဲ့သည်။ ယခင်ကလည်း '**အာသာဟောလီ**' ၏ '**ဆေးရုံ**'၊ '**ချက်ကော့**'၏ '**လူနာဆောင်အမှတ်ခြောက်**' လုံးချင်းဝတ္ထုများ ဖြင့် '**ဖေမြင့်**' ကလောင်အမည်မှာ ထင်ရှားခဲ့လေသည်။ ဝတ္ထုတိုလုံးချင်း စာအုပ်နှစ်အုပ်('**လူသုံးပစ္စည်းရောင်းသူများနှင့် အခြားဝတ္ထုတိုများ**' နှင့် '**မရဏာနုဿတိနှင့် အခြားဝတ္ထုတိုများ**') နှင့် ဝတ္ထုလတ် လုံးချင်းစာအုပ် (**ကျွန်းနှင့် အခြားဝတ္ထုများ**) ရေးသားထုတ်ဝေခဲ့ရာ ပထမစာအုပ်မှာပင် '၁၉၉၅ ခုနှစ် အမျိုးသားစာပေဝတ္ထုတိုပေါင်းချုပ်ဆု' ရရှိခဲ့သည်။ ထို့ပြင် ဝတ္ထုတိုပြိုင်ပွဲတွင်လည်း '**လူသုံးကုန်ပစ္စည်း ရောင်းသူများ**'ဝတ္ထုတို ဖြင့်ပင် ဆု ထပ်မံရရှိခဲ့ပါသည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org



# ညောင်ပင်အို ကုက္ကိုမျိုးခြင်း

## ဖေမြင့်

http://www.cherrythitsar.org



# ညောင်ပင်အို ကုက္ကိုမျိုခြင်း

ပစ္စည်းတွေက အတော်ပင်များသည်။ လက်ကောက်၊ ဆွဲကြိုး၊ ပုတီး၊ နားတောင်း၊ လက်စွပ်၊ ခြေချင်း၊ ဘီး၊ ရင်ထိုး စသည်ဖြင့် လူတွေ အမြတ်တနိုး ဝတ်စားဆင်တတ်သည့် စိန်ရွှေလက်ဝတ်ရတနာ ပစ္စည်းမျိုးစုံ ဖြစ်သည်။ တစ်မျိုးတစ်မျိုးလျှင် ဒါဇင်နှင့်ချီ၍ ရှိလိမ့်မည်။

ဦးထွန်းအောင်မှာ သားသမီးမရှိပါ။ ဇနီးဒေါ်အေးမြ တစ်ယောက်တည်း သည်လောက် ပစ္စည်းအမြောက်အများကို ဝတ်စားမနေနိုင်ပါ။ အသက်အရွယ်ကလည်း သိပ်ဝတ်စားစရာ လိုတော့သည့် အရွယ်မဟုတ်။ ပြီး ပြည်တောင်းနှင့်အပြည့်ရှိဟု တစ်မြို့လုံး ပြောနေကျဖြစ်သည်။

ယခု အိမ်ရှေ့အိမ်နောက် တံခါးတွေပိတ်၊ အိပ်ခန်းတံခါးပါပိတ် ပြီး ပစ္စည်းတွေ ပြန်ကြည့်နေခြင်းမှာလည်း ပွဲနေပွဲထိုင်သွားစရာရှိ၍ ဒေါ်အေးမြအတွက် စဉ်းစားရွေးချယ်နေခြင်း မဟုတ်။ တစ်ပတ်တစ်ခါ ဆိုသလို ယခုကဲ့သို့ ခင်းကျင်းကြခြင်းမှာ ဦးထွန်းအောင်တို့ လင်မယား တော်ရုံတန်ရုံ ရွှေပန်းတိမ် လေးငါးဆိုင် ဖွင့်နိုင်လောက်သည်။ သို့သော် ရွှေပန်းတိမ် ပစ္စည်းများလောက်ကား အရောင်မလက်။

အခန်းထဲမှာ နည်းနည်းမှောင်တာကြောင့် ဖြစ်နိုင်သည်။ ပြီး

http://www.cherrythitsar.org



သူ့ရွှေတွေက များသောအားဖြင့် ရွှေအိုတွေဖြစ်သည်။ ဝတ်စားဆင်ယင်ခြင်းမခံရတာ ကြာပြီဖြစ်သော ရွှေများ၊ နေရောင်ခြည်မမြင်ရသော ရွှေများဖြစ်သည်။ သို့သော် အိုသည်ဆိုဆို၊ ပျိုသည်ဆိုဆို ရွှေမှန်လျှင် အဖိုးတန်သည်ချည်း ဖြစ်သည်။ ပြီး ရွှေအိုကြားက စိန်ရောင်တဖိတ်ဖိတ်များကလည်း အားလုံး၏တန်ဖိုးကို အာမခံချက် ပေးနေသလိုရှိသည်။

ပစ္စည်းတွေအားလုံး လွတ်လွတ်လပ်လပ်တွေချည်းတော့မဟုတ်။ အချို့ပစ္စည်းလေးတွေက အနှောင်အတည်းကလေးတွေနှင့် ဖြစ်သည်။ လေယာဉ်စီးခရီးသည်၏ ပစ္စည်းများမှာလို လေဘယ်လ်ကဒ်ပြားလေးတွေ တွဲထားသော ပစ္စည်းအတော်များများရှိသည်။ ဒါကလည်း ဦးထွန်းအောင် လေယာဉ်စီးခရီးသွားရာက ရလာသော စိတ်ကူးဖြစ်သည်။ ကတ်ပြားများမှာ မူလပိုင်ရှင်နာမည်များ ရေးထိုးထားသည်။ သည်ပစ္စည်းအသီးသီးနှင့် ပတ်သက်၍ မူလပိုင်ရှင်နှင့် လက်ရှိယာယီ ပိုင်ဆိုင်နေသူ သို့မဟုတ် နောင်အစဉ်ပိုင်ဆိုင်မည့်သူဟု ဆိုရမည့် မိမိတို့အကြားဆက်သွယ် လုပ်ကိုင်ထားသည့်ကိစ္စနှင့် သက်ဆိုင်သောနေ့စွဲများ၊ ကိန်းဂဏာန်းများ၊ မှတ်ချက်များကိုမူ ဦးထွန်းအောင် နံဘေးမှာချထားသည့် ဒိုင်ယာရီ စာအုပ်ဟောင်းကြီးထဲတွင် အပြည့်အစုံမှတ်သားထားလေ့ရှိသည်။ သည်စာအုပ်ထက်ဟောင်းသည့် ဒိုင်ယာရီစာအုပ်ဟောင်း လေးငါးအုပ်သေတ္တာထဲတွင် ရှိနေသေးသည်။ သူတို့က မှတ်တမ်းဟောင်းတွေ ဖြစ်သွားပြီ။ ကတ်ပြားဖြုတ်ပြီးသော ပစ္စည်းတွေအကြောင်း၊ ရာဇဝင်ဟောင်း၊ ဇာတ်လမ်း ဟောင်းတွေဖြစ်သည်။ အတိုးရောအရင်းပါ ကျေလည်အောင်ပေးပြီးရွေးသွားသဖြင့် စိတ်မကောင်းစွာ လက်လွှတ်လိုက်ရသော ပစ္စည်းများအကြောင်းတော့လည်း မလွဲမရှောင်သာ ပါချေသည်။

ကိုယ်ပိုင်ပစ္စည်းတွေ ဦးထွန်းအောင်နှင့် ဒေါ်အေးမြ စာရင်းညှိ

http://www.cherrythitsar.org



နှိုင်းစစ်ဆေးကြပါသည်။ ပြီး နောင်ကြိုးတန်းလန်းနှင့် ပစ္စည်းများ၊ အတိုး အရင်း ကိန်းဂဏန်းများနှင့် အပ်နှံသူများအကြောင်း တိုင်ပင်တွက်ချက်ကြသည်။ ထို့နောက် ပစ္စည်းများကို ကျကျနနထုတ်ပိုးပြီး မီးအာမခံ သေတ္တာဟောင်းကြီးထဲ စနစ်တကျ ခွဲထည့်သည်။ သော့တွဲကိုယ်စီ သိမ်းဆည်းပြီးနောက် အစီအစဉ် ပြီးဆုံးလေသည်။

အညောင်းအညာဆန့်ပြီး ဦးထွန်းအောင် အိမ်ရှေ့ဝရန်တာဘက် ထွက်လာသည်။ သူ့ခေါင်းထဲတွင်ကား သေတ္တာထဲမှ ပစ္စည်းပစ္စယများ၊ စာရင်းဇယားများ ကပ်ပါလာဆဲဖြစ်သည်။ စင်စစ် သည်စာရင်းများက သူ့ခေါင်းထဲမှာ အမြဲရှိနေသည်ဟု ဆိုရပေလိမ့်မည်။ သူ့အလုပ်က စာရင်း တွက်သောအလုပ်။ အိမ်ရှေ့ လူတစ်ယောက် ဖြတ်သွားလျှင် စာရင်း တွက်ရသည်။ တစ်စုံတစ်ယောက်အကြောင်း တစ်ခုခုပြောသံဆိုသံ ကြား ရလျှင် စာရင်းတွက်ရသည်။ တကယ်လည်း သေသေချာချာ စဉ်းစား ကြည့်လျှင် တစ်မြို့လုံးမှာ သူနှင့်အပေါင်အရွေး၊ အပေးအယူ လုံးဝကင်း ရှင်းသူပင် မရှိတော့သလိုထင်ရသည်။ မြို့ပေါ်သာမက မြို့နီးချုပ်စပ် ရွာများ၊ ဝေးဝေးလံလံ တောင်ပေါ်၊ မြစ်ဖျား၊ ရွာများပါမကျန် အရပ် ရှစ်မျက်နှာမှ ဒုက္ခသည်တွေ သူ့ထံတိုးလျှိုးချဉ်းကပ်ကြသည်။တချို့ဆိုလျှင် သွားလိုက်ပြန်လိုက်၊ ဝင်လိုက် ထွက်လိုက်။

ဦးထွန်းအောင် အမြင်မှာတော့ သည်လူတွေသည် လူမိုက်တွေ ချည်းဖြစ်သည်။ ကိုယ့်ပစ္စည်း ကိုယ့်လက်ထဲမြဲအောင် ထိန်းသိမ်းမထား နိုင်သူများ ဖြစ်သည်။ တကယ်တော့ မိမိအလုပ်က အလွန်လွယ်ကူသည်။

http://www.cherrythitsar.org



လယ်သမားလောက် မပင်ပန်း။ ရုံးဝန်ထမ်းလို သူများအမိန့် နာခံပြီး တကုပ်ကုပ် လုပ်စရာလည်းမလို၊ ကုန်သည်လိုလည်း ဈေးနှုန်းအတက် အကျတွေ၊ ပုပ်မှာသိုးမှာတွေ တွေးတောပူပန်ရန် အကြောင်းမရှိ။ သည် အလုပ်က အမြတ်သေချာပြီး လူသက်သာသောအလုပ်ဖြစ်သည်။ ကိုယ့် မှာရှိသော ငွေကိုမမှားအောင်ရေတွက်ပြီး ငှားရမ်းလိုက်ရုံပဲ ဖြစ်သည်။ သို့သော် အသားလွတ်ငှားခြင်းမဟုတ်။ ကိုယ့်ငွေထက် နှစ်ဆသုံးဆ တန်ဖိုးရှိသော ပစ္စည်းများကို ယူထားပြီးမှ ငှားရမ်းခြင်းဖြစ်သည်။ တန်ဖိုး များများရှိတာနှင့် နည်းနည်းရှိတာကို လဲလှယ်သည့်သဘော။ ပြီး နည်းနည်းပေးထားသူက အကျိုးအမြတ်ခံစားကြရဦးမည်။ သည်အတွက် သူတို့ကပင် ခခယယ။ သည်လောက် လွယ်ကူသောအလုပ်၊သည်လောက် တစ်ဖက်သတ် အသာစီးရသောအလုပ်ကို လူတကာ မလုပ်ကြခြင်းကို တော့ ဦးထွန်းအောင်တစ်ခါတစ်ခါ အံ့သြချင်သည်။

သို့သော် တစ်ခုတော့ရှိသည်။လွယ်ကူသည်ဆိုပေမယ့်အဖုအထစ် အနှောင့်အယှက် လုံးဝကင်းစင်သည်တော့ မဟုတ်။ ဒါကလည်း လူတွေ၏ စိတ်ဓာတ်နှင့် ဆိုင်လိမ့်မည်။ အထူးသဖြင့် သည်ခေတ်လူတွေ၏စိတ်ဓာတ်။ လုပ်ငန်းသဘောက မရှိသူကို ရှိသူက ကူညီသည်။ အခက်အခဲကို ဖြေရှင်းပေးသည်။ သည့်အတွက် အဖိုးအခ ပေးရသည်။ အဖိုး အခက အများသတ်မှတ်ထားသည့် ထုံးစံအတိုင်းသာ ဖြစ်သည်။ ကျေနပ်၍ လုပ်ကြခြင်းပါပဲ။ ပစ္စည်းပေါင်လျှင် အတိုးပေးရလိမ့်မည်။ အတိုး မပေးနိုင်လျှင် အပေါင်ဆုံးလိမ့်မည်။ ပေါင်တုန်းက ဒါကိုသိလျက် နှင့်ပေါင်ကြခြင်းမဟုတ်လော။ ဦးထွန်းအောင်စိတ်ထဲမှာကလည်း ပစ္စည်းတစ်ခု လာပေါင်ပြီ ဆိုကတည်းက ကိုယ့်ပစ္စည်းဖြစ်ဖို့ တစ်ဝက် သေချာ ထားလိုက်ပြီ ဖြစ်သည်။ ပေါင်ပြီး တစ်လနှစ်လနှင့်လာရွေးသူချည်း

http://www.cherrythitsar.org



သာဆိုလျှင် သည်အလုပ် ဆက်လုပ်စရာအကြောင်းမရှိ။ ပစ္စည်းအတွက် အတိုး ပေးရမည်။ အရင်းကျေအောင်ရမည်။ သည့်ထက်မက ရမည်။ ပေါင်သူ စိတ်ခါတ်ကျလာမည်။ တဖြည်းဖြည်း အတိုးမပေးနိုင်။ အတိုးတွေ ထပ် လာမည်။ အရင်းမက များလာမည်။ နောက်ဆုံး ပိုင်ရှင်က အဆုံးခံ လိုက်မည်။ အဲသည်လို အစီအစဉ်အတိုင်း စနစ်တကျဖြစ်လာဖို့ သူ မျှော်လင့်ထားမြဲဖြစ်သည်။ သည်အတွက် အချိန်လိုသည်။စောင့်ရသည်။ သို့သော် အချိန်ဆိုသည်က ပိုက်ဆံ ပေးရသည်မဟုတ်။ ပိုက်ဆံပေး သောအရာသာ ဖြစ်သည်။

အဲ၊ သို့ပေမယ့် ပြောသာပြောရသည်။ အချိန်ပိုကြာလေ ပိုက်ဆံ ပိုရလေဆိုသော်လည်း၊ ကြိုးတန်းလန်းနှင့် ကတ်ပြားတန်းလန်းနှင့် ပစ္စည်း တစ်ခုကို လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ မပိုင်တစ်ဝက် ပိုင်တစ်ဝက်နှင့် ကြည့်နေရသည့်အခါ တစ်ခါတလေ စိတ်ကသိပ်မရှည်ချင်။ အပြင်မှာ ပစ္စည်းဈေးတွေ ရုတ်တရက် တက်လာသည့်အခါမျိုးတွင် လက်ကယား လာသည်။ အတိုးကလည်း အများကြီးတက်နေပြီ။ သည်လိုအချိန်မျိုး တွင် ဟိုလူမှာ ရွေးနိုင်သည့်အခြေအနေ မရှိမှန်းသိလျက် 'ခင်ဗျားပစ္စည်း သိပ်ကြာနေပြီ၊ ကျုပ်မှာလည်း ငွေလိုနေပြီ' ဟူ၍ စိတ်မညစ် ညစ်အောင် ပစ္စည်းအတင်းရွေးခိုင်း၊ မရွေးနိုင်လျှင် အဆုံးခံ၊ သို့မဟုတ် မိမိဖြတ် ပေးသော ဈေးနှုန်းနှင့် ရောင်းစသည်ဖြင့် အကျပ်ကိုင်မိသည်လည်း ရှိသည်။ သို့သော် လူဆိုသည်မှာ ပုထုဇဉ်ပင်။ သူလည်းငွေလိုချင်၍ ချေးသည်။ လူတကာကိုလည်း သနားမနေနိုင်။ ငွေမပေးနိုင်လျှင် ပစ္စည်းသိမ်းဖို့မှာ ငါ့အလုပ်ဟု ဦးထွန်းအောင် စိတ်က ပြတ်သားထားသည်။

သည်လိုပဲလိပ်ပြာလုံလုံနှင့်လုပ်စားလာခဲ့သည်မှာနှစ်ပေါင်း သုံးဆယ်ကျော်ချေပြီ။ ယခုတလောကျမှ စိတ်က တစ်ခါတစ်ခါ စနိုးစနောင့်

http://www.cherrythitsar.org



ဖြစ်ချင်လာသည်။ အသက်အရွယ် ကြီးလာ၍ စိတ်ဓာတ်ကျလာသလား။ ဘုရားကျောင်းကန် အသွားများ၍ အတွေးအမြင်တွေ ဇဝေဇဝါ ဖြစ်လာသလား။ လူတွေနှင့်လည်း ဆိုင်ပေလိမ့်မည်။ ရှေးတုန်းက လူများဆိုလျှင် ကိုယ့်ပစ္စည်းကိုယ် ပြန်မရွေးနိုင်တော့၍ အဆုံးခံရသည့်အတွက်ပင် အားနာပါးနာ တောင်းတောင်းပန်ပန် ပြောကြသည်။ ယခု လူများကတော့ အလိုရှိသည့်အခါ ကူပါဦး၊ ကယ်ပါဦးနှင့်လာကြပြီး အတိုးပေးရလျှင် မျက်နှာထားက တစ်မျိုးဖြစ်လာကြသည်။ တစ်ချို့လူများဆိုလျှင် လူကိုပင် သတ်ချင်ဖြတ်ချင်၊ ဝါးစားချင်သလို စိတ်ဆိုးမာန်ဆိုးနှင့် ကြည့်တတ်သည်။ ကြိမ်းလားမောင်းလား၊ ခြိမ်းလားခြောက်လားပင် လုပ်တတ်သေးသည်။ သို့သော် အသက်ကြီးကာမှ တခြားအလုပ် ပြောင်းလုပ်ဖို့ဆိုသည်က မဖြစ်နိုင်။ ပြီး သည်လောက်ဝင်ငွေကောင်းသော အလုပ်ကို တော်ရုံတန်ရုံ အနှောက်အယှက်ကလေးမျှနှင့် မဖြုတ်နိုင်။

တွေးတောငေးမောနေရင်းလမ်းပေါ်ကလျှောက်လာနေသူတစ်ဦးကို မြင်သည်။ မောင်ညို။ အိမ်ရှေ့နားရောက်သည့်အခါ တစ်ချက်လှည့်ကြည့်ပြီး ဦးထွန်းအောင်ကိုမြင်တော့ တစ်ဖက်သို့ မျက်နှာလွှဲသွားသည်။ မောင်ညို့ပစ္စည်းတစ်ခု အတိုးမပေးဘဲ ကြာနေပြီဖြစ်သဖြင့် နှစ်ခါလောက် သတိပေးပြီးနောက် ရောင်းပစ်လိုက်ပြီဟုဆိုကာ အတိုးအရင်းတွက်ပြပြီး သူသိမ်းလိုက်ဖူးသည်။ ထားတုန်းက ပစ်ထားသော်လည်းဆုံးပြီဆိုသည့်အခါ မောင်ညိုမကျေနပ်ချင်။ တောင်ပြောမြောက်ပြော ပြောခဲ့သေးသည်။

တစ်နေ့ကလည်းသပြေအိုင်ကဘရွှေမူးမူးနှင့်ရန်ရှာသွားသေးသည်။ ‘ခင်ဗျားပစ္စည်းတွေက မသန့်ရှင်းဘူး၊ သွေးတွေ ချွေးတွေ မျက်ရည်တွေ ပေနေတယ်။ ခင်ဗျား ဝိပါက်လည်လိမ့်မယ်’တဲ့။ ဘုန်းကြီးလူထွက်အရက်သမား။ မရှိတုန်းက ချေးငှားခဲ့သည့်အတွက် ကျေးဇူးမတင်သည့်ပြင်

http://www.cherrythitsar.org



သူတစ်ပါးကို နစ်နစ်နာနာ ပြောချင်သေးသည်။ ကိုယ်က ပစ္စည်းဥစ္စာနှင့်လူ။ နှစ်ပြားမတန်သည့်လူနှင့် အဖက်လုပ် ရန်စကားပြောနေ၍မဖြစ်။ ကိုယ့်ကို မဟုတ်မတရားတွေ လူကြားသူကြား ဆက်ပြောဖြစ်အောင်ဆွပေးသလိုသာ ဖြစ်လိမ့်မည်။ သည်းခံခြင်းသာ အကောင်းဆုံးဟု သဘောပိုက်ပြီး နှုတ်ဆိတ်ခဲ့သည်။ ဒါတောင်မှ မငြိမ်းသေး။ 'ဖိုးထောင်ကိုသတ်တာခင်ဗျား' ဟု သူတစ်ပါးကိစ္စပါဆွဲထည့်ပြီး စွပ်စွဲသွားသေးသည်။ သူ့ယောက်ဖဖိုးထောင် ကိုယ့်ဇာတ်ကိုယ်မနိုင်လို့ ကြိုးဆွဲချသေသွားသည့်ကိစ္စတွင် မိမိမှာ ဘာတာဝန်ရှိသနည်း။ ကောင်းရောင်းကောင်းဝယ်လုပ်စားပြီး ဟန်ဟန်ပန်ပန် ဖြစ်လာသည်ကို မတင်းမတိမ်နိုင်ဘဲ မလွတ်မကင်းအလုပ်တွေ လုပ်သွားသည်။ ပြ□သသနာ တောက်လျှောက်တက်၍ ရှိသမျှပစ္စည်း အကုန်ပြောင်ပြီး မရှင်းနိုင် မလင်းနိုင်တော့သည့်အချိန်တွင် ဖိုးထောင်တစ်ယောက် လူ့ပြည်မှ ထွက်ပြေးသွားခဲ့သည်။ သူ့ပစ္စည်းတစ်ချို့တဝက် မိမိထံတွင် ကျန်ရှိသည်ကတော့ အမှန်ပင်။ သို့သော် သူ့မှာသေရေးရှင်ရေးကိစ္စတွေ ကြုံနေစဉ် အတင်းထိုးပေးသဖြင့် မိမိကလုပ်ကိုင်ပေးခဲ့ရခြင်းသာ ဖြစ်သည်။

ကိုယ့်မိုက်ပြစ် ကိုယ်မမြင်ကြဘဲ သူတစ်ပါးကိုသာ အပြစ်ပုံချချင်ကြသည်။ လူတွေကတော့ သည်အတိုင်းပဲရှိပေဦးမည်။ သူတို့မကျေနပ်တာတွေ လိုက်တွေးနေလျှင် ကိုယ်အနေကျုံ့ရုံပဲရှိမည်။ ကိုယ်ကမတရားလုပ်နေသည်မှမဟုတ်ဘဲ။ သည်လိုပဲ ဦးထွန်းအောင် ဆင်ခြင်သည်။

သို့သော် မောင်စိုးမောင်အကြောင်း ခေါင်းထဲပေါ်လာပြန်သည်။ အမှန်တော့ခေါင်းထဲမှာ မောင်စိုးမောင်စွဲကပ်နေသည်ဟု ဆိုရပေလိမ့် မည်။ နေ့နေ့ညည မောင်စိုးမောင်ကိစ္စပဲ တွေးနေမိသည်။ယယ်ယယ်ရွယ်ရွယ် နှင့် ကြီးပွားချမ်းသာနေသော မောင်စိုးမောင်၊ ထောင်ထောင်မောင်း မောင်း၊ ဥပမိရုပ်ကောင်းကောင်း၊ ညာဘက်မျက်ခုံးမှာ မှဲ့ကြီးတစ်လုံးနှင့်

http://www.cherrythitsar.org



လူအများကြားတွင်ထင်ရှားသည့် သူဌေးကလေးမောင်စိုးမောင်။

ယခုတော့ မောင်စိုးမောင်ကျလာပြီဟု ဟိုလူသည်လူပြောလာကြပြီ။ သို့သော် ဘယ်လောက်ကျနေလဲ သေသေချာချာ အသိဆုံးမှာမိမိသာဖြစ်သည်။ မောင်စိုးမောင် အလုပ်ကြီးအကိုင်ကြီး တစ်ခုလုပ်ဖို့က ငွေလိုနေသဖြင့် မိမိထံ ပစ္စည်းအတော်များများ လာအပ်ခဲ့သည်။ ငွေကမနည်းသဖြင့် ဘဏ်ကပင် ထုတ်ပေးလိုက်ရသည်။ အလွန်ဆုံးသုံးလေးလအတွင်း ပြန်ရွေးမည်ဆိုသောမောင်စိုးမောင် တစ်ခု၊ တစ်စပြန်မရွေးနိုင်ရုံမက အတိုးပင်မပေးနိုင်။ ယခုဆိုလျှင် မောင်စိုးမောင်ရှိသမျှပစ္စည်း မိမိအိမ်ရောက်သလောက် ဖြစ်နေပြီ။

သူ့အလုပ်ကြီး အကိုင်ကြီးက ရေစုန်မျောပြီထင်သည်။ မရွေးနိုင်တော့ဘူးဆိုလျှင် မောင်စိုးမောင်စီးပွားအားလုံး ဦးထွန်းအောင် မျိုသွားပြီဟု လူတွေကဆိုကြလိမ့်မည်။ မောင်စိုးမောင်သာ ဖိုးထောင်လိုသတ်သေသွားမည်ဆိုလျှင် ဘရွှေလိုကောင်မျိုးတွေက ဘာပြောကြဦးမည်မသိ။

စိုးမောင်...စိုးမောင်၊ သူ့ပစ္စည်းတွေကလည်း နည်းသည်တော့မဟုတ်။ စိုးမောင်ကို ဦးထွန်းအောင်မျိုသည်ဟု ဆိုကြဦးမည်လော။

နံနက်စာစားပြီး ဖက်ကြောတက်သလို၊ ခေါင်းလေးချင်သလိုမို့ အိပ်ရာထဲလှဲရင်း တစ်ရေးအိပ်ပျော်သွားသည်။ အိပ်ရာမှနိုးတော့ မျက်နှာသစ်၊ ရှပ်အင်္ကျီကိုဝတ်၊ ဖော့ဦးထုပ်ကိုယူကာ အပြင်ထွက်ဖို့ပြင်သည်။ ဦးထွန်းအောင် အလွန်ကပ်စေးနဲသည်။ အလွန်ချွေတာတတ်သည်ဆိုသော်လည်း နေ့လည်ပိုင်းမှာ မောင်ကျော်ဆိုင်က လက်ဖက်ရည် တစ်ခွက်တော့ မှန်မှန်သောက်သည်။ လက်ဖက်ရည်သောက်ရင်း သတင်း

http://www.cherrythitsar.org



စာဖတ်၊ ဟိုလူသည်လူနှင့် ရပ်အကြောင်း ရွာအကြောင်း၊ တိုင်းအကြောင်း၊ ပြည်အကြောင်းပြောသည်က သူ့နေ့စဉ်ဝတ္တရားဖြစ်သည်။

'အေးမြ၊ ငါ လက်ဖက်ရည်ဆိုင်သွားမယ်ဟေ့၊ တံခါးပိတ်ဦး' ဟု နောက်ဖေးဘက် လှမ်းပြောသည်။

ဒေါ်အေးမြ မီးဖိုးချောင်က ထွက်လာသည့်အခါ ဦးထွန်းအောင် လှေကားအိမ်ဆစ်ချိုး ဖိနပ်ချွတ်မှာ ရောက်နေပြီ။

'ဟ၊ မောင်စိုးမောင် ဖိနပ်ကြီးပါလား' ဦးထွန်းအောင် ယောင်အော်သည်။

'စိုးမောင်ဖိနပ် ဘယ်လိုရောက်နေတာလဲ၊လူလည်းမတွေ့ပါလား' ဒေါ်အေးမြ မေးသည်။

'ဘယ်တွေ့မလဲ၊ ငါဖိနပ်မှားလာပြီ၊ မနေ့ကဆွမ်းကျွေးမှာ စိုးမောင် နဲ့ တွေ့သေးတယ်။ ဖိနပ်ချွတ်မှာရပ်ပြီး ပစ္စည်းတွေကိစ္စတောင် ပြောခဲ့ သေးတယ်၊ အဆင်းမှာ သူ့ဖိနပ်မှားပြီးစီးလာတာ'

'နေပါဦး၊ ရှင့်ဟာက ဟုတ်ကောဟုတ်ရဲ့လား' ပြောပြောဆိုဆို ဒေါ်အေးမြ အောက်ဆင်းလာပြီး သေသေချာချာကြည့်သည်။

'ဒါ ရှင့်ဖိနပ်မဟုတ်ဘူးလား၊ ဒီမှာ သဲကြိုးပြတ်မှာစိုးလို့ သံမှိုရိုက်ထားတာ၊ ဘယ်ကလာမှားရမှာလဲ'

ဦးထွန်းအောင်ဇဝေဇဝါနှင့် ရုတ်တရက်မျက်စိက တစ်စုံတစ်ခုကို သွားမြင်ကာ ကျောထဲဖြန်းခနဲစိမ့်သွားပြီး ခြေဖျားလက်ဖျားတွေ အေးသွားသည်။

'ဘုရား ဘုရား' နှုတ်ကလွှတ်ခနဲထွက်သွားပြီး ဦးထွန်းအောင် လှေကားအိမ် လက်ရန်းကိုဖမ်းကိုင်သည်။

'ကိုထွန်းအောင်၊ ရှင်ဘာဖြစ်လို့လဲ၊ ခေါင်းမူးသွားလား၊ ဒီနေရာ

http://www.cherrythitsar.org



မှာ ခဏထိုင်လေ’ ဒေါ်အေးမြ ပျာပျာသလဲပြောသည်။

‘ရတယ် ရတယ်၊ ဘာမှမဖြစ်ဘူး၊ အိမ်ပေါ်ပြန်တက်မယ်’

ဦးထွန်းအောင် လှေကားလက်ရန်းကိုကိုင်ကာအိမ်ပေါ်ပြန်တက်သည်။ သူ့ခြေထောက်များက ထုံနေထူနေသလို လေးလေးလံလံကြီး။ အိပ်ခန်းထဲဝင်ပြီး ခုတင်မှာထိုင်သည်။

‘ရှင် ဘယ်လိုဖြစ်နေသလဲ၊ မောင်အေးကို ဆရာဝန်ခေါ်ခိုင်းလိုက်ရမလား’ ပြောပြောဆိုဆို ဒေါ်အေးမြ ခေါင်းရင်းပြတင်းပေါက်မှလှမ်းကာ မောင်အေးကိုခေါ်သည်။ ‘မောင်အေးရေ၊ မောင်အေး’

ဟိုဘက်အိမ်က ကြားပုံမရ။

‘နေ နေ မခေါ်နဲ့တော့၊ ငါဘာမှ မဖြစ်ဘူး။ ကောင်းသွားပြီ’ ဆိုပြီး ဦးထွန်းအောင် စောင်ကိုဆွဲခြုံကာ လှဲနေလိုက်သည်။

‘ရုတ်တရက်ကြီး ဘယ်လိုဖြစ်လာတာပါလိမ့်၊ ချမ်းနေလို့လား ဖျားချင်လို့လား’

ဒေါ်အေးမြ နဖူးစမ်းကြည့်သည်။ ‘ကိုယ်လည်း မပူပါဘူး၊ ချွေးတောင် စို့နေသေးတယ်၊ ဘယ်လိုဖြစ်နေတာလဲ ပြောစမ်းပါဦး၊ ရှင့်ဟာက ဘာမှန်းမသိ ညာမှန်းမသိနဲ့ ကျွန်မတောင်ရင်တုန်လာပြီ’

ဒေါ်အေးမြမှာ နှလုံးရောဂါရှိသည်။ ဒေါ်အေးမြ ခဏခဏရင်တုန်သည်ဆိုပြီး ဆရာဝန်ပြတော့ ဆရာဝန်က နှလုံးရောဂါ နည်းနည်းဖြစ်ချင်သည်ဆိုကာ ဆေးထိုးဆေးစားခိုင်းသည်။ ယခုထိ ရှင်းရှင်းလင်းလင်း မပျောက်သေး။ သည်ကိစ္စ သူ့ကိုပြော၍မဖြစ်။ ရုတ်တရက် လန့်ဖျပ်ပြီး နှလုံးသွေး ရပ်သွားနိုင်သည်။

‘ဘာမှမဖြစ်ပါဘူးကွာ၊ နည်းနည်း မိုက်ခနဲဖြစ်သွားလို့ ဖြုန်းခနဲဆိုတော့ လန့်သွားတယ်၊ အခုတော့ ပြေသွားပါပြီ။ နည်းနည်းလေး

http://www.cherrythitsar.org



ငြိမ်နေလိုက်ဦးမယ်၊ မင်းလုပ်စရာရှိတာ သွားလုပ်'

'ရှင် လက်ဖက်ရည်သောက်ဦးမလား၊ အိမ်နားက ကလေး တစ်ယောက် သွားဝယ်ခိုင်းလိုက်မယ်လေ'

'အေး အေး ကောင်းတယ်၊ သွား သွား'

ဒေါ်အေးမြ အခန်းထဲမှထွက်သွားသည်။ ဦးထွန်းအောင်စောင်ကို မရဲတရဲခွာကြည့်သည်။ ဘုရား ဘုရား။ ခေါင်းနားပန်း ကြီးသွားသည်။ စိုးမောင်၊ စိုးမောင်၊ ဒါ စိုးမောင်ခြေထောက်ပဲ၊ ဘယ်လိုလုပ်ပြီး ငါ့ဆီ ရောက်လာပါလိမ့်။ ဖိနပ်မမှား၊ ခြေထောက်မမှားတာ။ စိုးမောင် ခြေထောက်မို့လို့ ငါ့ဖိနပ်ကို စီးလို့မရတာ၊ ဘုရား ဘုရား။ ဦးထွန်းအောင် စိတ်ထဲမှ ချောက်ချားစွာ ရေရွတ်လိုက်မိသည်။

ဘယ်သူ ကျိမ်စာတိုက်တာလဲ၊ ဝိပါက်လည်တာလား၊ ဘုရား ဘုရား၊ တစ်မျိုးကြီးပဲ၊ ကြောက်စရာကြီးပါလား။ ချောက်ချောက်ချားချား တွေးနေရင်းက စိတ်ကူးတစ်မျိုး ဝင်လာသည်။ ဟုတ်မှ ဟုတ်ရဲ့လား၊ ငါ့ဘာသာ တွေးကြောက်နေတာလား။ သေသေချာချာကြည့်စမ်း။ဟာ ဟုတ်တယ်။ စိုးမောင် ခြေထောက်အစစ်ပဲ၊ ငါ့ ခြေထောက်က အစက ဒီလိုမှမဟုတ်တာ၊ မနေ့ကဆွမ်းကျွေးမှာ ဖိနပ်ချွတ်တုန်း မြင်လိုက်ရတဲ့ စိုးမောင်ခြေထောက်တွေပဲ။ သူ သေသေချာချာ ကြည့်သည်။ ခြေမျက်စေ့ အထိ ကိုယ့်ခြေထောက်နှင့်မတူတော့။ လက်တွေ ပြန်ကြည့်သည်။ လက်တွေကတော့ ကိုယ့်လက်ပါပဲ။ ဦးထွန်းအောင် ဘာလုပ်ရမည်မသိ။ ရင်က တဒိန်းဒိန်းခုန်လာသည်။ တစ်ကိုယ်လုံး အားတစ်စက်မျှ မရှိတော့ သလို ခံစားရသည်။ ဘုရား ဘုရား၊ ဘုရားသခင် ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ။

ဒေါ်အေးမြခြေသံ ကြားသည်။ ဦးထွန်းအောင် အမှတ်မဲ့ စောင်

http://www.cherrythitsar.org



ပြန်ခြုံထားလိုက်သည်။

'ဘယ့်နှယ်နေသေးလဲ ဟင်'

ဒေါ်အေးမြ အခန်းထဲ ဝင်လာရင်း ပြောလိုက်သည်။

'ဟယ် မျက်နှာကြီးကလဲ ဖြူဖပ်ဖြူရော်နဲ့ပါလား၊ ဟယ် လက်တွေလည်း အေးစက်လို့၊ မှန်းစမ်း ခြေထောက်စမ်းကြည့်မယ်'

ဒေါ်အေးမြ ပြောပြောဆိုဆို စောင်ဆွဲလှန်သည်။ ဦးထွန်း အောင် ခြေထောက်နှင့်ဖိထားသည်။ မရ။ အင်း၊ မြင်သွားတော့မှာပဲ။ မျက်နှာတစ်ခုလုံး ပူထူလာသည်။ ဒေါ်အေးမြ ခြေဖျားနှစ်ဖက်ကို လက်နှင့် သေသေချာချာ ဆုပ်နယ်စမ်းသပ်ကြည့်နေသည်။

'အင်း ခြေထောက်လည်း နည်းနည်းတော့အေးတယ်၊ လက်လောက် မအေးဘူး၊ ဘယ်လိုလဲ စိမ့်ချမ်းနေလား၊ အဖျားများတက်ချင်လို့လား'

ကြည့်စမ်း အေးမြမသိဘူး၊ ကိုယ့်ယောက်ျား ခြေထောက်ဒါလောက် သေသေချာချာ ကိုင်ကြည့်တာတောင် မှားနေမှန်းမသိဘူး။ မသိတာလည်း တစ်နည်းတော့ ကောင်းပါတယ်လေ။ တော်ကြာ သူပါ ရောဂါထနေရင် တောင်မင်းမြောက်မင်းမကယ်နိုင် ဖြစ်မယ်။ ဒီကိစ္စ ကြီးက အခက်ပဲ၊ တစ်ခါမှလည်း မကြုံဘူး မကြားဖူးဘူး၊ ထိန်ကုန်း ဆရာတော် သွားပြရမလား။ ဘုန်းကြီးလဲ ဗေဒင်ယတြာသာတတ်တာ။ ဒါက ပယောဂဆရာနဲ့မှ ဖြစ်လိမ့်မယ်ထင်တယ်။ မောင်စိုးမောင် သွား ပြောရင် ဘယ့်နှယ်နေမလဲ၊ သူမလုပ်ပါဘူးလို့ ငြင်းလိမ့်မယ်ထင်တယ်။ သူ့ပစ္စည်းတွေ အကုန်ပြန်တောင်းမလား။ ပေးထားတဲ့ ငွေတွေကလည်း နည်းတာမဟုတ်ဘူး။

ဦးထွန်းအောင် အမျိုးမျိုးတွေးကာ ရင်ထဲမှာ ယောက်ယက်ခတ်

http://www.cherrythitsar.org



နေသည်။ လူတွေသိကုန်ရင်တော့ တစ်မြို့လုံး ပြောလို့ဆုံးမှာမဟုတ်ဘူး။ ဘယ်လောက် ကဲ့ရဲ့လိုက်ကြမလဲ။

ဒေါ်အေးမြ ဦးထွန်းအောင် နံဘေးတွင်ငြိမ်၍ ထိုင်နေရာမှ ထမင်းအိုးကို သတိရသည်နှင့် မီးဖိုချောင်သို့ ထသွားသည်။

'မှိန်းနေဦးနော်၊ ကျွန်မ ခဏနေပြန်လာမယ်'

ဦးထွန်းအောင် စောင်ခြုံထဲမှာ ခြေထောက်ချင်း ပွတ်သပ်ကြည့်နေသည်။ စိတ်ထဲတွက် ခြေသလုံးတွေ တောင့်တင်းလာသလို ခံစားရသည်။ လက်နှင့်အသာ နှိုက်စမ်းကြည့်သည်။ ခြေသလုံးကြီး တစ်ဖက်တင်းတင်းမာမာကြီး ဖြစ်နေသည်။ နောက်တစ်ဖက် စမ်းကြည့်သည်။ ထိုနည်းလည်းကောင်း။ နဂိုက သူ့ခြေသလုံးသည်လောက် မကြီး၊ သည်လိုလည်း မတင်းမာ။ ခုတင်ပေါ်တွင် ခြေဆန့်ကာ စောင်ကို လှန်ကြည့်သည်။ အမယ်လေးဗျ၊ စိုးမောင် ခြေသလုံးကြီးတွေပါလား။ သန်သန်မာမာ ထွားထွားကြိုင်းကြိုင်း ကြွက်သားအပြိုင်းပြိုင်းနှင့် ဖြစ်သည်။

'အေးမြရေ၊ အေးမြ'

ဦးထွန်းအောင် ကုန်းအော်သည်။

ဒေါ်အေးမြ မီးဖိုချောင်မှ အလန့်တကြား ပြေးလာသည်။

'ဘာဖြစ်တာလဲဟင်၊ ကိုထွန်းအောင်'

အမောတကော မေးသည်။

'ငါ့ ခြေသလုံးတွေ ကြည့်စမ်းပါဦး၊တအားကြီးကြီးမနေဘူးလား'

ဒေါ်အေးမြ ခြေသလုံးကို ပွတ်သပ်စမ်းကြည့်သည်။

'ခြေထောက်တွေ အမ်းနေတယ် ထင်လို့လား၊ မအမ်းပါဘူး၊ မနေ့က ရှင်လမ်းလျှောက်တာများလို့ ခြေသလုံးတောင့်တာလားမှ မသိတာ၊ ကြီးမနေပါဘူး'

http://www.cherrythitsar.org



ဒေါ်အေးမြ ဦးထွန်းအောင်မျက်နှာကို အကဲခတ်သလို ကြည့်သည်။ မျက်နှာက သိသိသာသာပျက်နေသည်။

'ရှင် ဘာတွေတွေးပြီး ကြောက်နေတာလဲ၊ ခေါင်းမူးတာ ခြေထောက် တောင့်တာ အမ်းတာလောက်တော့ လူကြီးပဲ၊ တစ်ခါမဟုတ် တစ်ခါ ဖြစ်ချင်ဖြစ်မှာပေါ့၊ တွေ့ကရာတွေတွေးပြီး ကြောက်မနေနဲ့။ ရှင်ကကျွန်မလို နှလုံးရောဂါ ရှိတာလည်းမဟုတ်ဘူး၊ ရုတ်တရက် ဘာမှမဖြစ်နိုင်ဘူး။ ခဏငြိမ်ငြိမ်လေး လှဲနေလိုက်။ ကျွန်မ မောင်အေးကို ဆရာဝန် သွားခေါ်ခိုင်းမယ်။ အရေးကြီးကြီးမကြီးကြီး စိတ်ချရအောင် ပြကြည့် လိုက်တာ ကောင်းတယ်။ ငြိမ်ငြိမ်လှဲနေနော်'

ဒေါ်အေးမြ တစ်ဖက်အိမ်မှ ကိုမောင်အေးကိုခေါ်ရန် အောက်သို့ ဆင်းသွားသည်။ ဦးထွန်းအောင် စောင်ခြုံထဲတွင် ဒူးဆစ်နှစ်ဖက်ကို တင်းတင်း ဆုပ်ထားသည်။ စိုးမောင်ခြေထောက် ဒူးအထက် တက်လာနေသည်ကို ခံစားရသည်။ တဖြည်းဖြည်းနှင့် သစ်ပင်အို ညောင်မျိုသလို မျိုတော့မည်လော။ မောင်စိုးမောင် မောင်စိုးမောင်၊ ပြုစားတတ်သလား၊ မင်းအမျိုးထဲမှာ ပြုစားတတ်တဲ့လူရှိသလား၊ ဦးလေး တောင်းပန်ပါ တယ်ကွာ၊ မင်းပစ္စည်းတွေ အကုန်ပြန်ယူသွား၊ ငါ့ပိုက်ဆံ ဆပ်နိုင်တဲ့ အခါမှ ပြန်ဆပ်။ စိုးမောင်အိမ် လိုက်သွားရမလား။ မောင်အေးနဲ့ ခေါ်ခိုင်းရင် ကောင်းမလား။ ဘုရား ဘုရား၊ ငါ့များ ရူးတယ်ပြောမလား၊ ငါ တကယ် ရူးနေပြီလား။

ခြေထောက်ကို လှန်ကြည့်သည်။ သည်လောက် ကြွက်သား ပြိုင်းပြိုင်းနှင့် သန်သန်မာမာ ခြေသလုံးကြီးများ။ ငါ မရူးဘူး၊ တကယ် ဖြစ်နေတာ၊ ရိုးရိုးရူးတာဆိုလျှင် ဆရာဝန်ကုလို့ ရနိုင်သည်။ ယခုကိစ္စက သွေးရိုးသားရိုး၊ မဟုတ်။ ပယောဂဆရာမှ ဖြစ်သည်။ တကယ်တတ်

http://www.cherrythitsar.org



သည့် ဆရာနှင့်မှ ဖြစ်မည်။ အနီးနားတစ်ဝိုက်မှာ တကယ်စွမ်းသည့် ဆရာလည်း စဉ်းစားမရပါလား။ လူသူလေးပါးမသိခင် သေသွားလိုက်တာ အကောင်းဆုံး ဖြစ်လိမ့်မည်။ ပြတင်းပေါက်ကပဲ ခုန်ချရကောင်းမလား။ အဖန်ငါးရာ ငါးကမ္ဘာခံရဦးမည်။ ဘုရား ဘုရား၊ ဘုရား အာရုံပြုမှ။ ဩော် တစ်သက်လုံး ရှာဖွေစုဆောင်းခဲ့ပြီး ပစ္စည်းတွေသာ တိုးပွားသည် ထက် တိုးပွားလာသည်။ သူတစ်ပါးလိုလည်း ဖောဖောသီသီ သုံးစွဲခဲ့ ရသည်မရှိ။ ရက်ရက်ရောရော လှူဒါန်းခဲ့သည်ဟူ၍လည်း ပြောစရာရှာ မရ။ တချို့လူများမှာ မိမိထံတွင် ပေါင်နှံပြီးတော့ပင် သားရှင်ပြုကြသည်။ လူမိုက်တွေ၊ အရူးတွေဟု ဖွင့်မပြောပေမယ့် စိတ်ကတော့ ကဲ့ရဲ့မိသေး သည်။ အမြော်အမြင်မရှိ၊ အပူအပင်မရှိ၊ ငွေကြေးကို မသိတတ်သည့် လူတွေ၊ နောက်ဘဝကျ သူတို့က ငါ့လိုချမ်းသာပြီး ငါက သူတို့လို မွဲလေမည်လား။ ဒီဟာကောင်းသွားရင်တော့ အလှူအတန်းလေး ဘာလေး လုပ်ဦးမှ၊ အေးမြကိုလည်း မတွန့်တိုဖို့ ပြောရမည်။

ဒါမှ သေလျှင် ကိုယ့်အတွက်ပါမည်။ ငါသေရင် အခုကျန်ခဲ့တဲ့ ပစ္စည်းတွေ ဘယ်လိုလုပ်မလဲ။ အေးမြ ဘယ်သူနဲ့နေမလဲ။ အေးမြ တစ်ယောက်တည်း ပစ္စည်းတွေ ဘယ်လိုလုပ် ထိန်းသိမ်းနိုင်မလဲ။ မိန်းမက ထုံထုံအအနဲ့၊ လူ့အရိပ်အကဲလည်း နားလည်သည်မဟုတ်။ စာရင်းအင်း၊ အတိုးအရင်း ဆိုတာတွေလည်း တစ်သက်လုံး သင်တာတောင် ကောင်း ကောင်း တတ်သည်မဟုတ်။ ကျွန်းတောဘက်ကသူ့ဆွေမျိုးတွေ၊မောင်တို့၊ ကျော်မြတို့ အိမ်ပေါ်တက်လာကြလိမ့်မည်။ ငါ တစ်သက်လုံး ရှာဖွေ ခဲ့တဲ့ပစ္စည်းတွေနဲ့ ဒီကောင်တွေ ငမွဲမျိုးတွေ ရတနာပုံဆိုက်ပြီး သုံးကြ ဖြုန်းကြဦးမည်။ မသေခင် အေးမြနဲ့ ပစ္စည်းတစ်ယောက်တစ်ဝက်ခွဲပြီး ဘုရားကျောင်းကန် လှူဒါန်းခဲ့ရကောင်းမလား၊ အေးမြ ကျိန်စာတိုက်

http://www.cherrythitsar.org



လိမ့်မည်ထင်သည်။

ဦးထွန်းအောင်၏ခေါင်းထဲမှာ အတွေးပေါင်း သောင်းခြောက်ထောင်မက ပြွတ်သိပ်ညပ်သပ် တိုးဝှေ့နေကြသည်။ ရုတ်တရက် ညာဘက်ပေါင်က တင်းသလိုဖြစ်လာသည်။

'အမယ်လေးဗျ၊ ဘုရား၊ ဘုရားရှင် ကိုယ်တော်မြတ်ကြီး ကယ်တော်မူပါ။ တပည့်တော် ဒီအလုပ်တွေ နောက်မလုပ်တော့ပါဘူး ဘုရား' ဦးထွန်းအောင် ခေါင်းရင်းဘက်လှည့်ကာ ဘုရားကို အကြိမ်ကြိမ်ဦးချနေသည်။

'ဩကာသ၊ ဩကာသ၊ ဩကာသ၊ ကာယကံ၊ ဝစီကံ၊ မနောကံ'

ဒေါ်အေးမြ ခြေသံကြားရသည်။ ဦးထွန်းအောင် ဘုရားရှိခိုးရပ်ပြီး စောင်အသာခြုံကာ ပြန်လှဲနေသည်။

'အရေးထဲ ပစ္စည်းသမားတစ်ယောက်ရလာလို့ စကားပြောနေရသေးတယ်။ ရှင်နေမကောင်းလို့ဆိုပြီး နောက်နေ့ချိန်းလိုက်တယ်။ အခုမောင်အေးကို ဆရာဝန်ခေါ်ခိုင်းထားတယ်၊ တော်ကြာရောက်လာလိမ့်မယ်'

ဦးထွန်းအောင် စောင်ခြုံထဲတွင် ပေါင်ကိုတင်းတင်းဆုပ်ကာ အံကြိတ်၍ ငြိမ်နေသည်။ ခဏကြာတော့ အိမ်ရှေ့မှာ ဆရာဝန်ရောက်လာသံ ကြားရသည်။ ဒေါ်အေးမြ ခရီးဦးကြိုပြုကာ ဘာတွေပြောနေသည်မသိ။ သူ့အခန်းဝနားအထိ တီးတိုး၊ တီးတိုး ပြောတုန်း။

ဆရာဝန်က 'ဘကြီး ဘာဖြစ်တာလဲ' မေးသည်။ ဘာဖြစ်တယ်ဆိုတာ အမှန်အတိုင်းပြောလိုက်ရင် ဘယ်လိုနေမလဲ။ သူ ဘာလုပ် တတ်မလဲ။ ရှူးတယ်ဆိုပြီး အရှူးဆေးထိုးသွားမလား။ အခုတောင်မှ စောစောက အေးမြ တီးတိုးတီးတိုးနဲ့ ဒါပဲပြောနေသလားမသိ။ သင့်သလို

http://www.cherrythitsar.org



ကြည့်ပြောရမယ်။

'ဘကြီး လှေကားအဆင်းမှာ မိုက်ခနဲဖြစ်သွားတယ်။ အခု မူးတာ ပြေသွားပြီ၊ ခြေထောက်တွေလေးပြီး တစ်မျိုးကြီး ဖြစ်နေတယ်၊ ခါတိုင်းနဲ့ မတူဘူး'

ဆရာဝန်က နားကျပ်နှင့်စမ်းသပ်သည်။ သွေးချိန်သည်။ ခြေထောက်တွေကိုလည်း ဖျစ်ညှစ်ကြည့်သည်။ သစ်သားတူနှင့် ခေါက်ကြည့်သည်။

အသက်အရွယ်ကြီးလာတဲ့အခါ ဒီလိုပဲဘကြီးရဲ့၊ သွေးလေမမှန်တော့ဘူး၊ နည်းနည်းပါးပါး မူးသလိုမိုက်သလို ဖြစ်တတ်တယ်။ သွေးတွေ ဘာတွေလည်း မတိုးပါဘူး၊ ခြေထောက်တွေကလည်း လှုပ်ရှားမှုနည်းလို့ ညောင်းညာတောင့်တင်းတာရယ်၊ ကြွက်သားတွေ အာရုံကြောတွေ အားနည်းတဲ့ သဘောရယ်ပါပဲ၊ ဘကြီး လေဖြတ်မှာတို့၊ တစ်ခြမ်းသေမှာတို့ တွေးကြောက်နေတယ်နဲ့တူတယ်၊ အဲဒါတွေ ဘာမှတွေးမနေနဲ့၊ ဒါမျိုး ဖြစ်လာနိုင်စရာ အကြောင်းလုံးဝမရှိဘူး၊ စိတ်ချလက်ချသာနေပါ'

အကြောင်းရင်းကို နားမလည်ရှာသော ဆရာဝန်က ထင်ရာမြင်ရာတွေ လျှောက်ပြောကာ ဆေးတစ်လုံးထိုးသည်။ ပြီး ဒေါ်အေးမြကို ဆေးလုံးကလေးတွေပေးကာ ဘယ်အချိန် ဘယ်လိုတိုက် စသဖြင့် မှာကြားသည်။ ဦးထွန်းအောင်အား 'ဘကြီး စိတ်အေးအေးထားနော်၊ ဘာမှ စိုးရိမ်စရာ မရှိဘူး'ဟု ပြောဆိုနှုတ်ဆက်ပြီး ပြန်သွားသည်။ ဘယ်လောက် ပေးလိုက်ရသလဲမသိ။ ဦးထွန်းအောင် အိပ်ရာကမထ၊ ညနေဘက်ထမင်းမစားနိုင်။ လက်ဖက်ရည်လေးတစ်ခွက် ကုန်အောင် မနည်းမျိုချရသည်။ ပြီး စောင်ခြုံထဲ ပြန်ဝင်နေသည်။ ဒေါ်အေးမြကတော့ ဆရာဝန်ခေါ်ပြပြီးသည့်နောက်တွင် စောစောကရှိခဲ့သည့် စိုးရိမ်ပူပန်

http://www.cherrythitsar.org



စိတ်ကလေးတစ်ရွေးသားလောက်မှာ အစအနပင်မကျန်အောင် ကင်းစင်သွားခဲ့ပြီထင်သည်။

'ရှင် မျက်နှာပျက်မနေနဲ့၊ ဆရာဝန်က ပြောသွားပြီးပြီ၊ ဘာရောဂါမှ မရှိဘူးတဲ့'

ကြောက်တတ်ရန်ကောဟု သူကပင် နောက်ပြောင်ချင်သလိုလို။ ဖွင့်ပြောလို့ သူပါသိသွားပြီး ပျာယာခတ်နေတော့လည်း အကြောင်းထူးမည် မဟုတ်။ တစ်ပူပေါ် နှစ်ပူဆင့်ရုံပဲရှိမည်။ သူ့ဘာသာ သိကာမှသိရော၊ ဖွင့်တော့မပြောဘူးဟု ဦးထွန်းအောင် ဆုံးဖြတ်ထားသည်။

'ဆေးထိုးတဲ့နေရာက နာသေးသလား၊ ပြစမ်းပါဦး၊ ကျွန်မ ပွတ်ပေးမယ်'

ပြောပြောဆိုဆို ဒေါ်အေးမြ စောင်ဆွဲလှန်ပြီး တင်ပါးကို ခပ်သာသာ ပွတ်ပေးနေသည်။ ဦးထွန်းအောင် တင်ပါးတစ်ဝိုက်တွင် အာရုံတစ်မျိုး ပြောင်းလာသည်။ တစ်စုံတစ်ခုကိုတွေးမိကာ ရင်ထဲမှာ ဒိန်းခနဲဖြစ်သွားပြီး ချက်ချင်း ဖောချွေးပြန်ချင်သလို ဖြစ်လာသည်။ 'တော်ပါတော့' ဆိုကာ ကမန်းကတန်း စောင်ပြန်ခြုံထားလိုက်သည်။

ခန္ဓာကိုယ် တစ်နေရာက တဖြည်းဖြည်း တင်းမာလာနေသည်။ အနေရအထိုင်ရ ခက်အောင်ဖြစ်လာနေသည်။ ဒါမျိုး မဖြစ်သည်မှာ အတော်ကြီး ကြာခဲ့ပြီး။ ဦးထွန်းအောင် လက်နှစ်ဖက်နှင့် တွန်းဖိအားပြီး ရုတ်တရက် အထိတ်တလန့် လက်ကိုပြန်ရုပ်သည်။ အခြေအနေကို ဒေါ်အေးမြ ရိပ်မိသွားသည်။ 'ငါမဟုတ်ဘူး၊ ငါမဟုတ်ဘူး' ဦးထွန်းအောင် ရင်ထဲက အကြောက်အကန်အော်နေသည်။ နှုတ်မှစကားတစ်ခွန်းမှ မထွက်လာ။ စောင်ခေါင်းမြီး တင်းတင်းခြုံကာ တစ်ဖက်သို့လှည့်သွားသည်။

ဒေါ်အေးမြ ရင်ထဲတွင် ပူလာသည်။ ကိုထွန်းအောင် ကယောင်

http://www.cherrythitsar.org



ချောက်ချားဖြစ်နေပြီ။ ဒီအရွယ်ကြီးကျမှ ရူးများရူးလေပြီလား။ ဆရာဝန်က စိတ်ငြိမ်ဆေးဟူ၍ ပေးသွားသည်။ ညမအိပ်နိုင်လျှင်လည်း တိုက်နိုင်သည်ဟု ဆိုသည်။ အိပ်ချိန်မတိုင်သေးပေမယ့် စောစောစီးစီး ဆေးတိုက်သိပ်လိုက်တော့ ကောင်းမလား တွေးမိသည်။

ဦးထွန်းအောင် တစ်ဖက်သို့ လှည့်ပြန်သည်။ ထိုအရာ တစ်ခုနှင့် ထိတွေ့နေသည့်အတွက် အကြီးအကျယ် အနေရခက်နေသည်။ ဘယ်လိုလုပ်ရမှန်းမသိ။ ဟိုဘက်လှည့်၍ မရ။ သည်ဘက်လှည့်လည်း မလွတ်။ မောင်စိုးမောင် ရှိကြီးခိုးပါရဲ့၊ မင်းပစ္စည်းတွေ အကုန်ပြန်ယူပါတော့။ ပိုက်ဆံ တစ်ပြားမှမပေးပါနဲ့။ စိန်တွေရွှေတွေရော မင်းခြေထောက် မင်းပေါင်တွေ၊ မင်းပစ္စည်းတွေအားလုံး မြန်မြန်သာ ယူသွားပါတော့ကွာ။ ငါ့တစ်ကိုယ်လုံး စိုးမောင်မျိုးနေပြီဟေ့လို့သာ ဒေါ်အေးမြကို အော်ပြောလိုက်ရကောင်းမလား တွေးမိသည်။

စောင်ခြုံကြီးနှင့် ငုတ်တုတ်ထိုင်ကာ ဩကာသ ဩကာသနှင့် အသံထွက်အောင်ဆိုပြီး ဘုရားရှိခိုးသည်။ ဒေါ်အေးမြ ကြောက်လာသည်။ ဘုရားရှိခိုး ဆုံးသည်နှင့်တစ်ပြိုင်နက် 'ကိုထွန်းအောင်၊ ဆရာဝန်ပေးသွားတဲ့ ဆေးသောက်လိုက်ပါဦး' ဆိုပြီး ဆေးလေးပြားစလုံး သောက်ချခိုင်းလိုက်သည်။ ဦးထွန်းအောင် ဆေးသောက်ပြီး ခဏပြန်ငြိမ်နေသည်။ ကြာကြာမငြိမ်နိုင်၊ ဖင်ဘူးတောင်း ထောင်လိုက်၊ မှောက်ခုံမှောက်လိုက်နှင့် ကယောက်ကယက် ဖြစ်လာသည်။

ဒေါ်အေးမြ အိမ်နီးအိမ်နားခေါ်မည်ကြံသည်။ ကိုယ့်ယောကျ်ားရူးတာ လူသိမှာလည်းစိုးသည်။ ဘာလုပ်ရမှန်းမသိ။

'ကိုထွန်းအောင်၊ ကိုထွန်းအောင်၊ ရှင်ဘယ်လို ဖြစ်နေလဲ စိတ်ထိန်းပါဦး'နှင့် တတွတ်တွတ် ပြောနေသည်။ ဦးထွန်းအောင် ဒေါ်အေးမြ

http://www.cherrythitsar.org



ကိုဖက်ကာ တအီးအီးငိုသည်။

'ဘုရားသခင် ကယ်တော်မူပါဘုရား၊ ဘုရား တရား သံဃာ ရတနာသုံးပါး ကယ်တော်မူပါဘုရား၊ ဆရာသမား မိဘ ဘိုးဘွား အရပ်ကတို့ ကယ်တော်မူပါဘုရား၊ ကျွန်တော်မျိုး အမိုက်အမဲကို ခွင့်လွှတ်တော်မူပါဘုရား'

ပါးစပ်က တတွတ်တွတ်ရွတ်ကာ အကြိမ်ကြိမ် ဦးချနေသည်။

နာရီဝက်ခန့် ထိုင်လိုက်၊ ထလိုက်၊ ပါးစပ်က ပြောမိပြောရာတွေ ပြောလိုက်၊ ရွတ်လိုက် ဖတ်လိုက် ရှိခိုးလိုက်နှင့် ဦးထွန်းအောင် အရူးကြီးလုံးလုံး ဖြစ်နေပြီးမှ တဖြည်းဖြည်း ငြိမ်သက်လာကာ တရှူးရှူး အိပ်ပျော်သွားသည်။

နေအရှက်တက်စ ဝေလီဝေလင်းအချိန်တွင် ဦးထွန်းအောင် အိပ်ရာမှ နိုးလာသည်။ အခန်းထဲတွင် မှုန်ပျပျ။ ဦးထွန်းအောင် ခုတင်ခေါင်းရင်းပြတင်းပေါက်ကို လှမ်းဖွင့်လိုက်သည်။ ရင်ထဲက တလှပ်လှပ်နှင့်၊ လူက တုန်တုန်ယင်ယင် ဖြစ်ချင်သည်။ တစ်ခုခု စားသောက်လိုက်ရလျှင် ကောင်းသွားမည် တွေးမိသည်။ ဒေါ်အေးမြကတော့ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေဆဲ။

မနေ့က အကြောင်းများကို သတိရသည်။ အိပ်မက်များပဲလား၊ မရဲတရဲ စောင်ကိုအသာခွာပြီး ခြေထောက်ကိုကြည့်သည်။ ဟာ တကယ်ပါလား၊ သွားပြီးဟော့ သွားပြီကွ၊ ခြေထောက်တွေ၊ ခြေသလုံးတွေပေါင်။ ဟာ ငါ့ဟာ တစ်ခုမှမဟုတ်တော့ဘူးကွ၊ အောင်မယ်လေးဗျ၊ လက်တွေ၊ လက်တွေ၊ ကုန်ပြီ၊ သွားပြီ၊ အားလုံး စိုးမောင်မျိုးသွားပြီ။ ဦးထွန်းအောင်

တစ်ကိုယ်လုံး ထူပူနေသည်။ လက်တွေခြေတွေ တဆတ်ဆတ်တုန်နေ သည်။

ဦးထွန်းအောင် ခေါင်းကို အမှတ်မဲ့စမ်းသပ်ကြည့်မိပြီး နံရံကမှန်ဆီသို့ အလျှင်အမြန်ပြေးသွားသည်။ မျက်ခုံးအထက်မှာ ဇရာမမှဲ့ကြီးတစ်လုံး။

'စိုးမောင် စိုးမောင်'ဟု အသံကုန်အော်ဟစ်ကာ ဦးထွန်းအောင် ကြမ်းပြင်ပေါ်သို့ ဗိုင်းခနဲ လဲကျသွားသည်။ ဦးထွန်းအောင် ကွယ်လွန်ပြီး နောက်တွင် ဒေါ်အေးမြ၏ မောင်ဝမ်းကွဲများဖြစ်ကြသော ငမောင်နှင့် ကျော်မြ ညီအစ်ကို မိသားစုများနှင့်အတူ ရောက်လာကြသည်။

ရက်လည်ဆွမ်းသွတ်သည့်နေ့တွင် ငမောင်က ကျော်မြကိုပြောသည်။

'အစ်ကိုရေ၊ ကိုထွန်းအောင်တော့ ကျွန်တော်တို့ကို ငါ့ပစ္စည်းတွေ မျိုးကြဆိုကြဆိုပြီး ကျိန်ဆဲနေရတာနဲ့ သာဓုတောင် ခေါ်နိုင်ပါ့ မလား မသိဘူးဗျ၊ နော်'

**ဖေမြင့်**

မရဏာနုဿတိနှင့် အခြားဝတ္ထုတိုများ

# အောင်စိုး

၁၉၅၀ ခုနှစ်ပတ်ဝန်းကျင် ရန်ကုန်တက္ကသိုလ် မြန်မာစာ အသင်း ဝတ္ထုတိုပြိုင်ပွဲတွင် ဂျာနယ်ကျော်ဦးချစ်မောင်၏ ဆုကို ဆွတ်ခူး ရရှိသွားခဲ့သောဝတ္ထုတိုဆရာ၊ နောက် ရှုမဝမဂ္ဂဇင်းတွင် 'လှည်းယဉ် ကြော့ကြော့' ဝတ္ထုတိုဖြင့် စာပေလောကတွင် စတင်ခြေချလာသော အညာဓလေ့ဝတ္ထုတိုများဖြင့်ပင် တောသဘာဝနောက်ခံ သရုပ်မှန် ဝတ္ထု တိုဆရာ ဖြစ်လာသော 'အောင်စိုး'သည် မြန်မာစာပေလောက၌ နှစ် ပေါင်း ၃၀ကျော် ထင်ရှားခဲ့သည့် စာရေးဆရာကြီးတစ်ဦး ဖြစ်ပါသည်။ သရုပ်မှန်၊ ရိုမန်တစ်၊ (အချစ်နှင့် အိမ်ထောင်ရေးဝတ္ထုတိုများ)၊ ဘာသာ ပြန်ဝတ္ထုတိုများ၊ ဆောင်းပါးများ ရေးသားပြုစုခဲ့လေသည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# ချစ်လင်

# အောင်စိုး

ရည်မွန်ဦးစာပေ

# ချစ်လင်

လူ့ဘဝတွင် လင်တစ်ယောက် ရှိဖို့လို၏။ လင်သည် လိုအပ် သော ပစ္စည်းဖြစ်၏။ မယားကို 'မရှိမကောင်း၊ ရှိမကောင်း' ဟု ဆိုလျှင် လင်သည် 'မရှိလဲကောင်း၊ ရှိလဲကောင်း' သော ပစ္စည်းဖြစ်၏။ သို့သော် အဝတ်အစားလို ထည်လဲတော့မလို။

မိတ့တ်မှာ လင်တစ်ယောက်မျှ မရှိချေ။

မြောက်လေသည် တရှဲရှဲတိုက်ခတ်လျက်ရှိ၏။ တစ်ချီတစ်ချီ ကြမ်း၏။ တစ်ချီတစ်ချီ အားပျော့၏။ သို့သော် အဆက်မပြတ်။

နှင်းမှုန်များသည် တစ်လောကလုံး ပြည့်အောင် ဖုံးနေလေသည်။ လင်းနေသော လရောင်ပင်၊ နှင်းမှုန်များကြောင့် မှုန်မွှားမွှားသာ လင်းနိုင်ရှာ၏။ ခပ်လှမ်းလှမ်းက ပဲရိုးပုံးကြီးကို နှင်းတွေကြားမှာ ရိုးတိုးရိတ်တိတ်သာ မြင်ရလေသည်။ တောစပ်မှ တောခွေးများက ဂူကနဲ ဂူကနဲ အူလိုက်ကြလေသည်။ တိုးတိုးတစ်မျိုး၊ ကျယ်ကျယ်တစ်ဖုံ။

http://www.cherrythitsar.org



မိတုတ်သည် သူ့ဘေးကကလေး လန့်နိုးသေးသလားဟု စောင်းငဲ့ကြည့်လိုက်၏။ အအေးလုံအောင် အဝတ်စုတ်ကလေးကို လည်ပင်းနားအထိ လွှမ်းပေးလိုက်သည်။

မိတုတ်မှာ ဖအေမအေလည်းမရှိ၊ နေစရာလည်းမရှိ၊ ဘာဆိုဘာမှမရှိ။ မိတုတ်ချမ်းသာသမျှ ဒီသမီးကလေး တစ်ယောက်သာရှိ၏။ ဒီကောင်မလေးမွေးလာမှ မိတုတ်တွင် ရာထူးတွေတိုးခဲ့၏။ ရပ်ရွာက ချီးမြှင့်ကြသော ရာထူး။ ''လင်ကောင်မပေါ်ဘဲ မွေးသတဲ့'' ''ဖအေလဲမရှိပါဘူးအေ'' ''ရှိပါသတဲ့၊ အဲဟို... ဝရမ်းပြေးကောင်လေ'' ''ဘယ်သူမှ သေသေချာချာ မသိပါဘူးအေ''... စသည်ဖြင့်...။

မိတုတ်ကား လူ့ပြည်တွင် ချစ်စရာတစ်ယောက် ရလာခဲ့ပြီ။ ကျွေးစရာလဲ မိမိပါးစပ်အပြင် ပါးစပ်တစ်ပေါက် ရလာခဲ့ပြီ။ ဘယ်သူတွေဘာပြောပြော ကိုယ်လုပ်မှ ကိုယ်စားရသည်။ တစ်နေ့မလုပ်လျှင် တစ်နေ့ငတ်မည်။

လေကလဲ တိုက်လိုက်သည့်ဖြစ်ခြင်း။

နှင်းကလဲ ကျလိုက်သည့်ဖြစ်ခြင်း။

သမီးကလေးကို လက်ကစမ်းလိုက်ပြီး ပြန်ပြောင်းအောက်မေ့လိုက်မိသည်။ သည်လိုမြေပဲပေါ်ချိန်မျိုး၊ မိတုတ်မမေ့၊ တစ်သက်လုံးမမေ့။

အညာဒေသတွင် မြေပဲဖော်သောရာသီ၌ ယာသမားများသည် မြေပဲလုပ်နေ်းကို အစအဆုံးလုပ်နိုင်ရန် ယာထဲမှာ တဲထိုး၍ စခန်းချကြရသည်။ ဆီးချိုပင်ရွာ၏ ပတ်ဝန်းကျင် ယာခင်းများ၌လည်း မြေပဲပေါ်

http://www.cherrythitsar.org



ချိန့်၌ ယာတဲကလေးများ အစီအရီ ထိုးကြလေပြီ၊ မြေပဲဆွတ်၊ မြေပဲလှော့ မြေပဲဆံပြာ၊ မြေပဲကောက် အောက်ခြေသိမ်း စာရင်းငှားအလုပ်လုပ်ရင်း တစ်ကောင်ကြွက် မိတုတ်သည်လည်း ဦးချစ်သာတို့ ယာထဲရောက်လာခဲ့ရသည်။ ယာရှင်ကျွေးသော ထမင်းကိုစား နေထွက်ကနေဝင်ထိ အလုပ်လုပ်နှင့် ယာရှင်နေရာချပေးသော တဲထောင့်ခန်း လေးမှာပဲ ကွေး၍အိပ်ရသည်။ လုပ်ငန်းအားလုံးပြီးစီးမှ ယာရှင်က စာရင်း ရှင်း၍ ငွေချေမည်။ သည်လောက်ဆိုလျှင် မိတုတ်အဖို့ လူဖြစ်ကျိုးနပ်ပေပြီ။

တစ်ည...

သက်ကြီးခေါင်းချ အချိန်လောက်။

မြောက်လေသည် တရှဲရှဲတိုက်ခတ်လျက် ရှိ၏။ တစ်ချီတစ်ချီ ကြမ်း၏။ တစ်ချီတစ်ချီ အားပျော့၏။ သို့သော် အဆက်မပြတ်။

ယာခင်းတစ်ခင်းလုံး နှင်းဖုံးနေသောကြောင့် ခိုက်ခိုက်တုန် အောင် ချမ်း၏။ လရောင်ခမျာ မှုန်တိမှုန်ဝါးသာ လင်းထိန်နိုင်ရှာလေသည်။ တောခွေးအုပ်များက တစ်ချက်တစ်ချက် တောစပ်မှနေ၍ အူလိုက်သောအခါ ကြက်သီးထစရာကောင်း၏။ မိတုတ်မှာ အိပ်၍မပျော်။ ကြောက်လို့ တော့မဟုတ်။ ခြုံစရာစောင်ထူထူ မရှိသောကြောင့်တည်း။

"မိတုတ်"

ခပ်အုပ်အုပ်ခေါ်သံဖြစ်၏။ ခပ်အုပ်အုပ်ခေါ်သောကြောင့် ရုတ်တရက် မကြားမိ။

"မိတုတ်ရေ"

နောက်တစ်ခါ ထပ်ခေါ်မှ မိတုတ်ကြား၏။ လှမ်းကြည့်၏။ လူရိပ်မြင်၏။ ဘယ်သူဘယ်ဝါမကွဲ။ ထိုလူက ရှေ့သို့တိုး၍လာ၏။

"ငါပါဟ"

http://www.cherrythitsar.org



ယီးတီးယိုင်တိုင် ပုံစံနှင့် လုံချည်တိုတိုဝတ်ထားသည်။ စောင် ကြမ်း ညစ်ညစ်ပတ်ပတ်တစ်ထည် ခြုံထားသေးသည်။ မုတ်ဆိတ် ယောင်ယောင်ကိုလည်း မြင်ရ၏။ ကေ့နွ ဘချစ်ပါပဲ။ မိတုတ်က မထူး၊ အသံမပေး။ ဆိတ်ဆိတ်နေခြင်းသည် စကားအခွန်းပေါင်းများစွာထက် အဓိပ္ပါယ်ရှိ၏။ သည်လိုအချိန်၊ သည်လိုအခါမှာ ဘချစ်ဘာလို့လာသနည်း။ မိတုတ်သိ၏။ ဘာ့ကြောင့် မထူးသနည်း။ မိတုတ်သိ၏။ သိသော မိတုတ်သည် မသိချင်ယောင်ဆောင်၏။ မိတုတ်ကား မိန်းမသား။

ဘချစ်သည် ရိပ်ကနဲ တဲထဲဝင်လိုက်၏။ မိတုတ်ဘေးမှာ ထိုင်၏။ အပြင်ဘက်က အလင်းရောင် ပြိုးပြက်ဖြင့်မြင်ရသော မိတုတ် တစ်ကိုယ် လုံးကို သိမ်းကျုံးကြည့်၏။ မိတုတ်ဘေးမှ လှဲချလိုက်ပြီး မိတုတ် တစ်ကိုယ်လုံးကို သိမ်းကျုံးဖက်လိုက်လေသည်။ မိတုတ် တစ်ကိုယ်လုံးကား နွေးလျက်ပူလျက်။ သူတို့ ချစ်တင်းနှောကြလေသည်။ သူတို့၏မွေ့ရာကား ဤဝသုံမြေကြီးသာတည်း။

ရွာထဲက လုလင်ပြန်ကြက်တွန်၏။ တစ်ခါတွန်၏။ ဘချစ်မပြန် သေး။ နှစ်ခါတွန်၏။ ဘချစ်လူးလဲထ၏။ ဘေးမှာချထားသော ဓားမြှောင် ကို ခါးမှာထိုး၏။ ''ငါသွားမယ်''ဟု လေသံဖြင့်ပြော၏။ မိတုတ်က ဘာစကားမှမပြော။ ဘချစ်သည် တဲအပြင်သို့ တရှိန်ထိုးထွက်ပြေးသွား လေသည်။ တဲဘေးက ခွေးနီကြီးသည် ဘချစ်လာသောအဖြစ်၊ ပြန် သောအဖြစ်တို့ကို အိပ်မက်ပင်မမက်လိုက်။

မိတုတ်လင်ရလေပြီ။ မိဘမရှိတော့၍ မိဘကပေးစားသော လင်ကားမဟုတ်။ သဘာဝက ပေးစားသော လင်ဖြစ်၏။ သူမ အသက် ၂၀ ကျော်ခဲ့ပြီ။ သည်လင်တစ်ယောက်သာ ရဖူးသေးသည်။ သို့သော် သူ့လင်ကား ဝရမ်းပြေး။

http://www.cherrythitsar.org



ဘချစ်ကိုမှ လင်မတော်ရလျှင် မိတုတ်ကို မယားတော်မည့်သူ သည်ရွာတစ်ဝိုက်မှာ ဘယ်သူမှမရှိ။ မိဘမဲ့ တစ်ကောင်ကြွက်အပြင်၊ ခါးတုတ်၊ ဖင်တုတ် အရုပ်ကဆိုးသေးသည်။ ဘယ်ကာလသားကမှ ဘာစိတ်မှမကူးခဲ့။

ဘချစ်ကား ခိုးမှု၊ ဓားပြမှုတို့ဖြင့် ဝရမ်းပြေးနေရသူ ဖြစ်သည်။ ဆီးချိုပင်တစ်ဝိုက်က လူချမ်းသာအိမ်မှန်သမျှ သူ ဓားပြ မတိုက်ဘူးသော အိမ်မရှိ။

နောက်ထပ် ၄-၅-၁၀ ညလောက် ဘချစ် မိတုတ်ဆီကို လာလေသည်။ ည သန်းခေါင်ကျော်မှ လာ၏။ လာတိုင်းလာတိုင်း မိတုတ် ကို ချစ်တင်းနှော၏။ တစ်ခါတစ်ရံ တဲထဲကလူတွေ နိုးမည်စိုး၍ ပဲရိုးပုံကြားထဲ သွားကြသည်။ ပဲရိုးပုံထဲမှာကား နွေးနေ၏။ စောင်ခြုံဖို့မလို။ ဘေးလူကြားမှာလဲ မစိုးရိမ်ရ။

မိတုတ်က ဘချစ်အား ''ဘာလို့ခိုးဆိုးနေသလဲ''ဟု မေးကြည့် ၏။ အသည်းကလီစာကြားက လာသောမေးခွန်း။

ဘချစ်က လူချမ်းသာတွေမှာ ပို၍ပို၍ ချမ်းသာနေကြောင်း၊ လူမွဲတွေမှာ ကုန်းကောက်စရာမရှိအောင် မွဲသထက်မွဲနေကြောင်း၊ လူချမ်းသာတွေကို အလိုလိုနေရင်း မြင်ပြင်းကပ်နေကြောင်း၊ အင်္ဂလိပ် အစိုးရ၏ ဥပဒေကလည်း လူမွဲတွေကို နှိပ်စက်နေကြောင်း၊ ဘာကြောင်း ဖြင့် တတ်သမျှ မှတ်သမျှဖြေ၏။ ထိုခေတ်ကား အင်္ဂလိပ်အစိုးရ အုပ်ချုပ်နေသော ခေတ်ဖြစ်၏။

ဘချစ်မှာ ထောင်လည်းကျဖူးသည်။ မြို့ပြင်ကနွှားလည်း

http://www.cherrythitsar.org



ရောက်ဖူးသည်။ မိတုတ်တို့ထက် ဆယ်ဆမက နှံ့စပ်သည်။ မိတုတ်သည် ဘချစ်စကားကို ချွင်းချက်မရှိ ယုံကြည်လေသည်။ ဘာမှ မမေးတော့။ ဘာစကားမှ မဆိုတော့။

''ငါ နင့်ကို ယူမှာပါဟာ''

ဘချစ်ကဆို၏။ မိတုတ်က ယုံ၏။ ဘာလိုသေးသနည်း။ သို့သော် လိုသောအရာကို မိတုတ်တို့ ဘချစ်တို့ မသိနိုင်ကြ။

တစ်ညတွင် ခါတိုင်းလိုပင် ဘချစ်ရောက်လာ၏။ တဲထဲဝင်၍ မိတုတ်နှင့်အတူအိပ်၏။ တစ်ရေး နှစ်ရေးရ၏။ လုလင်ပြန်ကြက် တစ်ခါ နှစ်ခါမက တွန်၏။ ဘချစ်ပြန်ရန် တဲထဲက အထွက်တွင် တံစက်မြိတ်ကို ခေါင်းနှင့်တိုက်မိ၍ ရှဲကနဲ အသံမြည်သွား၏။ ခွေးနီကြီး လန့်နိုး၏။ လူရိပ်မြင်၍ ဟောင်၏။ မိတုတ်က ထန်းလျက်လုံးကလေး ပစ်ပေး၍ ချော့ပါသေးသည်။ မရပါ။ ဘချစ် တစ်ကြိုးထဲပြေး၏။ သို့သော်တဲတစ်လုံး၊ ပတ်ဝန်းကျင်က တဲအားလုံး နိုးကြ၏။ သူခိုး သူခိုးဟု အော်၏။ လူ လူ ဟစ်၏။ ရရာတုတ်ဓားဆွဲ၍ ဘချစ်နောက်သို့ လိုက်ကြသည်။ ယာခင်း တွေအလွန် တောစပ်တစ်နေရာမှာ ဘချစ်ကိုမှီသည်။ ဘချစ်က ဓားမြှောင် ဖြင့်ခုခံ၏။ သို့သော် အင်အားက တစ်ယောက်နှင့် တစ်ရာ။

လူတစ်ယောက်က လူတစ်ယောက်ကို သတ်လျှင် လူသတ်မှု ဖြစ်၏။ လူတစ်ရာက တစ်ယောက်ကို သတ်သောအခါ (သို့မဟုတ်) လူကောင်းတစ်ရာက လူဆိုးတစ်ယောက်ကို သတ်သောအခါ ဘာမှုဖြစ်ဖို့ လိုသနည်း။

မိတုတ်တစ်ယောက် တိတ်တိတ်ပုန်း မုဆိုးမဖြစ်ရခြင်းသာ အဖတ်တင်ခဲ့လေသတည်း။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org



မိတ္တတ်တွင် ကိုယ်လေးလက်ဝန် ရှိလာခဲ့၏။

ရပ်ရွာအလိုအားဖြင့် လင်ကောင်မပေါ်ခဲ့။ ဘချစ်ကလေးပါဟု ပြောသော်လည်း မယုံချင်ကြ။ ယုံရအောင်ကလည်း မိတ္တတ်ခမျာ သူဌေး သမီးကြီး မဟုတ်ခဲ့။ မဟုတ်ရုံမက ဆီးချိုပင်ရွာ၏ အောက်အကျဆုံး လူ့အလွှာမှ အောက်နားက ဖုန်မှုန့်ကလေးသာဖြစ်၏။ မိတ္တတ်ကား ပစ္စည်းမဲ့မှ ရေမရောသော၊ ဆေးမသုတ်သော ပစ္စည်းမဲ့အစစ်။

ထို့ကြောင့် ဘချစ်၏ကလေးဆိုသည်ကို မယုံကြခြင်းမှာ မထူး ဆန်း။ ယာရှင်ကြီး ဦးချစ်သာကပင် သူ့အိမ်ရိပ်ကို မနင်းစေချင် သလိုလို ဖြစ်လာ၏။ သည်ဟာနှင့်မပြီးသေး။ "ဟဲ့... ကောင်မ၊ ညီးဟာက တစ်သက်လုံး ရှက်စရာကြီးဖြစ်နေမှာဟဲ့၊ နောက်ပိုင်းက လက်သည် ဒေါ်ချုပ်ကြီးနဲ့ စောစောစီးစီး လုပ်ပစ်"ဟု သက်ကြီးဝါကြီး (သို့သော်) အကျင့်သိက္ခာမကြီးလှသော ရပ်ထဲရွာထဲမှ မိန်းမကြီးများက အကြံပေး ကြပြန်၏။ မိတ္တတ်က မလှုပ်။

အဘယ်အကြောင်းကြောင့် လူတို့သည် လူဖြစ်လာအံ့သော အသက်တစ်ချောင်းကို ကြိုတင်သုတ်သင်လိုကြသနည်း။ ဖခင်သည် လူဆိုး ဖြစ်ချင်ဖြစ်မည်။ လူကောင်း ဖြစ်ချင်ဖြစ်မည်။ ဖခင်၏ ဆိုးသော ပြစ်ဒဏ်တို့ကို မွေးလာအံ့သောကလေး၌ ကျခံစေသင့်ပါသလော။ မိတ္တတ်မသိ၊ မစဉ်းစား။

မိတ္တတ်သိသည်ကား ကလေးကိုမွေးထုတ်ရမည်။ ပြုစုရမည်။ လူလားမြောက်အောင် နို့ချိုတိုက်ကျွေးရမည်။ အစာကျွေးရမည်။ လူ့ လောကတွင် လူတစ်ယောက်တိုးစေရမည်။

သားကောင်းမိခင်တို့၏တာဝန်ကို မိတ္တတ်ကျေပွန်ပါသည်။ ယာရှင်ကြီး ဦးချစ်သာ၏ အိမ်တံစက်မြိတ်နှင့် နွားတင်းကုပ်အကြား၊

http://www.cherrythitsar.org



တင်းတိမ်စုတ်စုတ် ကာရံအပ်သော အခန်းကျဉ်း၌ မာတာမိတုတ်သည် ထိုမည်သော သမီးဦးရတနာကို တနင်္လာနေ့နံနက် မြန်မာစက် လေးနာရီ အချိန်တွင် ဖွားမြင်ပြီးမြောက်ခဲ့လေသည်။ တစ်ရပ် တစ်ရွာလုံး၏ ''ဖျက်ချဟဲ့'' ဟူသော အဆိုအမိန့်ကို တော်လှန်၍ ရဲရဲတောက် အောင်မြင်ထမြောက်စွာ မွေးဖွားခဲ့လေသည်။ သြော်...ကောင်း လေစွ၊ ကောင်း လေစွ။

မိဘက ပေးပေး၊ သဘာဝက ပေးပေး၊ ကိုယ်ကြိုက်လို့ ရွေးရွေး လင်သည် လင်သာဖြစ်၏။ တခြား ဘာမှမဖြစ်။

မိတုတ်တွင် လင်ရဖူး၏။ သဘာဝကပေးသော လင်။

သို့သော် မိတုတ်ကား သူ့အသိတရားနှင့်ပင် လင်ကို အဝတ် အစားလို ထည်လဲမဝတ်။ မြို့ကြီးပြကြီးက အစ်မများကို အတုမခိုး။ ဒီတစ်သက်မှာ ဒီလင်တစ်ယောက်ပဲ ရဖူးပါလေသည်။ တစ်ပင်လဲ၍ တစ်ပင်ထူဖို့လည်း စိတ်မကူးအား။

မိတုတ်သည်ကား ကိုယ်လုပ်မှ ကိုယ်စားရခြင်းဖြစ်၏။ တစ်နေ့ လုပ်မှ တစ်နေ့စားရမည်။ လင်စိတ်သားစိတ်ထက် ဝမ်းဝဖို့၊ တိုးလာသော ပါးစပ်တစ်ပေါက်အတွက် စားစရာရှိဖို့ကိုသာ စိတ်ကူးရသည်။ လက်ရှိ အနေအထားတွင်ကား မိတုတ်မှာ လင်တစ်ယောက်မှမရှိပါ။

ဤသမီးကလေးကား မိတုတ်၏ ကိုယ်ပိုင်ပစ္စည်း၊ မိတုတ် ချမ်းသာသမျှ ဤသမီးလေးတစ်ယောက်သာ ရှိလေသည်။ တခြားဘာမျှ မရှိ။ မိဘမရှိ။ သားချင်းမရှိ။ ဆွေမျိုးမရှိ။ နေစရာ တဲမရှိ။ ခြေသလုံး

http://www.cherrythitsar.org



အိမ်တိုင်သာဖြစ်၏။

နှင်းမှုန်များသည် ယာခင်းတစ်ခင်းလုံး ပြည့်အောင်ဖုံးနေလေ သည်။ လရောင်ပင်လျှင် လင်းထိန်အောင် မသာနိုင်။ ခပ်လှမ်းလှမ်းက ပဲရိုးပုံကြီးကို နှင်းတွေကြားဝယ် ရိုးတိုးရိပ်တိတ် မြင်နေရလေသည်။ တစ်ချက်တစ်ချက်တွင် တောစပ်မှ(ခွေးအ)များက အူလျက်ရှိ၏။ မိတုတ်သည် သူ့ဘေးရှိ ရင်သွေးသမီးကလေး လန့်၍နိုးလာလေသလားဟု စောင်းငဲ့ကြည့်လိုက်၏။ အအေးလုံအောင် အဝတ်စုတ် ကလေးကို လည်ပင်းနားအထိ လွှမ်းပေးလိုက်လေသည်။

သည်သမီးကလေးကြောင့် မိတုတ်အား ရပ်ရွာက ဘွဲ့အမျိုးမျိုး ချီးမြှင့်ခဲ့ကြသည်။ ''လင်ကောင်မပေါ်ဘဲမွေးသဟဲ့'' ''ဖအေမရှိပါဘူးအေ'' စသည်ဖြင့် ဂုဏ်ပြုကြ၏။ သို့သော် မိတုတ်က မတုန်လှုပ်။

သူ့လင် ဘယ်သူဘယ်ဝါဆိုသည်ကို သူသာ အသိဆုံး။ သူ၏အကျင့်သိက္ခာကို သူသာအသိဆုံး။ ကိုယ့်လိပ်ပြာလုံနေသောကြောင့် ခြသေ့်ကြီးဟောက်သော်မှ မကြောက်ပါ။

မိတုတ်အဖို့ ဘယ်သူတွေ ဘာပဲပြောပြော ကိုယ်လုပ်မှ ကိုယ်စားရသည်။ တစ်နေ့မလုပ်လျှင် တစ်နေ့ငတ်မည်။ စားရမည့်ပါးစပ်က နှစ်ပေါက်။

လေကလဲ တိုက်လိုက်သည့်ဖြစ်ခြင်း။

နှင်းကလဲ ကျလိုက်သည့်ဖြစ်ခြင်း။

**အောင်စိုး**

၂၀၀၁ ခုနှစ်၊ ဩဂုတ်လထုတ် စိမ်းရောင်လွင်မဂ္ဂဇင်း

# ညီပုလေး

၁၉၈၅ ခုနှစ်တစ်ဝိုက်တွင် ကလျာ၊ လုံမလေး၊ စံပယ်ဖြူ၊ ချယ်ရီ အစရှိသောမဂ္ဂဇင်းသစ်များ စတင်ထွက်ပေါ်လာပြီး လူငယ်မျိုးဆက်သစ် ဝတ္ထုတိုဆရာများ အသီးသီးထွက်ပေါ်ထင်ရှားလာရာ **"ညီပုလေး"** သည်လည်း တစ်ယောက်အပါအဝင်ဟု ဆိုရပေမည်။ ဝတ္ထုတိုလုံးချင်း စာအုပ်များ ရေးသားထုတ်ဝေခဲ့သည်။ (**'သူထက်က ရွှေပြည်စိုး ညီပုလေးဝတ္ထုတိုများ'**)၊ ယနေ့ထိ ဝတ္ထုတိုများ ရေးသားဖန်တီးနေဆဲ၊ အထူးသဖြင့် သရုပ်မှန်ဝတ္ထုများဖြစ်သည်။ နောက် ခရီးသွားစာပေ များလည်း ရေးသားပြုစုနေဆဲ။ လုံးချင်းဝတ္ထုရှည် **'လမင်းရဲ့ ချိုသာသော လက်ခုပ်သံ'** လည်း ထုတ်ဝေခဲ့ပြီးဖြစ်သည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

စက်ဝင်စား

# ညီပုလေး

ရည်မွန်ဦးစာပေ

# စက်ဝင်စား

အိခဲဘုကုရိုးဘူတာမှာ အဆင်းခရီးသည်တွေ ဒလဟော ပြုံဆင်းလာသည်။ ဒီခရီးသည်တွေကို သူ ခဏစောင့်နေလိုက်ရံုပါပဲ။ ပြီးရင် ရှင်းတိုးမချိဘက် အလုပ်သွားလုပ်သွားမယ့် ကိုထွေးမောင် ရထားပေါ် လှမ်းတက်လိုက်ရံုပါ။

သူ့စိတ်တွေ လေးလံတင်းကျပ်နေလေတော့ ခြေတစ်လှမ်း တောင်မှ လှမ်းတက်ချင်စိတ်မရှိဘူး။ သူ့ကို ဂျပန်မှာ စားဖို့သောက်ဖို့ မပူပင်ရအောင် ထမင်းကျွေးနေတဲ့အလုပ်၊ မြန်မာပြည်မှာ ကျန်ရစ်ခဲ့တဲ့ မိသားစုကို ကျွေးမွေးထောက်ပံ့နေတဲ့ အလုပ်ကိုတောင်မှ ကိုထွေးမောင် မလုပ်ချင်တော့ဘူးလား။

ဒီကိုရောက်ခါစက အရသာအရှိသားပဲလို့ သူထင်ခဲ့တဲ့ မီးစို ဟင်းချိုနဲ့ နိုရိ(ရေညှိ)အနံ့တွေဟာ ကြာလာတော့ အရသာမဲ့လာတယ်။ မုန်းစရာကောင်းလာတယ်။ ကြက်သားတုံးကို ဂျုံအုပ်ပြီးကြော်ထားတဲ့

http://www.cherrythitsar.org



ခရအပ်တောင်မှ စားရဖန်များလာတော့ ကြက်ညှီစော်နံလာတယ်။ လျှာက ပုန်ကန်ချင်လာတယ်။

မှိုစော်နံနေတဲ့ မြက်ဖျာအဟောင်း။ ချောင်ချိပြီး တကျိုကျို မြည်တဲ့ လျှောတံခါး။ လေဝင်လေထွက်မကောင်းတဲ့ သူအခန်းလေးထဲမှာ တိုင်းပြည်ကို သတိရအောက်မေ့စိတ်တွေကြောင့် အလုပ်ထွက်မယ်။ အိမ်ပြန်မယ်လို့ သူခဏခဏ စဉ်းစားမိတယ်။ မျက်စိစုံမှိတ် ဇွတ်မဆုံးဖြတ်ရဲသေးဘူး။ အလုပ်က တကယ်ထွက်ပြီး တိုင်းပြည်ပြန်တော့မှာလား။ ဘူတာရုံမှာ သူ့အရင်ရောက်နှင့်သူတွေ၊ သူ့နောက်မှ ရောက်လာသူတွေကတော့ ရထားတွဲပေါ် ခပ်သွက်သွက် တက်သွားကြပြီ။ ကိုထွေးမောင်ကတော့ တွေတွေဝေဝေ ငေးငေးဆဆနဲ့။ ပလက်ဖောင်းပေါ်မှာ လူသူအတော်ရှင်းနေပြီ။ ဘူတာတစ်ရုံလုံးမှာ ရထားကို မျက်နှာမူထားသူဆိုလို့ သူတစ်ယောက်တည်း။ ခရီးသည် အတက်အဆင်းလုပ်နိုင်ရုံ မိနစ်လေးရပ်တဲ့ ရထားကထွက်ခါနီးလို့ တတူတူနဲ့အချက်ပေးနေပြီ။ ရထားပေါ်ကခရီးသည်တချို့ ဒီလူ ဘာ လုပ်နေပါလိမ့်ဆိုတဲ့အကြည့်နဲ့ ကြည့်သူ ကြည့်ကြနဲ့။

အိခဲဘုကုရိုး က ရှင်းတိုးမချိချော၊ ရှင်းတိုးမချိချောက အိခဲဘုကုရိုး။ ဒီ နှစ်ဘူတာအကြား ပြေးဆွဲနေတဲ့ ယရကုချောမြေအောက်ရထားလိုင်းပေါ်မှာ သူဟာ လွန်းထိုးနေတဲ့ စက်ရုပ်တစ်ရုပ်ဖြစ်နေပြီလား။

ငါဟာ လူ… လူ… စက်ရုပ်မဟုတ်ဘူး။ လူပီပီ လွတ်လပ်

http://www.cherrythitsar.org



မှုကို လိုလားတယ်။ လူတစ်ယောက်လို နေချင်တယ်။ လူတစ်ယောက်လို အာရုံတွေကို ခံစားချင်တယ်။ မတရားမှုကို ခေါင်းငုံ့မခံချင်ဘူး။ ဒါပေမယ့် သူဟာ လူစင်စစ်ကနေ ရိုဘော့တစ်ရုပ်လို ဖြစ်နေရတယ်လို့ ကိုထွေးမောင် ခံစားမိတယ်။

အိပ်ရာက ကပျာကယာထ၊ မျက်နှာခပ်မြန်မြန်သစ်၊ မနက်စာကို အရသာမခံဘဲ ခပ်သုတ်သုတ်စား၊ ခပ်သွက်သွက်လမ်းလျှောက်၊ ရထားပေါ်တက်၊ ဆင်းရမယ့်ဘူတာမှာဆင်း၊ အလုပ်ရှိရာကို အပြေးလျှောက်၊ အလုပ်ရုံထဲမှာ သူဟာလူတစ်ပိုင်း၊ ရိုဘော့တစ်ပိုင်းလေ။

သူ့အလုပ်ရုံက အဝတ်လျှော်စက်ရုံ၊ တိုကျိုတစ်ဝိုက်က ဟိုတယ်ကြီးငယ်တွေက အိပ်ရာဖုံး၊ မျက်နှာသုတ်ပဝါ၊ ညဝတ်အင်္ကျီ၊ ခေါင်းအုံးဖုံး အညစ်တွေကို ကားတွေနဲ့သွားသယ်လာ၊ စက်ရုံရောက်တော့ အထုပ်တွေကို ကြမ်းပေါ်ဆွဲထုတ်ချရ၊ ကိုထွေးမောင်တို့ အလုပ်သမားတွေက အဝတ်ပုံအညစ်တွေထဲက ခေါင်းအုံးဖုံး၊ အိပ်ရာဖုံး၊ မျက်နှာသုတ်ပဝါ စသဖြင့် တူရာတူရာ အမျိုးတူစုပြီး ခြင်းလှည်းတွေထဲစုထည့်ပြီး သယ်ပို့ပေး၊ ပြီးတော့ အဝတ်လျှော်စက်ကြီးတွေထဲကို ပစ်ထည့်၊ စက်ခလုတ်နှိပ်လိုက်ရင် ဆပ်ပြာမှုန့်တို့ ရေတို့ အလိုလို ထွက်လာပြီး အဝတ်တွေလျှော်ပစ်လိမ့်မယ်။

ဒီစက်တစ်လုံးထဲ အဝတ်တွေထည့်၊ ခလုတ်နှိပ်ပြီး နားရမယ် မထင်နဲ့။ အဝတ်လျှော်စက်က ဆယ်လုံး၊ အဝတ်အခြောက်ခံစက်က ဆယ်လုံးရှိတယ်။ လျှော်စက်က လျှော်ပြီးကြောင်း အချက်ပေးသံကြားရင် အသံပေးတဲ့စက်ဆီပြေး၊ အဝတ်အစိုတွေဆွဲထုတ်၊ ခြင်းထဲထည့်သယ်။ အဝတ်အခြောက်ခံ စက်တစ်လုံးထဲထည့်အခြောက်ခံရတယ်။

အဝတ်လျှော်စက်တွေနဲ့ အခြောက်ခံစက်တွေကြားမှာ လွန်းထိုး

http://www.cherrythitsar.org



သလို ပြေးလွှားနေရတဲ့ ကိုထွေးမောင်ဘ၀။ သူလျှော်ပေးလိုက်တဲ့ အ၀တ်နေတွေက ဖြူစင်သန့်ရှင်းသွားပေမယ့် သူ့စိတ်တွေကတော့ ပင်ပန်းမွန်းကျပ်မှု ချေးညှော်တွေ ပေကျံနေတယ်။

တစ်ခါတလေလည်း အ၀တ်လျှော်စက်တွေကနေ လုံးပြီးကျလာတဲ့ အိပ်ရာဖုံးတွေကို ဘီးပါတဲ့ စားပွဲရှည်ကြီးပေါ်မှာ တစ်ထည်စီ အရှည်လိုက် မျှောတင်ပေးရတယ်။ အဲဒီစားပွဲကြီး ပြည့်သွားရင် မီးပူတိုက်စက်ရှေ့မှာ ရပ်နေတဲ့ ဂျပန်မကြီးနှစ်ယောက်ဆီ တွန်းသွားပေရော့။ စားပွဲပေါ်မှာ မျှောတင်ထားတဲ့ အိပ်ရာဖုံးတစ်ထည်ကို ကိုထွေးမောင်နဲ့ ဖိလစ်ပိုင် ဒါမှမဟုတ် မလေး တစ်ယောက်ယောက်က အလိုက်သင့်ဖြန့်ပြီး ဂျပန်မကြီးနှစ်ဦးဆီ လက်ဆင့်ကမ်းပေးတော့ သူတို့က စက်ထဲထည့်လိုက်ရင် ဒလိမ့်တုံးပူကြီးတွေက ဆွဲကြိတ်ပြီး မီးပူတိုက် သွားတယ်။ စက်ရဲ့တစ်ဖက်မှာ ခေါက်ပြီးသား၊ အ၀တ်တွေ ထွက်လာရော။

မနက် ၈ နာရီကနေ ညနေ ၅ နာရီမှာ ထမင်းစားချိန် ၄၅ မိနစ်နဲ့ လက်ဖက်ရည်သောက်ချိန် ၁၅ မိနစ်လောက်ပဲ နားချိန် ရှိတယ်။ ခန္ဓာကိုယ်က ရိုဘော့လို မရပ်မနားလှုပ်ရှားနေရပြီး စိတ်ကတော့ မျက်နှာထားဆိုးဆိုး၊ အာကြမ်းစိတ်ကြမ်း၊ ဂျပန်မကြီးတွေနဲ့ စိတ်ချင်းဆူမိုနပန်း သတ်နေရတယ်။ စရိုက်မတူတဲ့ ဘ၀တူ အာရှနိုင်ငံသားတချို့ရဲ့ ယုတ်ညံ့သိမ်ဖျင်းတဲ့ ကိုယ်အမူအရာ၊ နှုတ်ထွက်စကားတွေနဲ့လည်း အမြဲလုံးထွေး သတ်ပုတ်နေရတာလေ။ မုဆိုးမဂျပန်မတွေရော၊ မုဆိုးဖိုဂျပန်တွေ၊ နိုင်ငံခြားအလုပ်သမားတွေ အထင်အမြင်သေးကြတဲ့သူနဲ့ ဖွဲ့စည်းထားတဲ့ အ၀တ်လျှော်စက်ရုံကြီးထဲမှာမြန်မာပြည်က ဘွဲ့ရ ကိုထွေးမောင်တစ်ယောက် သူတို့ပြည်တုန်းကဆေးလိပ်သမဘ၀တို့နဲ့

http://www.cherrythitsar.org



သိပ်ပြီး မကျွာခြားလှတာကို သိမ်ငယ်စိတ်နဲ့ ခံစားမိတယ်။

အလုပ်ကဆင်းတော့ ဘူတာကိုလျှောက်၊ ရထားပြန်စီး၊ လမ်းထိပ် လျှောက်၊ မှိုစော်နံနေတဲ့ အိပ်ခန်းပြန်ရောက်၊ ပြီးတော့ ရိုးအီနေတဲ့ ညစာကိုစား ဆိုတဲ့ စက်ရုပ်ဆန်တဲ့ ဘဝချားရဟတ်ကြီးထဲမှာ နှစ်တွေနဲ့ချီပြီး စိတ်မပါဘဲ လည်ပတ်နေရသူ ဖြစ်ပါတယ်။

ရထားပေါ်မှာ သူလိုပဲ အလုပ်သွားကြမယ့်သူတွေ ဒီနေ့ထုတ် သတင်းစာတိုက်တွေ၊ ဂျာနယ်မဂ္ဂဇင်းတိုက်တွေမှာ အာရုံတွေ ပြေးလွှား နေကြတယ်။ အိပ်ငိုက် လိုက်လာကြသူတွေလည်း ရှိတာပေါ့။ သူ့ပတ်ဝန်း ကျင်က ခရီးသည်တွေအားလုံး စိတ် သက်သောင့်သက်သာ၊ ကိုယ် သက်သောင့်သက်သာရှိကြပြီး လူရောစိတ်ပါ မွန်းကျပ်ပိတ်လှောင်နေ သူကတော့ တစ်ယောက်ပဲထင်ပါရဲ့။ ဒီအတွေးက မနက်ရော ညနေပါ ရထားစီးတိုင်း ခံစားရတဲ့အတွေးပါ။

အခုလို မွန်းကျပ်ပင်ပန်းတိုင်း ကိုထွေးမောင် သတိရတဲ့သူ နှစ်ယောက်ရှိတယ်။ တစ်ယောက်က ကိုမဲမောင်တဲ့။ နောက်တစ်ယောက် က ဦးစောညို။

ဟိုး... နှစ်အတော်ကြာကြာက ကိုမဲမောင် သူ့ကို ဝတ္ထုတိုလေး တစ်ပုဒ် ပြောပြခဲ့ဖူးသည်။ ဒါပေမယ့် ဒီဝတ္ထုကို ကိုထွေးမောင်မှတ်မိ နေတုန်း။ သူ့ကို ဒီဝတ္ထုတိုပြောပြတဲ့ နေရာကစပြီး မှတ်မိနေတယ်။ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က မြန်မာပြည်ကို ကျွန်လုပ်အုပ်ချုပ်သွား တဲ့ အင်္ဂလိပ်တို့တည်ဆောက်သွားတဲ့ ရေစစ်ကန်ကြီးတစ်ခုရဲ့ အခြေမှာပေါ့။

ဒီရေစစ်ကန်ကြီးက အင်္ဂတေနဲ့ အခိုင်အခံ့ဆောက်ထားပြီး သံရေပိုက်ကြီးတွေနဲ့ ကျကျနနဆောက်ခဲ့တာပါ။ ကိုထွေးမောင်နဲ့ ကိုမဲမောင်၊ မောင်နှစ်မောင် အဲဒီရေစစ်ကန်ကြီးနား ရောက်သွားကြတဲ့ အချိန်မှာတော့ ရေစစ်ကန်ကြီးက အသုံးမပြုတော့ဘူး။ အမှိုက်ကျင်းကြီး ဖြစ်နေပြီ။ ကိုထွေးမောင်နဲ့ ကိုမဲမောင်တို့က ရေစစ်ကန်ကြီးရဲ့ အခြေပတ်ပတ်လည်မှာ ခရမ်းပင်တွေ၊ မုန်ညင်း၊ မုန်လာပင်တွေ မြေတောင်မြှောက်ပေးရင်း ကိုမဲမောင်က ဒီဝတ္ထုကို ပြောပြခဲ့တာပါ။ နှစ်ယောက်စလုံး မိသားစုနဲ့ ဝေးနေကြတဲ့အချိန်မှာ ပြောပြခဲ့တာလေ။ အဲဒီလိုအချိန်မှာ ပြောပြတာဆိုတော့ ပိုပြီး ခံစားနိုင်ကြတာပေါ့။ ကိုမဲမောင်က ဝတ္ထုတိုတွေအများကြီး ပြောပြဖူးပေမယ့် ကိုထွေးမောင်ကတော့ ဒီဝတ္ထုတိုလေးကိုပဲ စွဲစွဲမြဲမြဲ မှတ်မိနေတယ်။

ဒုတိယကမ္ဘာစစ်ကြီးထဲမှာ နော်ဝေနိုင်ငံသားတစ်ယောက်ဟာ မဟာမိတ်တွေဘက်က ဝင်ပြီး တိုက်ခိုက်ပေးခဲ့ရတယ်တဲ့။ တိုက်ပွဲတွေက ပြင်းထန်လွန်းတော့ ဒီလူနဲ့အတူ စစ်ထဲဝင်ကြတဲ့ သူ့ရဲဘော်တွေ အများအပြား ဒဏ်ရာရကြပြီး တော်တော်များများက ရှေ့တန်းမှာ သေဆုံးကုန်ကြတယ်။ တချို့ရဲဘော်တွေဆိုရင် သူ့လက်ပေါ်မှာတင် ဝေဒနာခံ မချိမဆံ့ ခံစားရင်း ကျဆုံးကုန်ကြတာပဲလေ။ သွေးအလိမ်းလိမ်း၊ ခန္ဓာကိုယ် အပိုင်းပိုင်းအတစ်တစ်၊ ငယ်သံပါအောင် အော်သံဆိုးကြီးတွေ မြင်ရကြားရပြီး ဒီလူ့ခမျာ စစ်ကို စိတ်နာစိတ်ပျက်သွားခဲ့ရသတဲ့။

စစ်ကြီးပြီးတဲ့အခါ သူရောက်နေတဲ့ ပြင်သစ်ပြည်ကနေ အော်စလိုကိုပြန်ဖို့ အခက်အခဲရှိနေတာနဲ့ ပြင်သစ်ပြည်မှာပဲ ရေမျော ကမ်းတင်ဘဝ ရောက်နေခဲ့တယ်။ သူ့ခမျာ ပဲရစ်မြို့မှာ အလုပ်မရှိ

http://www.cherrythitsar.org



တစ်ရာ့ကိုးတစ်ယောက်ပဲ။ ခြေသလုံးအိမ်တိုင်လုပ်ပြီး အပြိုအပျက် အဆောက်အဦတွေကြား ရုပ်ပျက်ဆင်းပျက်ဖြစ်နေတဲ့ ပန်းဥယျာဉ်တွေ ထဲမှာ နားရွက်တွေပူအောင် အိပ်နေရတာပေါ့။

ဒီလိုနဲ့တင် တစ်နေ့ကျတော့ ပြင်သစ်နိုင်ငံ မာဆေးကမ်းလွန် ပင်လယ်ပြင်မှာရှိတဲ့ မီးပြတိုက်မှာ မီးပြတိုက်စောင့်အလုပ်ရလို့ အော်စလို သား အလုပ်ဝင်လုပ်တယ်။ မီးပြတိုက်စောင့်တို့ဘဝတိုင်း မီးပြတိုက်မှာ ဖလ နေရပြီး ကမ်းခြေကုန်းပေါ်မှာ ဖလ နေရတဲ့အလုပ်ပါ။ သူ့ခမျာ ကုန်းပေါ်လည်း နေစရာမရှိတော့ ကုန်းပေါ်မှာကြာကြာနေချင် သူတွေ ရဲ့ကိုယ်စား လူစားလဲပြီး မီးပြတိုက်မှာပဲ ဆက်နေတဲ့လူလေ။

တစ်နေ့တော့ စားစရာရိက္ခာ၊ ရေချိုတွေလာပို့တဲ့ သင်္ဘော နဲ့အတူ သူ့အတွက် ပါဆယ်တစ်ထုပ် ပါလာတယ်။ သူ မီးပြတိုက်စောင့် အလုပ်လုပ်နေတာ အတော်ကြာနေပြီ၊ နှစ်တွေနဲ့ချီပြီး ကြာနေပြီ၊ တစ်ခါမှ ဘယ်သူ့ဆီကမှ လက်ဆောင် မရဖူးပါဘူး။ ထူးခြားတာက သူများလက်ဆောင်ထုပ်တွေလို ထူထူထဲထဲလည်း မဟုတ်ဘူး။ ခပ်ပါးပါး ခပ်ပြားပြား ထုပ်ပိုးထားတာကတော့ လက်ဆောင်စက္ကူလှလှနဲ့ ဖဲပြား ဝါလေးချည်လို့။ ပို့လိုက်တဲ့ လူရဲ့နာမည်က အယ်လ်ဘတ်တဲ့။ ပါဆယ် ထုပ်ပေါ်က လက်ရေးကိုလည်း မသိဘူး။ လက်ရေးရှင်လည်း သူမသိဘူး။ ဘယ်က အယ်လ်ဘတ်လဲ။

စစ်ပြန် အော်စလိုသားဟာ ဖဲပြားဝါလေးနဲ့ လှလှပပ ထုပ်ပိုး ထားတဲ့ သူ့လက်ဆောင်ကို ဖိမ်ဆွဲပြီး ကျကျနနဖွင့် အရသာခံမနေပါ ဘူး။ ရှေ့တန်းပြန်တစ်ယောက်နဲ့ အရွယ်ကောင်းသူ့ဇနီးတစ်ယောက် ပြန်တွေ့ ကြသလိုပဲ။ ဘယ်သူ့ဆီက ဘာလက်ဆောင်လဲ သိချင်ဇောနဲ့ ခပ်ကြမ်း ကြမ်း ဆွဲရဲဖြဲကြည့်လိုက်တဲ့အခါ သူအံ့အားသင့်၊ ကြက်သေသေ

http://www.cherrythitsar.org



ဝမ်းသာသွားတယ်။ ကဗျာစာအုပ်တစ်အုပ်။ ဘယ် အယ်လ်ဘတ်က သူ ကဗျာငတ်နေတာကို သိသွားပါလိမ့်၊ အယ်လ်ဘတ်ဆိုတာ ဘုရား သခင်ပဲ ဖြစ်ရလိမ့်မယ်။ နော်ဝေနိုင်ငံက ကဗျာဆရာတွေ ရေးထားကြတဲ့ ကဗျာစာအုပ်လေး။ ဒီစာအုပ်ကို တစ်နေရာတည်းမှာ တစ်ထိုင်တည်း ဖတ်ပစ်လိုက်တယ်။ ဆာလောင်မွတ်သိပ်နေတဲ့၊ ဗိုက်သိပ်ဆာနေတဲ့ ကလေး သရေစာတစ်ခုကို ရျောင်းဝေါင်းနဲ့ ဝါးစားပစ်လိုက်သလိုမျိုး။

ကဗျာစာအုပ်ကိုလည်း ဖတ်ပြီးရော အော်စလိုသားခများ နော်ဝေကို ချက်ချင်းပြန်တော့မယ် ဖြစ်ကရော။ ဒါပေမယ့် မီးပြတိုက် စောင့်ဖို့ လူလာလဲမယ့် သင်္ဘောက နောက် ၆လလောက်နေတော့မှ လာတော့မှာလေ။ သူခများ ဒီ ၆လကို ၆နှစ်မက ကြားတယ်လို့ ထင်ရလောက်အောင် အောင့်အည်းကြိတ်မှိတ်နေရသတဲ့။

ဒီကဗျာစာအုပ်ကို သူနောက်တစ်ခေါက် မဖတ်ရဲတော့ဘူး။ နောက် ၆ လကြာလို့ သင်္ဘောလာတော့ နော်ဝေပြည်ကို တစ်ချိုးတည်း ပြန်ပြေးသွားတဲ့ဝတ္ထုပါ။

အခုလို မွန်းကျပ်တဲ့အခါ ဒိပြင်လူတွေ ထွက်ပေါက်ရှာကြ သလို ဆာကေ၊ ဘီရု(ဘီယာ)၊ ဆန်တိုရီ ဝီစကီတွေကို အဖော်မပြု တတ်ဘူး။ ကုလားအုတ်၊ မာလ်ဘိုရိုကက်ဘင်၊ မိုင်းလ်ဆဲဗင်း စီးကရက် တွေလည်း မရှိုက်မဖွာခဲ့ဘူး။ ကာရာအိုကေဆိုင်ကို မသွားတတ်သလို လမ်းဘေးက အမှိုက်ပုံကို၊ ဆိုင်းဘုတ်ကို၊ စက်ဘီးတို့ကို သူမကန် တတ်ဘူး။

http://www.cherrythitsar.org



သူ့မှာ မြန်မာပြည်က တစ်ပါတည်းယူလာခဲ့တဲ့ စာအုပ်တချို့ ရှိတယ်။ အဲဒီစာအုပ်တွေဖတ်ပြီး သူအလွတ်နီးပါးရနေပြီ။

ဂျပန်ပြည်မှာ ကိုထွေးမောင်အကြောင်း။ သူ့အဖြစ်ကို နားလည်မှု အရှိဆုံးကတော့ သူလိုပဲ အလုပ်လာလုပ်နေတဲ့ ဦးစောညိုပါ။ ဦးစောညိုက ဆောက်လုပ်ရေးကုမ္ပဏီတစ်ခုက အလုပ်သမား၊ ကိုထွေးမောင်ထက်အသက်ကြီးတယ်။သူလို စာအုပ်ချစ်သူတစ်ယောက်ပဲ၊ ဦးစောညိုက ရာပင်၊ ဆရိုမိ၊ ဆုရှိ၊ ချိုကုဝ၊ အိကေ(ကင်ပွန်း)တွေကို ခံတွင်းတွေ့သူ။ ဆိုးဘခေါက်ဆွဲတွေလည်း မြိန်ရှက်သူ တစ်ဦးပါ။

ကိုထွေးမောင် စာအုပ်တွေ မြတ်နိုးတတ်မှန်းသိလို့ စာအုပ်ကို အဖော်လုပ်ပြီး နေတတ်မှန်းသိလို့ ဦးစောညိုက သူ့ကိုရတနာသိုက်ကို ခေါ်သွားဖူးတယ်။ ဦးစောညိုရဲ့ ရတနာသိုက်ကတော့ တိုကျိုမြို့တစ်နေရာက ရှားပါးတဲ့ စာအုပ်ဆိုင်တစ်ဆိုင်ပါပဲ၊ ရောင်းတဲ့ဆိုင်ရှင် အိုးဘားစံ(အဘွားအို)ကလည်း အသက်ကြီးကြီး သဘောကောင်းကောင်းပုံပဲ။ ရောင်းတဲ့ စာအုပ်တွေကလည်း အင်္ဂလိပ်နဲ့ အာရှနိုင်ငံအစုံက စာအုပ်အဟောင်းအမျိုးမျိုး။ အဲဒီဆိုင်မှာ မြန်မာစာအုပ်တချို့ ရှိတယ်။ ဖိလစ်ပိုင်၊ အင်ဒိုနီးရှား၊ ကိုးရီးယားနဲ့ ယိုးဒယားစာအုပ်တွေရဲ့ တန်ဖိုးတော့ သူနားမလည်ဘူး။ မြန်မာစာအုပ်ဈေးကတော့ သင့်တော်တာ အမှန်ပဲ။ အိုးဘားစံက ရေးထားတဲ့ စာအုပ်ဈေးနှုန်းနဲ့ စာအုပ်အဆင့်အတန်းနဲ့ သင့်တင့်လျောက်ပတ်နေတာကတော့ အံ့ဩစရာပါပဲ။ အိုဘားစံကိုယ်တိုင် မြန်မာစာအုပ်ဖတ်တတ်ပြီး အပျော်ဖတ်စာအုပ်နဲ့ စာကောင်းပေမွန်ကို ခွဲခြားသိနေသလိုပဲ။

http://www.cherrythitsar.org



အလုပ်ကဆင်းတော့ ကိုထွေးမောင်အိမ်ကို တန်းမပြန်ဘူး။ ဦးစောညိုရဲ့ ရုံးခန်းကိုသွားတယ်။ ဦးစောညိုအလုပ်ဆင်းတာကို စောင့်ခေါ်ပြီး ရတနာသိုက်သွားတူးမယ်လို့။ သူ့အိတ်ထဲမှာ ယန်းငွေစလေး နည်းနည်းဖောင်းနေတယ် မဟုတ်လား။ သူ့ကို ခွာမြင့်တွေ၊ ခဲတံခွာတွေ၊ ဂျင်းစကတ်တွေ ဖြတ်ကျော်သွားကြတယ်။ သူနဲ့ရွယ်တူသက်တူတွေလို့ ခန့်မှန်းရသူတွေက တက်ကြွတဲ့ခြေလှမ်းတွေနဲ့ သူနဲ့ မျက်နှာချင်းဆိုင်မှာရော ဘေးဘယ်ညာမှာ၊ အရပ်ရှစ်မျက်နှာမှာ အများကြီး။

သူမျှော်လင့်ထားသလို ဖြစ်မလာဘူး။ ဦးစောညို တာဝန်တစ်ခုနဲ့ ဟော့ကိုင်းဒိုးကျွန်းကို ခရီးထွက်သွားသတဲ့။

ကိုထွေးမောင် တစ်ယောက်တည်းပဲ ဆက်လျှောက်လာတယ်။ အိုဘားစံရဲ့ ရတနာသိုက်မှာ ဘာစာအုပ်တွေများ ခင်းထားလေမယ်၊ အရင်တစ်ခေါက်ရောက်တုန်းက ပိုက်ဆံချင့်ချိန်နေလို့ မဝယ်လိုက်ရတဲ့ ဒေါက်တာသန်းထွန်းရဲ့ နယ်လှည့်ရာဇဝင်ကို ဝယ်ရရင် ကောင်းမလား။ စိတ်ကူးတွေ သယ်ဆောင်ရင်း လူစည်တဲ့လမ်းမကြီးကနေ လူနည်းပါးတဲ့ လမ်းကွေ့ကောက်ကောက်ထဲ ဝင်လာခဲ့တယ်။ အိုဘားစံရဲ့ စင်ပေါ်မှာခင်း၊ တိုက်ခန်းနံရံကို မှီထောင်ထား၊ အပုံလိုက်ပုံထားတဲ့ စာအုပ်တွေရှေ့မှာ လူတစ်ယောက် စာအုပ်တွေ ကြည့်နေတယ်။

ဦးစောညိုကို လိုက်ရှာနေတဲ့ ကိုထွေးမောင်ကတော့ ရတနာသိုက်ရဲ့ရှေ့ကလူကို ဦးစောညိုလို့ ထင်လိုက်သေးတယ်။ တရွေ့ရွေ့နဲ့ နီးလာတော့မှ ဒီလူဟာ လူကြီးတစ်ယောက်မဟုတ်ဘဲလူငယ်တစ်ယောက်ရဲ့ ရုပ်လုံးက တဖြည်းဖြည်းပေါ်လာတယ်။ တီရှပ်အနက်၊ ဂျင်းဘောင်းဘီပြာမွဲမွဲနဲ့။ ဆိုင်ကယ်သရဲက အင်ဂျင်ပါဝါကြီးကြီး ဆိုင်ကယ်တစ်စီးကို

http://www.cherrythitsar.org



သရုပ်ပါပါ ခပ်မြန်မြန်စီးသွားနေပုံ စတစ်ကာတီရုပ်နဲ့လေ။

ကိုထွေးမောင် ရတနာသိုက်ကို မျက်စိလျှောက်ကစားရာက စာအုပ်တွေအတန်းလိုက် စူးစမ်းကြည့်မိတယ်။ သူ အရင်တစ်ခေါက်က မဝယ်ဖြစ်တဲ့ နယ်လှည့်ရာဇဝင် စာအုပ်မတွေ့တော့ဘူး။ သေချာအောင် ဆိုင်ရှင်အိုဘားစံကို ဟိုတစ်နေ့က ဒီနားမှာထားတဲ့စာအုပ် မမြင်ပါလား လို့ ဂျပန်ဘာသာစကားနဲ့ လှမ်းမေးလိုက်တော့ အရင်ရောက်နှင့်တဲ့ လူငယ်က သူ့ကို မျက်လုံးတစ်ချက်ဝင့်ကြည့်ပြီး ခပ်ထေ့ထေ့ ပြုံးလိုက် တာကို သူ သတိထားလိုက်မိတယ်။ အိုဘားစံကို လူငယ်က သရော်တဲ့ အပြုံးများလားလို့ ကိုထွေးမောင်တွေးမိသည်။

စာအုပ်တွေဆက်ရှာတဲ့ မျက်လုံးအစုံက လူထုဒေါ်အမာရဲ့ ပြည်သူချစ်သော အနုပညာသည်များစာအုပ်ကိုလည်း လှမ်းမြင်လိုက်ရော သူ့မျက်လုံးတွေ ဝမ်းသာတဲ့အရောင်တွေ ထွက်သွားသလိုပဲ။ အဲဒီတုန်းမှာပဲ ဆံပင်နီကြောင်ကြောင် ထိုးထိုးထောင်ထောင်က အရင်ဦးသွားပြီး ပိုက်ဆံပေးပြီး ခပ်မြန်မြန် ထွက်သွားလိုက်တယ်။ လုပ်ခကောင်းတဲ့ အလုပ်ခန့်စာရသွားတဲ့ လူတစ်ယောက်ရဲ့ ခြေလှမ်းမျိုးနဲ့ လူငယ်က ခပ်သွက်သွက် လှမ်းသွားတာကို သူ အံ့အားသင့် ဝမ်းနည်းကျန်ရစ် ခဲ့တယ်။ သူရဲ့ နေးကွေးတုံ့ဆိုင်းမှုကိုပဲ အပြစ်တင်ရမလား၊ ဘာကို အပြစ်တင်ရမှန်းမသိဘူး။

နောက်ဆုံးတော့ စာရေးဆရာ၊ ကဗျာဆရာတွေ စုပေါင်းရေး ကြတဲ့ 'ဆေးရောင်စုံ ဒဂုန်တာရာ'ဆိုတဲ့ စာအုပ်ဝယ်လာခဲ့တယ်။ ဒီစာအုပ်ဝယ်ခဲ့မိပေမယ့် သူ့စိတ်ထဲမှာ လူ့သဘာဝ လွတ်သွားတဲ့ငါး ကြီးနေတုန်းပဲ။ ပြည်သူချစ်သော အနုပညာရှင်များစာအုပ်ကို မြန်မာ ပြည်မှာတုန်းက ဖတ်ခဲ့ဖူးပေမယ့် အခုတွေ့တော့လည်း သူ့အတွက်

http://www.cherrythitsar.org



အဖော်ကောင်းတွေလေ။ အခန်းပြန်ရောက်တော့ ဆေးရောင်စုံ ဒဂုန်တာရာစာအုပ်ကို လှန်လှောမြည်းကြည့်နေပေမယ့် စိတ်ကတော့ မခံချိမခံသာ စိတ်က စလုံးစခုနဲ့ ဖြစ်နေတယ်။ အိပ်ရာဝင်ခါနီးတော့မှ နယ်လှည့် ရာဇဝင်စာအုပ် မေးတုန်းက ဒီလူငယ်ပြုံးတဲ့ ခပ်ထေ့ထေ့ အပြုံးရဲ့ အဓိပ္ပါယ်ကို ဖော်နိုင်တော့တယ်။

အဲဒီနောက် ဆယ်ရက်လောက်ကြာပြီး အလုပ်နားရက် တစ်ရက်။ ဦးစောညို သူ့အခန်းကို လာလည်တယ်။ ပထမဆုံးပြောဖြစ်တဲ့ အကြောင်းအရာကတော့ ဟိုတစ်နေ့ကနေ ဒီနေ့အထိ တနုံ့နုံ့ခံစားနေရတဲ့ ပြည်သူချစ်သော အနုပညာသည်များစာအုပ်နဲ့ လူငယ်ရဲ့အကြောင်း ပဲပေါ့။ ကိုထွေးမောင်ရဲ့ စကားလည်းကြားရော ဦးစောညိုက အတော် အံ့သြသွားတယ်။

“လာဗျာ မြန်မြန်သွားရအောင်၊ ကျွန်တော် ဒီကောင်လေးကို သိတယ်။ စံထွန်းအောင်တဲ့၊ မန္တလေးကကောင်လေး၊ တရုတ်ကပြားလေး”

ကိုထွေးမောင်က ဝတ္ထုကောင်းတစ်ပုဒ် ပြန်ပြောတာကို နားထောင်သလို နားစွင့်ရင်း သူတို့လမ်းလျှောက်လာကြတယ်။ ကုန်တိုက်ကြီးပေါ်က နီယွန်မီးရောင်စုံက ပလက်ဖေါင်းပေါ်က သက်ရှိသက်မဲ့ တွေပေါ်မှာ ပြေးတမ်းလိုက်တမ်း ကစားနေကြတယ်။

“ကျွန်တော်လည်း ခင်ဗျားလိုကြုံဖူးတယ်။ အမေ့ခေါ်သံဆိုတဲ့ စာအုပ်လေး ဝယ်မယ်လို့အသွားမှာ ဒီချာတိတ်က အရင်ဝင်သွားပြီး ဂျင်းဘောင်းဘီခါကြားထိုး ထွက်သွားတာ ကြုံလိုက်ရတယ်”

http://www.cherrythitsar.org



ပါချင်းကို လောင်းကစားဆိုင်က တဂျောက်ဂျောက် အသံတွေက သူတို့နှစ်ယောက်ကို မြူဆွယ်နေကြတယ်။ ကိုထွေးမောင်စိတ်ထဲမှာ ဘဝတူ အဖော်တစ်ယောက်ရှိသေးလို့ နည်းနည်းစိတ်နေသာထိုင်သာ ရှိသလိုလို စံထွန်းအောင်ဆိုတဲ့ လူငယ်လေးကို သူ ပိုစိတ်ဝင်စားလာမိတယ်။

''နေပါဦးဗျ၊ သူ့အိမ်ကဝေးလို့ ကျွန်တော်တို့ ခပ်သွက်သွက်သွားနေကြတာလား''

''မဟုတ်ဘူးကိုထွေး၊ ကောင်လေးက အိုဗာစတေးနဲ့ အချုပ်ခံနေရတယ်။ ကျွန်တော်တောင် သူ့ဆီက စာအုပ်ကောင်းတွေ ငှားဖတ်ဖူးတယ်။ အုပ်အစိတ် သုံးဆယ်လောက်များ ရှိလေမလား''

ကိုထွေးမောင်က လူငယ်လေးရဲ့စာအုပ်စင်ကို စိတ်ကူးနဲ့ရုပ်လုံးဖော်ကြည့်နေမိတယ်။ သူ့ထက် ဦးသွားတဲ့ ပြည်သူချစ်သော အနုပညာသည်များ စာအုပ်က စင်ရဲ့ဘယ်နေရာမှာ ထားလေမလဲ။

''ဆရာမြသန်းတင့်၊ ဆရာဇန်းမော်တင်အောင်၊ သခင်မြသန်း၊ ဆရာဒဂုန်တာရာ၊ လူထုဦးလှ၊ ဦးသိန်းဖေမြင့် စာအုပ်ကောင်းတွေ သူ့မှာရှိနေတယ်''

ကိုထွေးမောင်ကတော့ စာအုပ်တွေကို လက်ဆင့်ကမ်း ထိန်းသိမ်းရမယ့် ရတနာအမွေတွေလို့ အောက်မေ့မိတယ်။ မတိုင်ပင်ထားဘဲနဲ့ သူတို့နှစ်ယောက်ရဲ့ ခြေလှမ်းတွေ ပိုသွက်လာကြတယ်။

http://www.cherrythitsar.org



မန္တလေးသားလေးကို တွေ့ရတော့ သူတို့ စိတ်မကောင်းဖြစ်မိကြတယ်။ သူ့မှာ ဗီဇာမရှိတာ ဘယ်သူက လက်တို့လိုက်တယ် မသိဘူး အလုပ်ထဲကို ရဲကလာဖမ်းတာတဲ့။ စံထွန်းအောင်ကတော့ အချုပ်အနှောင်ခံနေတဲ့ သူငယ်တစ်ယောက်ရဲ့ ညှိုးငယ်နေပုံမျိုး မတွေ့ရဘူး။ သူတို့ကို လှမ်းတွေ့ရတော့လည်း ဝမ်းသာအံ့ဩပုံလည်း မပြပါဘူး။ အေးအေးဆေးဆေး တည်တည်ငြိမ်ငြိမ်ပါပဲ၊ မြန်မာပြည်ပြန်ပို့လည်း သူ့မှာ ပညာဖြစ်ဖြစ် ဥစ္စာဖြစ်ဖြစ် ဒါမှမဟုတ် နှစ်မျိုးစလုံး အလုံအလောက် စုဆောင်းမိနေပြီ ထင်ပါရဲ့။

ဦးစောညိုက အကျိုးသင့်အကြောင်းသင့် မေးမြန်းနေရာက ကိုထွေးမောင်နဲ့ပါ မိတ်ဆက်ပေးတယ်။ စံထွန်းအောင်က စာအုပ်အဟောင်းဆိုင်မှာ ပြုံးတဲ့အပြုံးမျိုး ပြုံးပြန်တယ်။ သူ့စာအုပ်တွေအကြောင်း စကားစလိုက်တော့မှ သူ့မျက်နှာလေးမှာ ဝမ်းနည်းရိပ်သန်းသွားတာ သတိထားမိတယ်။ စံထွန်းအောင်က သော့တစ်ချောင်းထုတ်ပေးပြီး သူ့စာအုပ်တွေကို သိမ်းထားဖို့ မှာတယ်။

ဦးစောညိုနဲ့ ကိုထွေးမောင်တို့က သူ့ကို အလုပ်သမားအများစု ငှားနေကြတဲ့ ရပ်ကွက်ထဲမှာပါ။ လမ်းက မသိမသာကျဉ်းပြီး ကွေ့ကွေ့ကောက်ကောက်နဲ့။ အခန်းငှားစားလေ့ရှိတဲ့ အိုဂျီးစံ တစ်ယောက်က အခန်းငှားတဲ့ အကျိုးဆောင်လုပ်ငန်းက လွှတ်လိုက်တဲ့လူတွေ ထင်တယ် ထင်ပါရဲ့။ ဒါပေမယ့် စံထွန်းအောင်ရဲ့ သော့ကိုလည်းမြင်ရော အိုဂျီစံက ခုနကအပြုံးတွေ အားလျော့သွားတယ်။

အခန်းက ပွင့်လျက်သား။ အခန်းသန့်တဲ့ကုမ္ပဏီက အလုပ်သမားတွေ စံထွန်းအောင်နေသွားတဲ့ အခန်းကို သန့်ရှင်းရေးလုပ်နေကြပြီ။ ဒီအလုပ်သမားတွေထဲမှာလည်း အာရှတိုက်သားတွေလည်း

http://www.cherrythitsar.org



ပါတယ်။ တချို့မျက်နှာတွေက မြန်မာမျက်နှာတွေနဲ့ ခပ်ဆင်ဆင်လေ။

သူတို့နှစ်ယောက် ပင့်သက်တွေရှိုက်ထားပြီး အခန်းလေးထဲကို ငုံ့စောင်းကြည့်လိုက်တော့ စံထွန်းအောင်အခန်းဟာ ပြောင်သလင်းခါနေပြီ။ နှစ်ယောက်သား တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်မိကြတယ်။ ဦးစောညိုက အိုဂျီးစံကို စာအုပ်တွေအကြောင်းမေးတော့

အိုဂျီးစံက အေးအေးဆေးဆေးပဲ ပြန်ပြောတယ်။

''အားလုံးအမှိုက်ပုံးထဲ ပစ်လိုက်ပြီ''

**ညီပုလေး**

၂၀၀၂ ခုနှစ်၊ အောက်တိုဘာ idea မဂ္ဂဇင်း

# သိုက်ထွန်းသက်

၁၉၈၀ ခုနှစ်များတစ်ဝိုက်တွင် မိုးဝေမဂ္ဂဇင်း၌ လူငယ်မျိုးဆက်သစ် စာရေးဆရာများ ပေါ်ထွက်လာခဲ့သည်။ သဲအိမ်မောင် နေဝါ၊ မောင်ရန်ပိုင်၊ ပိုင်စိုးဝေ၊ ကျော်စွာထက်၊ သိုက်ထွန်းသက်... စသဖြင့်။ သရုပ်မှန်စာပေလက်ရာ ဝတ္ထုတိုဇာတ်လမ်းများမှာ ထင်ရှားစွာ ထွက်ပေါ်လာခဲ့သည်။ သိုက်ထွန်းသက်၏ သရုပ်မှန်ဝတ္ထုတိုတစ်ပုဒ်ဖြစ်သော 'နွားခြေရာခွက်' ဝတ္ထုတိုလည်း အပါအဝင်ဖြစ်သည်။ နောင် သိုက်ထွန်းသက်သည် ဂေါဝိန်နောက်ခံဝတ္ထုတိုများဖြင့် ပြောစမှတ်ပြုရသော ဝတ္ထုတိုဆရာ ဖြစ်လာလေသည်။ အထူးသဖြင့် သူ၏ 'ရေးဟန်'သည် အလင်္ကာစကားလုံးများဖြင့် အနုစိပ် အိုင်ကျင်းဖွဲ့ကာ ရေးသားလာသဖြင့် သူ၏ဝတ္ထုတိုများသည် ရင်ကိုထိမှန် စွဲကျန်ရစ်စေ သည်။

ယခုဝတ္ထုတိုသည် စာရေးသက် ရင့်ကျက်လာသောကာလ (နှစ်ပေါင်း ၂၅ နှစ်ခန့်)အကြာ ရေးဖွဲ့လာသော သရုပ်မှန်ဝတ္ထုတို။ ကားပေါ်တွင်ကြုံတွေ့ခဲ့ရသော မိန်းမသားတစ်ယောက် အကြောင်း ဖြစ်ပါသည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

အာနန္ဒစိတ်ကြိုက်ကျမ်းထောင်

# သိုက်ထွန်းသက်

# အနုစိတ်အကြမ်းထည်

မှုန်ပြာသော ညနေရီ။

နေလုံးသည်ပင် မနီတတ်သေး။ ဧရာဝတီမြစ်ကို ကောင်းကင်က ဖြတ်ကျော်နေသော စကြာဝဠာငှက်ကြီးကား အတောင်ပံများ ခတ်လေတိုင်း ဝိုးဝင်းပြိုးပြက် မီးလျှံများ ကျွတ်ထွက်ကျသွားအောင် ခါထုတ်နေလေသည်။ မင်းဝံတောင်တန်းဆီ ရောက်လျှင်မူ မီးငှက်ကြီးဘဝမှ သစ်သီးမှည့် တစ်လုံးအဖြစ် ပြောင်းလဲသွားပေလိမ့်မည်။

နေလုံးနီနီသည် ငိုထားသော မြမြထွေး၏ မျက်လုံးတွေနှင့် တူလေသည်။

'မြမြထွေးနဲ့ပြောထားလို့သာ အစောကြီးထွက်လာရတာ၊ ဒါ လမ်းလျှောက်တဲ့ အချိန်မဟုတ်သေးဘူး။ နေအေးမှထွက်လာရင် အချိန် မရမှာစိုးလို့'

သည်နေ့တော့မြမြထွေး၏မျက်လုံးလှလှများပြုံးကြည်လဲ့နေသည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org



တစ်နေ့ကမူ အားရပါးရငိုချလိုက်သဖြင့် မျက်လုံးတွေရဲမှည့် သွားခဲ့လေသည်။

ကျွန်တော်နှင့် မြမြထွေးတို့ တွေ့ဆုံခြင်းသည် ယခုတစ်ကြိမ်နှင့်ဆို သုံးကြိမ် အဲ၊ လေးကြိမ်ရှိပြီ။

ပထမအကြိမ် တွေ့ဆုံခြင်းက အမှတ် (၇)လိုင်းကားပေါ်မှာ။

ကျွန်တော်တို့နှစ်ယောက်လုံး ကန်တော်ကြီး အနောက်ခြမ်း တိုက်တန်းများ၏ ကျောဘက်ရှိ လမ်းပေါ်ကနေ ကားတက်စီးခဲ့ကြသည်။ ကျွန်တော်က ကားရှေ့ခန်းမှာ အရင်ထိုင်ပြီးမှ အမျိုးသမီးက လိုက်တက်ခဲ့သည်။ အမှတ်တမဲ့ အချိန်ကလေးအတွင်းမှာပင် အမျိုးသမီး၏ မျက်လုံးလှလှလေးများကို ရှောင်လွှဲလိုက်သလို သူမ၏ ကိုယ်နေဟန်ဖွံ့ဖွံ့အတွက် ယာဉ်မောင်းသူဘက်ကို အတတ်နိုင်ဆုံး တိုးပေးလိုက်ရသည်။ ကားပေါ်တက်ပြီး မကြာခင်မှာပင် လမ်းပျက်ကြီးပေါ် ဖြတ်သန်းမောင်းနှင်လာသည်။ ကားတစ်စီးလုံး တစ်စစီဖြစ်မတတ် ယိမ်းခါနေသလို လူတွေလည်း ဘယ်ညာလူးပ်ခါနေလေသည်။ ထိုအချိန်မှာပင် ကားပြတင်းပေါက်ကနေ ဦးခေါင်းတစ်လုံး တစ်စောင်းပေါ်လာပြီး 'ရှေ့ခန်းက ကားခလေး' ဟု ဆိုသည်။

စပယ်ရာအသံ ကြားကြားချင်း လွယ်အိတ်ထဲက ပိုက်ဆံအိတ်ထုတ်ယူ ဖွင့်လိုက်သော်လည်း တစ်ပြားတစ်ချပ်မျှ ပါမလာ။ မျက်လုံးတွေပြာပြီး ရင်ထဲ ဒိန်းခနဲ ဖြစ်သွားမည်။ ပြီးမှ ပေးမယ်နော် ဟူသော စကားနှင့် ဟန်ကိုယ့်ဖို့ လုပ်လိုက်သော်လည်း အရမ်းစိတ်လှုပ်ရှားသွား

http://www.cherrythitsar.org



သည်။ ၂၉ လမ်းရောက်မှ ဂေါ်ပြားတို့မျက်မှန်ဆိုင်က တောင်းပေးရမလား၊ ကိုထွန်းဦး စာအုပ်ဆိုင်အထိ ပြေးယူရမလား။ ဈေးချိုမှာ အကြာကြီးရပ်ဦးမည့်အချိန်ဖြစ်ပေမယ့် ကားဆရာများက နားလည်မှုရှိစွာ သွားယူချိန် ပေးပါ့မလား။ စိုးရိမ်စိတ်များကြောင့် နဖူးဆံစပ်တွင် ချွေးကလေးတစိုစို။

အမျိုးသမီး ချက်ချင်းပေးလိုက်သည်ကို မြင်လိုက်၏။ အမှတ် (၂၄) အထက်တန်းကျောင်း အကျော်မှာ စပယ်ရာ၏မျက်နှာကို စောင်းလျက်အနေအထားအတိုင်း တစ်ဖန်ပြန်လည်ဖူးတွေ့ရပါသည်။ 'ပေးမယ်နော် စိတ်ချ။ အဆင်းကျမှယူနော်' ဟု မျက်နှာချိုသွေးကာ ပြောလိုက်မှ ပြတင်းဝမှနေ ပြူလာတဲ့ခေါင်းကြီး ပျောက်သွားတယ်။

ကျွန်တော့်ဒုက္ခနဲ့ကျွန်တော် စိတ်ကျဉ်းကျပ်စွာ လိုက်ပါလာရင်း ဒါရိုင်ဘာကိုကြည့်လိုက်တော့ မပြုံးမရယ် ခပ်တည်တည်။ အမျိုးသမီးဘက် မျက်လုံးလှည့်လိုက်စဉ်မှာ မသိကျိုးကျွံအနေအထား။ ကိုယ်ကတော့ ရှက်ရယ်ရယ်လျက်။

မန်းမြို့ဈေးမှတ်တိုင်ရောက်တော့ အမျိုးသမီးက စပယ်ရာကို ခေါင်းပြူ၍ ခေါ်လိုက်သည်။ သူ့လက်ထဲမှာ ၅၀ တန်တစ်ရွက်၊ 'ရှေ့က တစ်ယောက်အတွက်' ဟူသောအသံချိုချိုကို ကြားရသည်။ ကားအထွက်မှာ 'အားနာစရာကောင်းနေပြီ' ဟုပြောမိသည်။ 'ရပါတယ်ဆရာရယ်၊ တစ်ခရီးတည်းသွားတွေပဲ' ဟူသော နှစ်သိမ့်စကားဖြင့် တုန့်ပြန်သည်။ 'ဆရာ့ကို ကျွန်တော်သိပါတယ်၊ ဆရာ့စာတွေလည်း ကျွန်တော် ဖတ်ဖူးပါတယ်' ဟုဆိုသောအခါ ကျွန်တော် နေသာထိုင်သာရှိသွားသည်။ 'ဟောဗျာ မိတ်ဖြစ်ဆွေဖြစ်ပေါ့။ ပိုက်ဆံက ရှပ်အင်္ကျီအပေါင်း အိတ်ထဲမှာ အားလုံးကျန်ခဲ့တာဗျာ၊ ၂၉ လမ်းမှာ ပြေးယူပေးရတော့မလို့'

http://www.cherrythitsar.org



အမျိုးသမီးက ပြုံးလို့သာနေတော့သည်။ဈေးချိုရောက်သောအခါ အတူဆင်းကြသည်။

'ကျွန်တော် ကားခလေးပြေးယူပေးပါရစေ၊ ခဏလောက် စောင့်ပေးပါလား'

အားနာစွာကပင် ပြောလိုက်မိသည်။ အမျိုးသမီးလေးက ပြုံးနေသည်။

ဩော်... အမျိုးသမီးလေး...။ ကျွန်တော်ထင်တာထက် နုပျိုနေကြောင်း မျက်နှာချင်းဆိုင်ရပ်ပြီး စကားပြောမိတော့မှ နားလည်သွားရပြန်ချေပြီ။ နှာတံပေါ်ပေါ်လေးနဲ့ ပြုံးရောင်သန်းနေသော မျက်နှာတစ်ခြမ်းကို ရှက်အန်းအန်းပင် ငေးမောနေမိသည်။

'ဆရာက ပြန်ပေးချင်လို့လား။ ကျွန်မ စောင့်မယူနိုင်ဘူးဆရာရဲ့"

ကလေးတစ်ယောက်ကို ကြည့်စယ်ချင်သော အပြုံးမျိုးနှင့်။

'ဒီလိုလုပ်လေဆရာ၊ မနက်ဖြန်ညနေ လေးနာရီလောက်၊ ပြည်ကြီးမွန်ဖောင်တော်ဘက် လျှောက်လာခဲ့ပါလား။ ဆရာ့ပိုက်ဆံ ပြန်ပေးချင်ရင် ပြောတာပါ။ အဲဒီမှာ ကျွန်တော်စောင့်နေမယ်လေ'

နောက်ကားလာသဖြင့် ရှေ့ကားလည်း စက်ပြန်နှိုးကာ ထွက်သွားသည်။ အမျိုးသမီးလေးက ကိုင်းတန်းဈေးထဲဝင်သွားသည်။ ကျွန်တော်က ၈၄ လမ်းဘက်တက်ခဲ့သည်။ သံသရာခရီးကား ရှည်လျားသလောက် ကွေ့ကောက်တတ်နေသလား။

သူက ကျွန်တော့်စက်ဘီးကို မြင်မြင်ချင်း ပြည်ကြီးမွန်ဖောင်

http://www.cherrythitsar.org



တော်အနီး တံတားလေးပေါ်ကနေ ဝမ်းသာအားရ လက်ယမ်းပြသည်။ သူ့မျက်နှာ ကြည်ကြည်လေးသည် မနေ့ကထက် နုပျိုလန်းဆန်းနေပြီး။ မနေ့က ခန့်မှန်းထားမိသော သူ့အသက်ထက်လည်း နောက်ထပ် လျော့သွားပြန်သည်ဟု တွေးကာပြုံးလိုက်သည်။ သစ်ပင်ရိပ်တစ်ခုမှာ ထောင်ထားသော ရော်ဘင်ဟု စက်ဘီးကလေး တစ်စီးအနားမှာပင် ကျွန်တော့် စက်ဘီးကို ထားလိုက်သည်။ တံတားပေါ် ကျွန်တော်ရောက်ရောက်ချင်း လက်ထဲသို့ တစ်စုံတစ်ခု လာပေးသည်။ အေးစိမ့်သော အတွေ့အထိ စက္ကူပြတ်ကို ခွာလိုက်၏။ နေပူပူမှာဖြတ်သန်းလာခဲ့သော မျက်နှာအနှံ့ကို ရေခဲစိမ်ချွေးသုတ်ပဝါကလေးနှင့် ပွတ်ပစ်လိုက်သည်။ ကန်ရေပြင်ပေါ် ဖြတ်သန်းလာသော ရေငွေ့နွေးနွေးက မျက်နှာလာဟပ်သည်။ ဂျင်ပုံသဏ္ဌာန်ဖော်ထားသော ပင်လယ်ကဗွီးပင် ပုပုလေးပေါ်မှာ ပုဇဉ်းရင်ကွဲ တစ်ကောင်လာနားသည်။

သူ့နာမည်လေးက မြမြထွေး။

မြမြထွေးက ကျွန်တော့်ကို စာရေးဆရာမှန်း သိနှင့်ထားသည်။ ကျွန်တော်တို့နှင့် တစ်တိုက်ကျော်က အခန်းတစ်ခန်းမှာ နေထိုင်သည်။ ဆရာ့ကို ချိန်းမိတာ ဇာတ်လမ်းလေးတွေ ပြောပြချင်လို့ပါဟု ဆိုသည်။ ကျွန်တော်က 'ပုံပြင်လေးတွေ နားထောင်ရတာ ဝါသနာပါတယ်'ဟု ပြန်ပြောသောအခါ 'တကယ့် ထရူးစတိုရီတွေပါဆရာရယ်၊ မယုံရင်လည်း ပုံပြင်ပေါ့'ဟု ပြောကာ သွားလေးတွေပေါ်အောင် ရယ်သည်။ မြမြထွေးကတော့ ကျွန်တော့်အတွက် ကုန်ကြမ်းတဲ့။

မှန်တာ ဝန်ခံလျှင် ဇာတ်လမ်းတွေ လာပြောကြတာတွေ၊ နားထောင်ရတာလောက် ပျင်းစရာကောင်းတာ မရှိပေ။ ယခုလည်း အားနာ၍သာ နားထောင်နေရတယ်။ ဝတ္ထုရေးလောက်စရာမရှိ။ ရင်ထဲ

http://www.cherrythitsar.org



လည်း လှုပ်ခတ်မသွားသေး။ ဒါပေမယ့် မြမြထွေးက နက်ဖြန်ဆက်ဦးမယ်ဟု ဆိုလာသည်။ ကျွန်တော့်ဘက်ကလည်း မြမြထွေးစိုက်ထားသော ကားခပြန်မပေးရသေး။ ပြန်ပေးလို့လည်း ကောင်းမှာမဟုတ်။ အဲဒီတော့ မနက်ဖြန်တစ်ရက် လာပေးရဦးမယ်။ ဒီနေ့ သူပြောသော ဇာတ်လမ်းလေးကိုလည်း ခေါင်းထဲက ထုတ်ပစ်လို့မဖြစ်သေး။

မြမြထွေးပြောပြသော ဇာတ်လမ်းထဲကဇာတ်ဆောင်အမျိုးသမီးမှာ 'မမြမြဝင်း' ဖြစ်သည်။ မမြမြဝင်းမှာ သမီးနှစ်ယောက်ရှိသည်။ ခင်ပွန်းကတော့ သမီးကြီး ၅ နှစ်သမီးအရွယ်ကတည်းက ကွဲကွာသွားခဲ့တာ။ ဒီဇာတ်လမ်းစတင်ချိန်၌ ၁၀ နှစ်ကျော်ခဲ့ပြီ။ ကလေးတွေ အဖေက ရွှေသွားရှာသလိုလို သေခဲ့ပြီလား၊ ရှိသေးသလား မပြောနိုင်။ ဘယ်သူမှလည်း သေပြီဟုလည်း လာအကြောင်းမကြား၊ တွေ့ခဲ့သည်ဟုလည်း လာမပြော။ ကာလတစ်ခုမှာတော့ မမြဝင်းသည် မြေပွဲစားလိုလို၊ အိမ်ပွဲစားလိုလို လှုပ်ရှားလိုက်သေး၏။ ဂေါက်ကွင်းမှာ ကယ်ရီနေရာ ရမည်ဟုဆိုသောအခါ သမီးကြီးကို ၈ တန်းနှင့် ကျောင်းနှုတ်လိုက်သည်။ သူ့မှာလည်း အကြွေးလည်းအတော်ထူခဲ့ပြီ။

ပန်းလေးတစ်ပွင့်လို နုပျိုလန်းဆန်းစ သမီးကြီး အလုပ်ဝင်သည်နှင့် ကြွေးပူတွေအေးလာသည်။ အိမ်လေးကိုလည်း ဝါးကပ်အသစ်မိုးနိုင်လာသည်။ ရေပေးရေးကနေ ရေမီတာလျှောက်ပြီး သွယ်နိုင်ခဲ့သည်။ သမီးအဖိုးတန်လေးကိုမူ မမြဝင်းကိုယ်တိုင် စောင့်ရှောက်သည်။ ဂေါက်ကွင်းကို မနက်ရောညနေပါ လိုက်သည်။ တစ်ခါတစ်ရံ သမီးနှင့်အတူပြန်သည်။ သူ့မှာလည်း မိတ်ဆွေသစ်များ တိုးလာသည်။

သုံးလခန့်ကြာသောအခါ မမြဝင်းတစ်ယောက် အိမ်ထဲကအိမ်ပြင် မထွက်တော့ချေ။ အိမ်ထဲမှာပင် အခန်းအောင်းနေတော့သည်။

http://www.cherrythitsar.org



ဘယ်သူနှင့်မှလည်း အတွေ့မခံ။ သမီးငယ်က ကျောင်းမသွားခင် ဈေးဝယ်ပေးထားတာတွေကို တံခါးပိတ်ပြီး ချက်ပြုတ်သည်။ အိမ်ထဲမှာပင် ရေချိုးသည်။ အိမ်ဝန်းကျဉ်းကျဉ်းလေး၏ အရှေ့ပိုင်းကိုပင် လုံးဝ ထွက်မလာ။ နောက်ဖေးတံခါးဖွင့်ပြီး အိမ်သာဘက်ကူးတာမျိုးသာ လုပ်သည်။

မမြဝင်း မမြင်ပါလား။ မမြဝင်းနေကောင်းရဲ့လား။ မမြဝင်း ဘာဖြစ်နေတာလဲ။ အိမ်နားနီးချင်းများကမေးရင်လည်း သမီးတွေက ဘာမှမဖြစ်ပါဘူးဟုသာ ဖြေပေးရသည်။ တကယ်ကော မမြဝင်းဘာဖြစ်နေလဲဆိုတာ ပတ်ဝန်းကျင်က မသိဘဲနေမလား။ အုတ်တံတိုင်း အမြင့်ကြီးကာထားသောတိုက်ကြီးထဲ ပုန်းအောင်းနေတာမျိုးမှမဟုတ်ဘဲ ကလား။ မမြဝင်းကိုယ်တိုင် ပတ်ဝန်းကျင်ကိုမျက်နှာချင်းဆိုင်ပြီး အသိမပေးနိုင်သော်လည်း ဖုံးကွယ်ထားလို့မရဘူးဆိုတာ သဘောပေါက်လောက်သည်။

ထိုအရပ်မှာပင် ထိုရပ်ကွက်လက်သည်နှင့်သားလေးတစ်ယောက် မွေးပြီးသောအခါ မမြဝင်း စိတ်ဖောက်ချင်ချင်ဖြစ်လာသည်။ သမီးလေးတို့အတွက် ချစ်ရကောင်းမှန်းမသိမီမှာပင် မောင်လေးက လူ့လောကမှ ပြန်ထွက်သွားသည်။

မမြဝင်းကတော့ အခန်းအောင်းနေဆဲ။

ဇာတ်လမ်းဆုံးသွားတော့ 'ခုကော အမေနေကောင်းသွားပြီလား' ဟု မေးလိုက်မိသည်။ မြမြထွေး၏ပါးစပ်က အသံမထွက်။ ခေါင်းကိုသာ လှုပ်ရမ်းပြသည်။ ကော့ရှုန်းနေသော မျက်တောင်ဖျားမှာခိုနေသော မျက်ရည်စက်များလွင့်သွားသည်ကို နေရောင်မှာမြင်ရသည်။

မြမြထွေးက ကျွန်တော့်ကိုအာရုံပြောင်းအောင် ကြိုးစားရှာသည်။

http://www.cherrythitsar.org



တက်သေးအင်းနှင့် ကန်တော်ကြီး အတူတူပဲလား ဟု မေးသည်။ ကျွန်တော်က ၉၇ ခုနှစ်မှ အမည်ပြောင်းပြီး သာယာလှပသော ပတ်ဝန်းကျင်တစ်ခု ဖြစ်လာအောင်လုပ်ယူခဲ့ကြောင်း ပြောပြသည်။ တက်သိမ်းမောင်နှမ နတ်သမိုင်းကိုမေးတော့ ကျွန်တော် တိတိကျကျမပြောနိုင်။ မျက်နှာချင်းဆိုင်က ရေလယ်ကုသိနာရုံဘုရားအကြောင်း ပြောပြမယ်ဟု ဆိုသောအခါ ဘုရားပေါ်တက်ရအောင်ဟုဆိုသည်။ ဘုရားပေါ်ကနေ လျှောက်ကြည့်ရင်း ကျွန်တော်ညွှန်ပြသည့် ဘုရားမှန်သမျှ လက်အုပ်ချီနေပြန်သည်။ ဟိုမှာ ကပ်ကျော်ဘုရား၊ တိုက်နောက်က ပေါ်နေတာက ရွှေယင်းရဲ ဘုရား၊ စန္ဒာမုနိဘုရားကိုရော မြင်ရဲ့လား ဟိုမှာ မြေစွန်းဝန်ဘုရား၊ ဒီဘက်မှာ အာနန္ဒာ၊ ရွှေကဖူးရတာ မဟာမုနိဘုရားကြီး။ မြမြထွေးသည် ကလေးတစ်ယောက်ပမာ အပြစ်ကင်းစင် မနေသည့် တိုင် အညစ်အကြေးမှန်သမျှ ကင်းစင်နေလိုသောစိတ်နှင့် အမြဲတစေကြိုးစားသန့်စင်ထားမှန်း သိသာလွန်းလှသည်။ မျက်နှာလေးသာ လှသည် ဟု မဆိုသာ။ လွမ်းစရာကောင်းသည်ဟုသာ ပြောလိုက်ချင်သည်။

ကန်တော်ကြီးရေပြင်ကို အပေါ်စီးကနေ ဆီးမြင်ရသော အထူးသဖြင့် အနောက်နန်းမတော် မမြလေးတည်ထားသော ရေလယ်ကုသိနာရုံဘုရားပေါ်မှာမြင်ရသော မြမြထွေး၏မျက်နှာပေးက ပိုလို့ လွမ်းစရာ ကောင်းနေလေတော့သည်။

မမြလေးကို မြမြထွေးမသိ။ သာယာဝတီမင်းအကြောင်း မကြားစဖူး။ ပြည်မင်းသားအကြောင်းဆို ဝေးလေစွ။ 'ချစ်သမျှကို' ပတ်ပျိုးအကြောင်းပြောတော့ သူ့မျက်လုံးများ ရွှန်းလဲ့တောက်ပနေသည်။ ချစ်သမျှကို ပတ်ပျိုးထဲက စကားလုံးတွေနှင့်တော့ မြမြထွေး ရင်းနှီးပုံရသည်။

http://www.cherrythitsar.org



ဒီဘုရားက အနောက်နန်းမတော် မမြလေးတည်ခဲ့တာ၊ မမြလေးဆိုတာ စာဆိုရှင်မိဘုရားတစ်ပါးပေါ့။ သာယာဝတီမင်းသားရဲ့ သိမ်းပိုက်မှုကိုခံရတော့ မမြလေး အသက်(၁၇) နှစ်ပဲရှိသေးတယ်။ မင်းသားက(၄၁) နှစ်။ အိမ်ရှေ့မိဘုရားဘဝမှာ လှိုင်ထိပ်ခေါင်တင် ဖြစ်လာမယ့် သမီးလေးတစ်ပါး မွေးဖွားတယ်။ လှိုင်ထိပ်ခေါင်တင်ရော သိလား။

မြမြထွေးက ခေါင်းရမ်းသည်။ 'ဒီလောက် မသိပုံထောက်တော့ အနောက်နန်းမတော် မမြလေးဝင်စားတာထင်ပါရဲ့ မြမြထွေးရယ်' ဟု ပြောသောအခါ အသံထွက်အောင်ရယ်သည်။

ကျွန်တော်သည် မမြလေး၏ ဘဝနိဂုံးကမ္ဗတ် အဆုံးသတ်ပုံကို မပြောပြလိုက်တော့။

'ဒီနေ့တော့ ယုယုသင်းဆိုတဲ့ အမျိုးသမီးတစ်ယောက် အကြောင်း ပြောမယ်နော် ဆရာ''

သူရောကျွန်တော်ပါ စက်ဘီးကိုယ်စီတွန်းပြီး ကန်တော်ကြီးပတ်လမ်း အနောက်တောင်ထိပ်ဘက် တက်လာခဲ့ကြသည်။ ငါးမျှားနေသော လူနှစ်ယောက်က ကျွန်တော်တို့ဘက်ဆီ စိတ်ပျံ့လွင့်နေသည်။ ကုန်းအတက်မို့ ချွေးစို့သည်။ ဖိုလှိုက်နေသောမိန်းကလေးကို မကြည့်မိအောင် မျက်လုံးလွှဲထားသည်။

ဇာတ်ကောင်အမည်က ယုယုသင်းတဲ့။ ဂေါက်ကယ်ရီလုပ်ရင်းတည်းခိုခန်းတစ်ခုမှာ ညှို့ကြိုကောင်တာ သွားထိုင်ဖြစ်သည်။ ကယ်ရီလောက် ဝင်ငွေမကောင်း။ အလုပ်ကထွက်လိုက်သည်။ ကယ်ရီလည်း ပြန်မလိုက်ဖြစ်။ စားသောက်ဆိုင်တစ်ခုနှင့် အဆက်အသွယ်ရသည်။ အကြိုအပို့လုပ်ပေးသည်။ နောက်တော့ စားသောက်ဆိုင်မှာပဲ အိပ်တော့သည်။ စားသောက်ဆိုင်က စည်းကမ်းကောင်းသည်။ အထိန်းအသိမ်း

http://www.cherrythitsar.org



ကောင်းသည်ဟုဆိုသည်။ ညအိပ်ညဥ့်နေ အပြင်မထွက်ရ။ ယုယုသင်းက အပြင်ထွက်အိပ်သည်။ အလုပ်တာဝန်တွေလည်း လစ်ဟင်းလာသည်။ တစ်နေ့တော့ ယုယုသင်း အလုပ်ထုတ်ခံရသည်။ ယုယုသင်း အိပ်စရာမရှိ။ တည်းခိုခန်းမန်နေဂျာဆီ တယ်လီဖုန်းနှင့် အကူအညီ လှမ်းတောင်းသည်။ လေးဘီးကားတစ်စီး လွှတ်လိုက်သည်။ သူ နေစရာ နေရာလေးတစ်ခု ရသွားသည်။ အဲဒီညက မန်နေဂျာ သူ့ဆီလာသည်။ မန်နေဂျာက အခန်းကျဉ်းလေးဆီ မကြာမကြာ ကားတစ်စင်းလွှတ်ပြီး တည်းခိုခန်းကို ခေါ်တတ်သည်။ သည်တော့လည်း သူလိုက်သွားရတတ်သည်။ နောက်တော့ မန်နေဂျာပါ အလုပ်ပြုတ်သွားသည်။

အဆက်အသွယ်အချို့ကိုတော့ သူ့အစီအစဉ်နှင့် သွားပေးနေရသည်။ မန်နေဂျာနှင့်သူ မြို့စွန်ရပ်ကွက်လေးတစ်ခုသို့ ပြောင်းရွှေ့တော့ ဗိုက်ထဲမှာ ကလေးခုနှစ်လ ပါလာသည်။ ထိုရက်လေးမှာပဲ ကလေးမီးဖွားပြီး ငါးလအကြာမှာ မန်နေဂျာကြီးနှင့် သားလေးကို ပစ်ထားခဲ့ပြီး ခရီးထွက်သွားသည်။ ယုယုသင်း နှစ်နှစ်နီးပါး ပျောက်နေသည်။ ယုယုသင်းပြန်ပေါ်လာသောအခါ တစ်ကိုယ်လုံးမှာ ရွှေတွေ အပြည့်။ လောပန်တစ်ယောက်က ယုယုသင်းကို သမီးအဖြစ်မွေးစားလိုက်တယ်ဆိုပဲ။ ယုယုသင်းက မန်နေဂျာကြီးနှင့်သားလေးကို ငွေစက္ကူတွေ အများကြီး ပေးသွားသည်။ မန်နေဂျာကြီးက မျက်လုံးတစ်ဘက်ပင် ကွယ်နေပြီ။ သည်လိုနှင့် ယုယုသင်းပျောက်သွားပြန်ပြီ။ သည်တစ်ခေါက် ပြန်ပေါ်လာတော့ ကလေး ခုနှစ်နှစ်သားရှိနေပြီ။ မန်နေဂျာနှင့် ကလေးလည်း မြို့ သည်ဘက်အစွန်းမှ ဟိုဘက်အစွန်းသို့ ပြောင်းရွှေ့သွားခဲ့ပြီ။ ယုယုသင်းကို မွေးစားသော လောပန်ကြီးလည်း သေသွားပြီဟု ဆိုသည်။ သည်တစ်ခေါက်အလာမှာ ကောင်လေးတစ်ယောက် ပါလာသည်။ ကောင်

http://www.cherrythitsar.org



လေးက မမ မမနှင့် ပါးစပ်ကမချ။ ရပ်ကွက်ထဲက လူတစ်ယောက်အား မန်နေဂျာတို့သားအဖကို သွားခေါ်ပေးဖို့ လွှတ်လိုက်သည်။

ပြီးတော့ အထက်စက်အောက်စက်ငှားပြီး အိမ်ရှေ့မှာ ဗီဒီယို ပြသည်။ ဗီဒီယိုဇာတ်ကားစတင်ချိန်မှာ သားအဖရောက်လာသည်။ ယုယုသင်းက သူမှန်းပြီးဝယ်လာသော အင်္ကျီတွေကို သူ့သားလေးအား တစ်ထည်ပြီးတစ်ထည် ဝတ်ပေးကြည့်သော်လည်း သေးနေ ကျပ်နေသည်။ အင်္ကျီတွေအားလုံးက ကလေးထက်ငယ်နေသဖြင့် လုံးဝဝတ်မရ။ ကျန်း မာရေးချို့တဲ့လှပြီဖြစ်သော မန်နေဂျာကြီးကို 'တော်နေကောင်းအောင် လုပ်ဦး ကျုပ်ပြန်လာခဲ့မယ်' ဟုဆိုသည်။ မကြာခင် ရပ်ကွက်လူကြီးတွေ ရောက်လာပြီး ဗီဒီယိုစက်ကိုလာပိတ်သည်။ မနက်ဖြန်မှ ရုံတင်ပြသ မည့်ကားသစ်ကို ကြိုပြလို့ဆိုပဲ။ အနီးအနားက ရုံပိုင်တစ်ယောက်က တိုင်တာနှင့် လာဖမ်းကြတာဟု ဆိုသည်။ ယုယုသင်း၏ကောင်လေးနှင့် ရပ်ကွက်လူကြီးများ အချေအတင် စကားပြောနေကြသည်။ ယုယုသင်းက သားလေးကိုပေါင်ပေါ်တင်ပြီး မျက်ရည်ကျနေသည်။ မကြာမီ အပေါ်စက်ရော အောက်စက်ရော ကားပေါ်တင်သွားကြသည်။ ထိုညက မိုးမလင်းမီမှာပင် ကောင်လေးနှင့်ယုယုသင်းတို့ ခရီးပြန်ထွက်သွား ကြပြန်သည်။ ယခုဆိုသော ယုယုသင်း အိမ်ပြန်မလာတာ လေးနှစ် ကျော်ပြီဟု ဆိုသည်။ နောက်ပြီး မန်နေဂျာကြီးလည်း ကွယ်လွန်ရှာပြီဟု ဆိုသည်။

သည်ဇာတ်လမ်းလေး ဆုံးသွားသော်လည်း မြမြထွေး မျက် ရည်ကျမလာ။ ကျွန်တော့်ကိုပင် ပြုံးပြုံးရွှင်ရွှင် ရယ်ရယ်မောမောနှင့် ဘယ့်နှယ်လဲ လွမ်းစရာမကောင်းဘူးလားဟု မေးလိုက်ချေသေးသည်။ ကျွန်တော်ဖြင့် မွမ်းကြပ်နေပြီ။ ကန်ပတ်လမ်းပေါ်မှာ တွန်းတက်နေရလို့

http://www.cherrythitsar.org



မောရသည့်အထဲ ဇာတ်ကြီးက မောရပါဘိ။

'မနက်ဖြန်တစ်ရက်တော့ လာခဲ့ပါဦး၊ မေးစရာလေးတွေ ရှိနေလို့ပါ။ ဆရာတို့က ပညာရှိတွေဆိုတော့ ကျွန်မသိချင်တာလေးတွေ ဖြေနိုင်မှာပါ' ဟု ဆိုပြန်သည်။

ရှစ်လမ်းသွားလမ်းမကြီးပေါ်မှာ ကျွန်တော်နှင့်မြမြထွေးတို့ လမ်းအတူ လျှောက်ပြန်ခဲ့ကြသည်။ မီးငှက်ကြီးကတော့ သစ်သီးမှည့်ကြီးအဖြစ် လုံးဝပြောင်းလဲသွားပြီ။ နှစ်ယောက်စလုံး စက်ဘီးများ ထားခဲ့ကြပြီး လမ်းလျှောက်ပြန်ကြဖို့ ကြိုတင်စီစဉ်ခဲ့ကြသည်။ ဆုံရပ်ပြည်ကြီးမွန်ဖောင်တော်ကြီးဆီကိုတော့ လိုင်းကားစီးပြီး ကိုယ့်အစီအစဉ်နှင့်ကိုယ် ထွက်ခဲ့ကြသည်။ ဂိတ်ဆုံးအထိကားစီးပြီး မြေလမ်းအတိုင်း လျှောက်သွားလျှင် ဖောင်တော်ဘက် ထွက်လို့ရသည်။

မြမြထွေးနှင့်လေးကြိမ်မြောက်ဆုံပြီးသောအခါ ကျွန်တော့်ဘက်က အနောက်နန်းမတော် မမြလေးအကြောင်း ရှည်လျားထွေပြားစွာပြောပြခဲ့ပြီး မြမြထွေးဘက်က ဝတ္ထုအကြမ်းထည်နှစ်ပုဒ်နှင့် ပြဿနာရပ်အပေါ်လည်း မြမြထွေး ကျေနပ်လောက်အောင် အဖြေမပေးနိုင်ခဲ့ချေ။ ကျွန်တော်က လမ်းလယ်ကျွန်းခြားထားသော ရှစ်လမ်းသွားလမ်းမကြီးကို ဟိုဘက်ဒီဘက် ကူးလျှောက်နေသည်။ တစ်ခါတစ်ရံ လမ်းလယ်ကျွန်း၏ ညာဘက်က။ တစ်ခါတစ်ရံ လမ်းလယ်ကျွန်း၏ ဘယ်ဘက်က။ မြမြထွေးက 'ဆရာက စည်းကမ်းလည်းမရှိဘူး' ဟု ဆိုသောအခါ ကျွန်တော်က 'ရှစ်လမ်းသွားလမ်းမကြီးပေါ်ရောက်ရင် စိတ်ကောလူကော လွတ်လပ်

http://www.cherrythitsar.org



ပေါ့ပါးသွားတတ်တော့ လမ်းလည်း လွတ်လွတ်လပ်လပ်ကြီး လျှောက်ပစ်လိုက်တာပဲ' ဟုဆိုသည်။ မြမြထွေးက လက်ဝဲဘက်ကနေ လျှောက်လျှင်တော့ ကျွန်တော်က ယာဉ်ကျောပြောင်းပြန်ကြီးဖြစ်နေပြီဟု ပြောသည်။ မြမြထွေးတစ်ယောက်လည်း ယာဉ်ကြောအတိုင်း လျှောက်ပြန်တော့လည်း ကျွန်တော်ပင် လမ်းလျှောက်တဲ့လူဆိုတာ ရှေ့တည်တည့်လာနေတဲ့ ကားနဲ့ မျက်နှာချင်းဆိုင်ထား လျှောက်ရ၏။ ပါးမှရှောင်လို့လွယ်မှာ။ လူဆိုတာ မော်တော်ကား မဟုတ်ဘူး၊ အမြန်ယာဉ်တွေနဲ့ မျက်နှာချင်းဆိုင် လျှောက်ရတယ် ဟု ပြောပြန်သည်။ မြမြထွေးကလည်း လူဥပဒေနဲ့ ကားဥပဒေ မတူပါဘူးဆရာရယ် ဟု ရယ်သွမ်းသွေးကာပြောသည်။

ပင်ချင်းဆက်ကိုင်းချင်းယှက်နေသော လက်ပံပင်ကြီးတွေကို ကြည့်ပြီး 'ကမ်းနားသစ်ပင်ကြီးတွေလည်း သက်တမ်းရှည်လိုက်တာနော်' ဟု ဆိုသည်။ လက်ပံပင်ကြီးအတွက် မြေပေါ်မှာကုတ်တွယ်ထားသော အမြစ်ကြီးတွေက မင်းဝံတောင်တန်းကြီးတွေနှင့်အပြိုင် 'ကျွန်မသာလက်ပံပင်ကြီးဖြစ်ရင်တော့ အဲဒီလောက်သန်မာတဲ့အမြစ်တွေ ရှိနိုင်မယ်မထင်ဘူး။ ဝုန်းခနဲ ဝုန်းခနဲ ပစ်လဲသွားမှာ' ဟုလည်း စိတ်အားငယ်စွာ ပြောနေပြန်သည်။ ကျွန်တော်က ဖြူဖွေးခြောက်ကပ်နေသော လမ်းလယ်ကျွန်းပေါ်က လက်ပံပင်ခြောက်ကြီးကို လက်ညှိုးထိုးပြသည်။ 'ဟိုမှာ ကြည့်စမ်းပါဦး မြမြထွေးရဲ့။ လက်ပံပင်ကြီးပဲ။ သေတောင်သေပြီ။ သူ့အမြစ်တွေက ကုပ်တွယ်ထားတုန်း။ ဘယ်မှာပြိုလဲလို့လဲ။ တကယ်တော့ ကိုယ့်ကိုယ့်ကိုယ်ခိုင်မာဖို့သာ အဓိကပါ' ဟု အားပေးစကားဆိုသည်။

မမြဝင်းဆိုသောသူ့မေမေ၏ဇာတ်ကြောင်းနှင့်ယုယုသင်းဆိုသောသူ့မမ၏ဇာတ်ကြောင်းများက အနောက်နန်းမတော် မမြလေး၏

http://www.cherrythitsar.org



ဇာတ်ကြောင်းလိုပင် ဇာတ်သိမ်းမကောင်းလှ။ မြမြထွေးကိုယ်တိုင်လည်း ဆံပင်အလှပြင်ဆိုင် အမည်တပ်ထားသော ခေါင်းလျှော်အနှိပ်ခန်း တစ်ခုကနေ အခြေအနေမကောင်းသဖြင့် အနားယူနေရသည်။ သူက အနှိပ်ခန်းလုပ်ငန်းကို ကောင်းရောင်းကောင်းဝယ်ပါဟု ပြောချင်ပုံရသည်။ ကျွန်တော်က 'ဥပဒေဆိုတာ ဝေဖန်စရာမဟုတ်ဘူး။ လိုက်နာစရာ' ဟု ဆိုတာကိုလည်း ကျေလည်ပုံမရ။ ''ဒီလုပ်ငန်းကို ပြည့်တန်ဆာ လုပ်ငန်းအလို့ငှာ မြူဆွယ်ဖို့ကြံဆပြီး ဖွင့်ထားတဲ့လုပ်ငန်းတစ်ရပ် လို့ သတ်မှတ်ထားသရွေ့ ဒီလုပ်ငန်းမလုပ်ဘဲ အခြားသော အသက်မွေး ဝမ်းကျောင်း ရှာဖွေလုပ်ကိုင်ရမှာပဲ မြမြထွေး။ ပြီးတော့ ရိုးရိုးသားသား အမျိုးသမီး အလှပြင်ဆိုင်တစ်ဆိုင်မှာ ဝင်လုပ်လို့လည်းရနေသားပဲ''ဟု မျက်နှာထားတင်းတင်းနှင့် စကားပြတ်ပြတ်ဆိုလိုက်သောအခါ 'ကျွန်မ ကြိုးစားကြည့်ပါဦးမယ်' ဟု မျက်လွှာလေးချကာဆိုသည်။

အခြေအနေကောင်းရင်တော့ ဆရာ့ကိုခေါင်းလျှော်ပေးချင် သေးတယ်ဟု မြမြထွေးကကျီစယ်သောအခါ ကျွန်တော့်အဖို့ လေးရက် လုံးလုံး အိမ်ကအမျိုးသမီးကို အမျိုးမျိုးလှည့်ပတ်ထွက်နေရသည်။ မြမြထွေးနှင့်စကားပြောရတာ ခေါင်းလည်းအတော်ပူပါသည်။

အိမ်ရောက်မှပဲ ချစ်ဇနီးလေးကို တရော်ကင်ပွန်းရှာပြီး ခေါင်း လျှော်ခိုင်းရလေမလား။

**သိုက်ထွန်းသက်**

၂၀၀၃ ခုနှစ်၊ ဇန်နဝါရီလထုတ် Beauty မဂ္ဂဇင်းအမှတ်–၃၅

http://www.cherrythitsar.org

# မောင်ညိုပြာ

၁၉၇၀ ခုနှစ်ဝန်းကျင်၊ မိုးဝေစာပေမဂ္ဂဇင်းစင်မြင့်မှ ထွက်ပေါ်ထင်ရှားလာသော လူငယ်မျိုးဆက်သစ် ဝတ္ထုတိုဆရာတစ်ဦး ဖြစ်သည်။ ဝတ္ထုတိုများအပြင် ကဗျာ၊ ရသစာတမ်းနှင့် ဆောင်းပါးများ ရေးသားနေပါသည်။ အထူးသဖြင့် ဝတ္ထုတိုဆရာစစ်စစ်ဖြစ်သည်။ ဝတ္ထုတိုလုံးချင်းစာအုပ် (၄)အုပ် ထုတ်ဝေခဲ့ပြီးပြီ။ (နှလုံးသားပြတင်းများ(၁၉၉၅)၊ မာရ်နတ်၏ခြေသလုံး(၂၀၀၀)၊ စိတ္တဇရုပ်မြင်သံကြား(၂၀၀၀) နှင့် တနင်္လာအကြည့်များ (၂၀၀၃) ဖြစ်သည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# ကိုယ်ပိုင်ထမင်း

## မောင်ညိုပြာ

ရည်မွန်ဦးစာပေ

# ကိုယ်ပိုင်ဇာမဏီ

ကျွန်တော့်ခြံသို့ အလည်အပတ်မရောက်ဖူးသူများကို တစ်ခါတစ်ခေါက် အလည်အပတ် ရောက်ဘူးစေချင်ပါသည်။ ပေ ၅၀ ပေ ၁၀၀ ခန့်ရှိသည့် လေးထောင့်ပုံခြံထဲတွင် ကျွန်တော့်အိမ်သည်အချိုးအစားကျနမှုကင်းသည့်ပုံစံဖြင့် တရားထိုင်နေသော လူအိုတစ်ယောက်ကဲ့သို့ ငြိမ်သက်နေသည်။ သို့သော် ကိစ္စမရှိ။ သည်အိမ်အိုထဲမှာ စာရေးဆရာတစ်ယောက်နေထိုင်သည်ဆိုသည်ကို အိမ်နီးချင်းတွေကအစ တစ်လမ်းလုံးက သိမှတ်ထားကြပုံတော့ရသည်။ စာရေးဆရာတစ်ယောက်။အရက်မသောက်တတ်။အေးအေးဆေးဆေးနေတတ်သည်ဆိုသောအချက်အလက်တို့၏လတ်ဆတ်မှုဖြင့် အိမ်အိုကိုကျားကန်ထားရသည်။ စာရေးဆရာ့အိမ်ဆိုတာ အလွန်စုတ်ချာတာပဲလို့ ထင်သွားမည်ကိုတော့ စိုးရိမ်ရသေးသည်။ သို့သော် စာရေးဆရာဆိုတာ အလွန်ဆင်းရဲသည်ဟု ထင်၍တော့မသင့်ပေ။ သည်

http://www.cherrythitsar.org



ပေ ၁၀၀ နှင့် ပေ ၅၀ ခန့် ကျယ်ဝန်းသော မြေကွက်သက်သက်သည်ပင် သိန်း ၅၀ လောက် တန်နေသောကြောင့်ဖြစ်သည်။

ကျွန်တော်တို့အိမ်၏ဘယ်ဘက်တွင် ငွေကြေးတစ်ခုတည်းကို အမိအရ ဘဝတစ်လျှောက်လုံး မိသားစုအကုန်လုံး တက်ညီလက်ညီ ရှာဖွေကြသောအိမ်ရှိပြီး သူတို့သည် ကျွန်တော့်ဝတ္ထုကို တစ်ပုဒ်တလေမှ ဖတ်ရှုမိပုံမရပေ။ ညာဘက်တွင် ခရစ်ယာန်ဘာသာဝင် မိသားစုအိမ် တစ်အိမ်ရှိသည်။ အလွန်အေးဆေးငြိမ်သက် ယဉ်ကျေးသောမိသားစု။ ကျွန်တော် သူတို့အကြောင်းကို မကြာခဏဝတ္ထုရေးဖူးသည်။ သူတို့ကို ကြည့်ပြီးပြောရလျှင် လူတွေမှာ လွတ်လပ်စွာကိုးကွယ်ခွင့်ဆိုသည်မှာ အသေအချာရှိပြီး ထည့်စဉ်းစားစရာမလိုအောင် အသားကျနေသည်။ အရေးအကြီးဆုံးမှာ ဘယ်ဘာသာပဲကိုးကွယ် ကိုးကွယ်၊ ယဉ်ကျေး သိမ်မွေ့ရိုးသားမှုသည် အလွန်တန်ဖိုးရှိကြောင်း တွေ့ရမည်။

ကျွန်တော်တို့ အိမ်ရှေ့လမ်း၏ဟိုဘက်မှာ ခရစ်ယာန်သာသနာပြု စာအုပ်စာတမ်းများထုတ်ဝေသော အိမ်တစ်အိမ်ရှိ၏။ သူတို့ စာအုပ် ငယ်တစ်အုပ်တွင် 'ချာ့ချ်ဘဲလ်တေးသံ' ဆိုသော ကဗျာတစ်ပုဒ် ကျွန်တော် ဝင်ရေးဖူးပြီး အယ်ဒီတာလူငယ်သည် ကျွန်တော့်ကို လေးလေးစားစား ထွက်ပြီးနှုတ်ဆက်တတ်သည်။

ကျွန်တော်တို့အိမ်၏ အနောက်ဘက်အိမ်များကတော့ အားလုံး မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တွေချည်းပဲ ဖြစ်သည်။ အနောက်ဘက် တည့်တည့်မှာ အိမ်တစ်အိမ်ကိုတော့ ကျွန်တော်၏ ဝတ္ထုတိုပေါင်းချုပ် တစ်အုပ်ပေးဖူးသဖြင့် ကျွန်တော့်ကလောင်နာမည်ကို မှတ်မိကောင်းမှတ်မိ ပေမည်။ မမှတ်မိလည်း အပြစ်တင်ဖို့မကောင်းပါ။ ကျွန်တော့်ပတ်ဝန်း ကျင်ကလူတွေမှာ များသောအားဖြင့် ငွေများများရရေးသာ အဓိကဝါဒကို

http://www.cherrythitsar.org



ကျင့်သုံးသူများဖြစ်ကြသည်။ ငွေရှိသူများကို အထင်ကြီးရေးသည် သူတို့ဝါဒပဲဖြစ်သည်။ ကျွန်တော့်ပတ်ဝန်းကျင်ရှိ အိမ်များတွင် ၅% လောက်သာ အိမ်ဖော်ထားတတ်ကြသည်။ ကျွန်တော်တို့ခြံ၏သုံးခြံကျော်တွင် အသက်ကြီးကြီး အိမ်ဖော်မကြီးတစ်ယောက်ရှိသည်။ အသက် ၆၀ နီးပါးရှိပြီ။ အသက် ၁၅ နှစ်ဝန်းကျင်မှစ၍ အန္တရာယ်တွေနှင့်တွေ့ကြုံခဲ့ရသည်။ တစ်နေ့နေ့မှာ လင်ကောင်းသားကောင်းတစ်ယောက်ရရှိရေး အိပ်မက်ကလေးသည် မှေးမှိန်ခဲ့ရသည်။ ချစ်တယ်၊ သံယောဇဉ်ရှိတယ် ဆိုသောစကားကို တစ်ခွန်းမှမပြောဘဲနှင့် အနိုင်ကျင့်ယုတ်မာချင်သော ယောကျ်ားများနှင့် ပက်ပင်းတိုးပြီး ထွက်ပြေးခဲ့ရသည်။ သူ၏အရွယ်နှင့် အပျိုစင်ဘဝကို သူ့ထက်ငါဦးအောင်ဖျက်ဆီးချင်သော ယောကျ်ားများကို သူရွံ့သည်။ တတ်နိုင်လျှင် သတ်ပစ်ချင်သည်။ သို့သော် တကယ်တမ်းကျတော့ သူ အလျှော့ပေးခဲ့ရပြီ။ တခြားမဟုတ်။ လူတစ်ယောက်၊ ပွင့်ပွင့်လင်းလင်း ပြောရလျှင် မယားကြီးငုတ်တုတ်ရှိသော အိမ်ရှင်ကြီးက သူ့ကိုချစ်တယ်၊ ချစ်တယ်ဆိုသောစကားကို လူလစ်လျှင်လစ်သလို အဆက်မပြတ်ပြော လာသည်။ ကိလေသာရမ္မက်ကို သူဖြတ်ကျော်ခဲ့ပြီး သုံးနှစ်ကြာသော အခါကျမှ သူ့ရင်ထဲ အချစ်ကို စ၊တွေ့သလို သူခံစားရသည်။ အချစ်ပါ သောနမ်းရှုပ်ခြင်းနှင့် အချစ်မပါသောနမ်းရှုပ်ခြင်းတို့ကို သူခွဲခြားသိ လာသည်။ ရင်တွေခုန်နေရခြင်းများသည် အဆက်မပြတ်ဖြစ်လာသည်။ မရပ်မနားဖြစ်လာသည်။ ကိစ္စတွေက ပုံစံအမျိုးမျိုးနှင့် များမြောင်လာသည်။ ကိုယ်ဝန်သုံးလရှိပြီ။

မြို့သစ်တစ်နေရာမှာ သူ့ကိုထားမည်ဟု သူ့အမျိုးသားက သူ့ကို ပြောသည်။ ယခုတော့ စကားပြောလျှင် ‘အမျိုးသားက’ ‘အမျိုးသားက’

http://www.cherrythitsar.org



ဟု သူ သာယာစွာ ထည့်ပြောလာနိုင်ပြီ။ ကိုယ့်မှာ စောင့်ကြည့်နေသူ တစ်ယောက်ရှိလျှင် ကိုယ်ကလည်း သူ့ကိုမမုန်းနိုင်ဘူးဆိုလျှင် ရင်ထဲမှာ နွေးနွေးကလေးနှင့် သာယာနေတတ်သည်။

သူ့စိတ်ထဲမှာတော့ ကိုချစ်အောင်သည် ရမ္မက်အနေနှင့်ရော၊ အချစ်အနေနှင့်ရော၊ မေတ္တာအနေနှင့်ရော စွဲမက်ဖွယ်အကောင်းဆုံး ဖြစ်နေ၏။ ဘဝကသာယာနေ၏။

ထိုဟာမှာမနေ့တစ်နေ့က အကြောင်းအရာများဖြစ်သည်။ ယနေ့ အကြောင်းအရာမဟုတ်။ ယနေ့အကြောင်းအရာမှာ သူနှင့်ကိုချစ်အောင်ကို မယားကြီးက မြင်တွေ့သွား၏။ အထိခိုက်ဆုံး စကားလုံးများ၊ အနိမ့်ကျဆုံးဖြစ်အောင်ရပ်လုံးဖော်သည့် ဝေါဟာရများ၊ ကြောက်စရာ အကောင်းဆုံးဆဲဆိုမှုများကို အပူလောင်ဆုံးမျက်ရည်များဖြင့် ရေးခြယ်ထားသော နေ့တစ်နေ့ကိုရင်ဆိုင်ခဲ့ရ၏။ အရိုက်ခံရသောပါးနှစ်ဖက်မှာ ပူထူသွား၏။

အိမ်ပေါ်မှ ဆင်းလာခဲ့ရ၏။

သာကေတမြို့တွင် ကိုချစ်အောင်ငှားပေးသော အိမ်မှာနေရ၏။ သမီးမိန်းကလေး မွေးဖွား၏။ ကိုချစ်အောင်က သမီး ၆ နှစ်အရွယ်အထိ သူ့ထံ ဆက်တိုက်လာနေရာမှ နောက်ပိုင်း လုံးဝအဆက်ပြတ်သွားခဲ့တော့သည်။ ကိုချစ်အောင်၊ သူ့မယားကြီးနှင့် သူ့ကလေးသုံးယောက်တို့ မြန်မာပြည်၏ ဝေးလံသောဒေသတစ်ခုသို့ ပြောင်းသွားကြပြီ။ သွားရလာရခက်သော နေရာမျိုးကို ပြောင်းသွားသည်ဟုသာ သိရ၏။ ဘယ်နေရာမှန်းမသိ။ ရက်စက်လိုက်သည့်လူ။ အလကားလူ။ သူ့ဘဝမှာ အားအကိုးရဆုံးလူ ရုတ်တရက်သေသွားပြီ။ အညာအရပ်ဒေသတစ်ခုမှာ ဧရာဝတီမြစ်ထဲလိမ့်ကျပြီး သေရှာပြီ။ သူကိုယ်သူ မုဆိုးမဘဝနှင့် စတင်လေ့ကျင့်ရသည်။

http://www.cherrythitsar.org



လောကမှာ ဘဝအဖော်က ရက်စက်လို့ဖြစ်စေ၊ သစ္စာမဲ့လို့ဖြစ်စေ၊ အမှန်တကယ်မသေသေးဘဲနှင့် 'သေသွားပြီ' လို့ ပြောတတ်သည့် မုဆိုးမအတုတွေအများကြီးထဲ သူတစ်ယောက်လည်း အပါအဝင်ဖြစ်ခဲ့သည်။

လက်ထဲတွင်ရှိသော ငွေစကလေးများလည်း ပြောင်ပြီ။ ငွေစကလေးများသည် ခြေဦးတည့်ရာ လျှောက်သွားနေပြီ။ သူသည် အရင်က သိကျွမ်းခဲ့ဖူးသော အိမ်ဖော်ပွဲစားကို လိုက်ရှာရသည်။ တွေ့ပြီ။ သူဆက်သွယ်ပေးသောကြောင့် အိမ်တစ်အိမ်မှာ အလုပ်ရသည်။ အိမ်တစ်အိမ်လုံးမှာ အဘိုးကြီးအဘွားကြီး နှစ်ယောက်တည်းပဲရှိသည်။ အဘွားကြီးက ၇၈ နှစ်၊ အဘိုးကြီးက ၆၈ နှစ်။ အဘွားကြီးက သူငယ်ပြန်နေပြီ။ အဘွားကြီးနှင့် တစ်ချိန်က အလွန်ခင်မင်ခဲ့သည့် အိမ်နီးချင်းများကို ခပ်စိမ်းစိမ်းလေသံဖြင့် 'ဘယ်မြို့မှာနေလဲ' ဟု အဘွားကြီးက မေးတတ်သည်။ ယခုလို အဘွားကြီး မေ့မေ့လျော့လျော့ ဖြစ်တတ်ခြင်းမှာ အဘိုးကြီးအတွက် ကံကောင်းထောက်မခြင်းပဲ ဖြစ်သည်။

အဘွားကြီးမဆုံးမီကတည်းက အဘွားကြီးအနေနှင့် သစ္စာမဲ့ခြင်း၊ သစ္စာရှိခြင်းကို မသိနိုင်တော့။ အဘွားကြီးရှေ့မှောက်မှာပင် သစ္စာမဲ့နေကြသည်ကို အဘွားကြီးစိတ်မဆိုးတော့ကြောင်း ကျွန်တော်တို့ရပ်ကွက်ထဲမှလူတချို့က ပြောကြသည်။

''ဒီအိမ်မှာ ဟိုအိမ်ဖော်မကြီးက ခွင်ရိုက်နေတာပါ''

''အဘိုးကြီးကသူ့သမီးကို ကျောင်းထားပေးတယ်။ အဝတ်အစားဆင်ပေးတယ်။ သမီးရဲ့ပညာရေးအတွက် အစစအရာရာ တာဝန်ယူရတဲ့ အဘိုးကြီးဟာ အဲဒီလောက်တော့ အခွင့်အရေးပြန်ယူမှာပေါ့''

မည်သူကမျှ မတွေ့မမြင်သော်လည်း သူနှင့်အဘိုးကြီးတို့ ငြိနေ

http://www.cherrythitsar.org



ကြပြီဆိုသည်ကို ရိပ်မိသိရှိနေကြသည်မှာ နှစ်တွေမနည်းတော့။ အိမ်ရှင် အဘွားကြီးပင် အသက် ၉၀ နှစ်တွင် ဆုံးသွားခဲ့ပြီ။

အိမ်ရှင်အဘိုးကြီးနှင့် အဘွားကြီးတို့မှာ သားသမီးတစ်ယောက်မှ မထွန်းကားခဲ့။ ထိုသို့ မထွန်းကားခဲ့သောကြောင့်သာ အဘိုးကြီးအနေနှင့် မိန်းမရှုပ်စရာ အကြောင်းဖန်လာသည်ဟုပြောသည်ကို ရပ်ကွက်ထဲမှ လူတချို့က လက်မခံပေ။

"ဟိုဘက်လမ်းက ဦးကျော်စိန်ဆိုရင် အသက် ၄၅ နှစ်မှာမုဆိုးဖို ဘဝရောက်ခဲ့တယ်။ သားသမီးလည်း မထွန်းကားခဲ့ဘူး။ ဒါပေမယ့်စာရိတ္တ ဘာကောင်းသလဲမမေးနဲ့။ ဒီအဘိုးကြီးကတော့ ဦးကျော်စိန်လိုမဟုတ်ဘူး။ အသက်ကလည်း ၇၀ ကျော်နေပြီ။ ကဲနေတုန်းပဲ"

အဘွားကြီး ဆုံးသွားပြီးနောက် အိမ်ဖော်မိန်းမကြီးသည် သူနှင့် သူ့သမီးအတွက် အာမခံချက်တချို့ အကောင်အထည်ဖော်ပေးရန် အမျိုးမျိုးစည်းရုံးခဲ့သော်လည်း အဘိုးကြီးသည် သူတို့သားအမိအတွက် ဘာမှ ရေရေရာရာ မဆောင်ရွက်ပေးခဲ့။ အဘိုးကြီးသည် နဂိုကတည်းက သနားကြင်နာမှုကင်းမဲ့နေခြင်းနှင့် သူ့အပေါ်မှာလည်း ဘာပဲပေးဆပ်ရ ပေးဆပ်ရဆိုသော အချစ်နှင့်သံယောဇဉ်မျိုး မရှိသောကြောင့်ဖြစ်၏။ သို့မဟုတ် ထိုသို့ တန်ဖိုးကြီးကြီးမားမား ပေးရန်မထိုက်တန်ဟု အဘိုးကြီး က ယူဆထားသောကြောင့်လည်း ဖြစ်နိုင်သည်။ အမှန်အတိုင်းပြောရလျှင် အဘိုးကြီးသည် သူမအပေါ်မှာ အိမ်ဖော်မတစ်ယောက်ကဲ့သို့ ဆက်ဆံ ရေးမျိုး ပျောက်ကွယ်မသွားခဲ့။ တစ်နည်းအားဖြင့်ပြောရလျှင် အဘိုးကြီး အနေနှင့် လူသိရှင်ကြား အဖြစ်ခံနိုင်လောက်သည်အထိ သူ့ရုပ်ရည်က အဘိုးကြီးကို ဖမ်းစားနိုင်ခြင်းမရှိ။

"အစ်ကိုကြီး၊ အစ်ကိုကြီးဟာ ကျန်းမာရေး တစ်နေ့တခြားချို့တဲ့

http://www.cherrythitsar.org



လာပြီ။ အသက်လည်းသိပ်ကြီးလာပြီ။ မသေခင်မှာ ကျွန်မတို့သားအမိအတွက် တစ်ခုခုလုပ်ပေးခဲ့ပါ''

''ငါ ဘာလုပ်ပေးနိုင်မှာလဲ။ အားလုံးက မျက်စိဒေါက်ထောက်ပြီးစပ်စုနေကြတာ။ ပြီးတော့ ငွေပိုငွေလျှံတစ်ပြားမှ မရှိဘူး။ ဒီအိမ်တစ်လုံးပဲကျန်တော့တာ။ နင့်သမီးကို ငါကျောင်းထားပေးခဲ့တာ ၉ တန်းရောက်ပြီ''

''ဟုတ်တော့ဟုတ်ပါတယ်။ ဒါပေမယ့် အစ်ကိုကြီးမရှိရင် ကျွန်မတို့ မိသားစု ဘယ်မှာနေရမှာလဲ''

''နောက် ဒီအိမ်ကို ပိုင်မယ့်လူတွေကလည်း နင်နဲ့ရင်းနှီးသားပဲ။ သူတို့လည်း အိမ်ဖော်တစ်ယောက် လိုချင်လိုနေဦးမှာပါ''

''သူတို့ မလိုရင်ရော''

''လိုဖို့ များပါတယ်''

နောက်ဆုံး ပြောခဲ့ရသော စကားများ။

ထို့နောက် အဘိုးကြီးသည် ဘာမှ ကောင်းကောင်းမမှတ်မိတော့။ ဘာစကားမှ ကောင်းကောင်းပြော၍ မရတော့။ ဘာဆိုဘာမှ ခံစား၍ မရတော့။ ကာမအပေးအယူ မရှိတော့။ ပီပီပြင်ပြင်ကြီး သူငယ်ပြန်တော့သည်။ ထိုအချိန်မှစ၍ နောင်သေဆုံးသည်အထိ အထိအတွေ့ လုံးဝရပ်ဆိုင်းသွားတော့သည်။ သူ့အသက် ၅၈ နှစ်ရှိပြီ။ အတွေ့အထိနှင့်ကာမရမ္မက်ကို သူ့သမီးက ဆက်လက်သယ်ဆောင်သွား၏။ သမီးယောကျ်ားနောက် လိုက်သွား၏။ သာမန်ဆင်းရဲသား အလုပ်သမားတစ်ယောက်နှင့်ဖြစ်၏။ အလွန်ရိုးသားဖြူစင်၏။

''ငါတုန်းကတော့ လင်ကောင်းသားကောင်း တစ်ယောက်ရအောင်ဆုတောင်းခဲ့ပေမယ့် တစ်ခါမှမပြည့်ခဲ့ဘူး''

http://www.cherrythitsar.org



တစ်ခါတစ်ရံ အိမ်ဖော်မကြီးသည် သမီးနှင့်သားမက်တို့အိမ်ကို သွားလည်သည်။ ချမ်းသာသောအိမ်တွေမှာစားရသော အဆီပြန်ဟင်း ကောင်း ထမင်းကောင်းတွေမဟုတ်။ ဆီနည်းနည်း၊ အသီးအရွက်များများ နှင့်ချက်ထားသည့် တတိယတန်းစား အစားအသောက်တွေဖြစ်သော်လည်း ကိုယ်ပိုင်ထမင်းဟင်းတွေလို သူခံစားရ၏။ တစ်နှစ်ခွဲလောက် မရှိတရှိတွင် မြေးမလေးတစ်ယောက်ရ၏။ သူ့ဘဝသည် သစ်လာသလိုလိုရှိသည်။ သည်လို သစ်လာအောင် အကြာကြီးစောင့်ခဲ့ရသလိုမျိုး ခံစားရ၏။

သူ၊ သမီး၊ သမက်၊ မြေးတို့ပါဝင်သော မိသားစုအရင်း အချာများမှာ စိတ်သဘောထားချင်းတိုက်ဆိုင်ပြီး သံယောဇဉ်လည်း ရှိကြကာ ငွေကြေးကလွဲ၍ ဘာမျှမလိုတော့။

"အဘိုးကြီး ဆုံးနေပြီ"

တစ်မနက်ခင်းတွင် အိမ်ရှင်အဘိုးကြီး လှေကားရင်းတွင် ကွယ် လွန်နေသည်ကို တွေ့ရပြီး အိမ်နီးချင်းများကို အော်ပြောလိုက်၏။ အဘိုး ကြီး ဆုံးပြီးနောက် သူသည် အရှိန်မပျက် သည်အိမ်မှာဆက်လက် နေနေခဲ့၏။ နောက်ထပ်အိမ်ပိုင်ဆိုင်သူများကလည်း ပြောင်းရွှေ့မလာ ကြသေး။ သူသည် တစ်စုံတစ်ရာရရှိရန်မျှော်လင့်ချက်ဖြင့် ပေကပ် နေခြင်းမဟုတ်။ နှစ်ပေါင်းများစွာ သူ့ခြေသူ့လက်လိုနေလာခဲ့သော အိမ်ကြီး ကို သူသံယောဇဉ်ရှိသည်။ သည်အိမ်မှာရှိသည့် ထမင်းပန်းကန်အစ သူ သံယောဇဉ်ဖြစ်နေမိသည်။ အပေါ်ထပ်ကိုတက်သည့် လှေကား ထစ်များအဆုံး သတိရနေသည်။ ထိုအိမ်မှာ အိမ်ဖော်မကြီးလို လည်း ကောင်း၊ အိမ်ရှင်မ လိုလည်းကောင်း၊ အစ်ကိုကြီးနှင့် ပတ်သက်ခဲ့ရသော ဆိတ်ကွယ်ရာများကိုလည်းကောင်း သူသေသည်အထိမခွဲချင်ပါ။ အထူး သဖြင့် ရင်ခုန်စရာ၊ ရင်တုန်စရာအားလုံး အကျုံးဝင်သည့် ထိုအိမ်ကို

http://www.cherrythitsar.org



ဘယ်တော့မှမခွဲချင်။

"ခင်ဗျား ဒီအိမ်မှာ ဘာသဘောနဲ့ ဆက်နေတာလဲ။ ကျုပ်တို့လည်း အိမ်ဖော်မလိုဘူး။ နောက်နောင်လည်း ဒီအိမ်ကိုမလာနဲ့"

နောက်ရောက်လာသည့်အိမ်ရှင်က သူ့ကို ထိုအိမ်မှနှင်ထုတ်လိုက်ပြီ။ သူသည် စကားလှအောင်တောင် ပြန်မပြောခဲ့ရှာ။ အထုပ်ကလေးဆွဲကာ ချက်ချင်းပင် အိမ်ပေါ်မှဆင်းလာခဲ့သည်။ သူ့ရင်တွေ ဆယ်ကျော်သက်လိုပင် လှုပ်ရှားနေသည်။ မလှမ်းမကမ်းရောက်လျှင် အိမ်ကြီးကို မော့ကြည့်သည်။ မခံချင်စိတ်တွေကြားမှာ မျက်ရည်တွေ ဝဲလာသည်အထိ ခံစားရသည်။ နှစ်ပေါင်းများစွာ နေလာခဲ့သည့်အိမ်။ လူသားတစ်ယောက်လို ခင်မင်ခဲ့ရသောအိမ်။ တကယ်တော့ သူသေသေချာချာ မစဉ်းစားမိ၍ဘဲ ဖြစ်ကောင်းဖြစ်မည်။ ယခုအချိန်မှစ၍ သူ့ဘဝသည် အိမ်ဖော်သံသရာမှ လွတ်ကျွတ်ခဲ့ပြီဖြစ်သဖြင့် လွတ်လပ်ခြင်း၏ အရသာနှင့်ပြည့်နှက်နေသော ဘဝသစ်ကိုသူပိုင်ဆိုင်ရတော့မည်။ နောက်တစ်နေ့တွင် သူသည် ဈေးထဲ ကုန်စိမ်းသွားရောင်းသည်။ ၃၀၀ လောက်မြတ်သည်။ အပြန်တွင် ဟင်းလျာတွေဝယ်လာသည်။ ညဦးတွင် ထမင်းစားရတော့ ဟင်းသိပ်မကောင်းပေမယ့် ကိုယ်ပိုင်ထမင်း စားရသလို လွတ်လပ်ပြီး မဂ်လာရှိနေသည်။ နံနက်တိုင်း ဈေးသွားရောင်းသည်။ ခြေလှမ်းတွေက သွက်နေသည်။ သို့သော် အိမ်ကြီးကို လှမ်းမြင်ရသောအခါတိုင်း ရင်ထဲမှာ ဝမ်းနည်းလာသလို အရှိသား။

**မောင်ဇော်ပြာ**

၂၀၀၂ခုနှစ်၊ ဩဂုတ်လထုတ် မဟေသီမဂ္ဂဇင်းအမှတ်(၂၁၂)

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# လေးကိုတင်

၁၉၈၅ ခုနှစ်တွင် စပယ်ဖြူမဂ္ဂဇင်း၌ 'ထီမဖွင့်ခင်' ကဗျာဖြင့် စာပေလောက စာမျက်နှာများပေါ် စတင်ရောက်ရှိလာသည်။ နောက် နိုင်ငံတကာ ကဗျာဆောင်းပါးများ ရေးသားရင်း ၁၉၉၆ ခုနှစ်တွင် ဟန်သစ်မဂ္ဂဇင်း၌ **'အမေ့ခါတ်ပုံ'** ဝတ္ထုတိုတစ်ပုဒ် စတင်ရေးသားပြီး ဝတ္ထုများရေးသားလာခဲ့လေသည်။ ဝတ္ထုတိုများအပြင် စာပေဆိုင်ရာ ဆောင်းပါးများ၊ ဘာသာပြန်ကဗျာများ၊ ဝတ္ထုတိုများ၊ အက်ဆေးများ ရေးသားဆဲ ဖြစ်သည်။

ယခု 'အမေ့ခါတ်ပုံ' ဝတ္ထုတိုသည် မိမိ၏ မမြင်လိုက်ရသော မိခင်ရုပ်ပုံလွှာကို နှစ်ပေါင်းများစွာကြာမှ ခါတ်ပုံဟောင်းထဲတွင် မြင်တွေ့ လိုက်ရသော ဇာတ်လမ်းဖြစ်ပါသည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# အမေ့ဓါတ်ပုံ

လေးကိုတင်

ရည်မွန်ဦးစာပေ

# အမေ့ဓါတ်ပုံ

အမေသည် ကျွန်တော်အပါအဝင် သားသမီး(၅)ယောက်ကို မွေးခဲ့သော မွေးသမိခင်ကျေးဇူးရှင် ဖြစ်ပါသည်။ မိန်းကလေး အမွေးများ ခဲ့၍ သမီးချည်း(၄)ယောက်ရှိပါသည်။ ယောကျ်ားလေးဆို၍ ကျွန်တော် တစ်ယောက်တည်းဖြစ်ပါသည်။ သို့ရာတွင် အမေ့ခမျာ သားသမီးအဖတ် မတင်ရှာပေ။ သမီး(၄)ယောက်မွေးရာ (၃)ယောက် ဆုံးပါးသွားခဲ့ပါသည်။ ထိုသမီး(၃)ယောက်မှာ အခါလည်၊ ဒါမှမဟုတ် နှစ်ခါလည်၊ သုံးခါလည် အရွယ်များတွင် ရောဂါတစ်ခုခုဝင်၍ ကွယ်လွန်သွားကြသည်ချည်း ဖြစ်ပါသည်။ ဤသမီးတစ်ယောက်သာ အဖတ်တင်ကျန်ရစ်ခဲ့ပြီး မောင် လေးဖြစ်သော ကျွန်တော်နှင့်အတူ ယနေ့ထိ အသက်ရှင်နေထိုင်လျက် သားသမီးတွေနှင့်အတူ မိခင်အိုပေါက်စလေး ဖြစ်နေရှာသည်။ အမေ၏ အမေကလေးပင်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org



အမေ့ကို ကျွန်တော်မမှတ်မိပါ။ ကျွန်တော့်အစ်မဖြစ်သော ယခုအမေအိုလေးလည်း မမှတ်မိပါ။ မောင်နှမနှစ်ယောက်စလုံး ဝိုးတိုးဝါးတားဖြစ်နေကြသည်။ အမေဆုံးတော့ အစ်မက အသက်အားဖြင့် (၅)နှစ်အရွယ်၊ ကျွန်တော်က (၃)နှစ်အရွယ် နှစ်ယောက်စလုံး လူမမည်ကလေးများ ဖြစ်ကြပါသည်။ တစ်ခါတစ်ရံ အဖေ့အကြောင်းတွေပြောရင်း အမေ့အကြောင်း တစ်ကြောင်းပါလာလျှင် မောင်နှမနှစ်ယောက်စလုံး စကားလုံးတွေ ပြတ်တိပြတ်တောင်း၊ မျက်နှာတွေ အိုးတိုးအမ်းတမ်းနှင့် ဘာပြောရမှန်းမသိအောင် ဖြစ်သွားတတ်ကြသည်။ အဖေ့အကြောင်းတွေဆက်ပြောလိုက်မှ နှစ်ယောက်စလုံး မှင်တက်နေမိရာမှ ပြန်သတိရသလိုဖြစ်သွားရပါသည်။

အဖေကလည်း မုဆိုးဖိုဘဝနှင့် အရိုးထုတ်သွားသည်အထိ အမေ့အကြောင်းကို ကောင်းကောင်းမပြောခဲ့ပေ။ တစ်နှစ်နေ၍ တစ်ခါမပြော၊ လေးငါးနှစ်နေ၍ တစ်ခါမပြော၊ အကယ်၍ သတိရပြီးပြောလျှင် တစ်စွန်းတစ်စသာပြောရင်း သက်ပြင်းရှည်ကြီး မှုတ်ထုတ်ကာ နိဂုံးချုပ်ပါတော့သည်။ တစ်စွန်းတစ်စသာ ကြားဖူးခဲ့သော်လည်း တစ်ခုနှင့်တစ်ခု ဆက်စပ်၍မရသဖြင့် အမေ့အကြောင်းတွေမှာ ယယ်ယယ်က ရောင်စုံစကြာမှန်ပြောင်းကြည့်ရသလို ဖြစ်နေပါသည်။ အစ်မကလည်း ကောင်းကောင်းမမှတ်မိဖြစ်နေပါသည်။ အမေက ဖြူသလား၊ ညိုသလားမေးလျှင် အင်း အဲနှင့်၊ ညိုတယ်လို့ပြောတာပဲ ကြားဖူးတာပဲနှင့် ပြီးသွားပြန်သည်။ တဖန် အမေကဘယ်သူနှင့်တူသလဲ မမနဲ့လား၊ ကျွန်တော်နဲ့လား မေးလျှင်လည်း နင်နဲ့တူသလိုလိုပဲပြောရင်း ပြီးရပြန်သည်။ နောက်ဆုံးတော့ ကျွန်တော်လည်း မမေးချင်တော့။ ကြာတော့ အမေ့ကိုမေ့သွားလိုက်သည်မှာ ငါးနှစ်ဆယ်နှစ် အနှစ် နှစ်ဆယ် ဆိုပါတော့။

http://www.cherrythitsar.org



ကျွန်တော်တို့အမေသည် အာမေဒိတ်သံဖြင့် အသံထွက်ရမည့် ကိန်းဆိုက်သွားပါသည်။ ရုတ်တရက် တစ်ခုခုဖြစ်မှာသာ (ချော်လဲသွားလျှင် တိုက်မိခိုက်မိသွားလျှင် နှုတ်ဖျားမှထွက်လာသော အသံမျိုး) သတိရလိုက်သော အမေမျိုးဖြစ်နေသည်။ အမေ မဟုတ်၊ အမေ့ ဖြစ်နေပါသည်။ တကယ်လည်း ကျွန်တော်တို့အမေသည် အမေ့ ဖြစ်နေရှာပါသည်။ နှစ်ပေါင်းများစွာ မေ့လိုက်ရသော အမေ။

ကျွန်တော် အရွယ်ရောက်လာသော လူပျိုပေါက်စတွင် သူငယ်ချင်းတွေ အိမ်အလည်ရောက်ပါသည်။ သူငယ်ချင်းတွေက သူတို့အိမ်ရောက်လျှင် အမေ ဒါ... ကျွန်တော့်သူငယ်ချင်းဆိုပြီး မိန်းမကြီးတစ်ယောက်နှင့် မိတ်ဆက်ပေးပါသည်။ ထိုအခါ ကျွန်တော့်မျက်လုံးများသည် ထိုမိန်းမကြီး၏မျက်နှာတွေ၊ ကိုယ်လုံးကိုယ်ပေါက်တွေ၊အရုပ်အမောင်းတွေ၊ အသားအရေတွေ၊ နောက်ဆုံး ပြောသမျှစကားလုံးတွေကိုစူးစိုက်ကြည့်ရင်း နားထောင်နေမိသည်။ နောက်... သူငယ်ချင်းတွေကို မေးရသေးသည်။ မင်းတို့အမေတဲ့လား... အမေဆိုတာ... မိန်းမတွေဟာ အမေတွေပဲနော်... စသဖြင့်မေးရင်း ကျွန်တော်သည် အမေ့ကို သတိရတတ်ပါသည်။

အိမ်ရောက်တော့လည်း အဖေ့ကိုမေးရပြန်သည်။ အဖေပြန်ဖြေပါသည်။ မင်းကိုမွေးခဲ့တဲ့အမေပေါ့။ မသောင်းရီလေ၊ အေး... အေး နောက်မှပြောပြမယ်ဆိုပြီး စကားလမ်းစတွေ ပြတ်သွားရပါသည်။ ကျွန်တော်တို့မိသားစုမှာ အဖေရယ်၊ အစ်မရယ်၊ ကျွန်တော်ရယ် သုံးယောက်ပဲရှိသဖြင့် စကားလည်းသိပ်မပြောကြ၍ အကြောင်းအရာတစ်ခုကို စ-လယ်-ဆုံး ပြောလေ့မရှိသလို ဖြစ်နေပါသည်။ နောက် ကျွန်တော်တို့ မိသားစုမှာ တစ်ခါတစ်ရံ ဆွေမျိုးတွေအိမ်ရောက်ပြီး နှစ် ပေါက်အောင် နေလေ့ရှိသဖြင့် မိသားစုဆို၍ သီးသန့်ဝိုင်းဝန်းနေထိုင်ရခြင်းလည်း

http://www.cherrythitsar.org



နည်းပါးပါသည်။ များသောအားဖြင့် အဖေ့ဘက်မှဆွေမျိုးတွေ အိမ်မှာသာ နေရပြီး အမေ့ဘက်မှဆွေမျိုးဆို၍ တစ်ယောက်တလေတောင် နာမည် မကြားဖူး၍ တစ်ခါမှမနေခဲ့ရပေ။ အဖေကလည်းပြောမပြ။ နောက်ဆုံး အမေ့မှာ မောင်နှမဘယ်နှစ်ယောက်၊ အမေ့မိဘတွေကဖြင့် ဘယ်သူ ဘယ်ဝါတွေ၊ အမေ့ဇာတိတွေ၊ ပဝတ္တိတွေကဘယ်သူ စသဖြင့် တစ်ခါ မှမပြောဖူး။ အဖေသည် ရှေးဟောင်းရာဇဝင်နောက်ခံဝတ္ထုတွေထဲမှ ဇာတ်လိုက်ကြီးတစ်ယောက်လို ဖြစ်နေပါသည်။ တစ်ခါတစ်ရံ သမီးနှင့် သားကို ဘေးတစ်ဖက်တွင်ထားပြီး အိပ်ရာဝင်တော့မှာ အမေ့အကြောင်း တွေ တစ်စွန်းတစ်စ ပြောပြပါတော့သည်။ တစ်ခါတစ်ရံ သက်ပြင်း ရှည်ကြီးနှင့်အတူ မျက်ရည်တွေဝဲလာဟန်ထင်ပါသည်။ အဖေ့နှာခေါင်း သံတွေကို ကြားနေရပါသည်။

ဤသို့ဖြင့် အမေသည် ကျွန်တော်တို့မိသားစုနှင့် ရုပ်ကလာပ် အားဖြင့် ကွေကွင်းသွားရသည်မှာ အချိန်ကာလကြာမြင့်သွားရသလို ဝိဉာဉ်နှင့်ပုံရိပ်တို့သည်လည်း တဖြည်းဖြည်း အဝေးတကာ့အဝေးဆုံးသို့ ရောက်သွားခဲ့ရပြန်တော့သည်။

အဖေသာဆုံးသွားသည်။ အမေ့အကြောင်းကို ကောင်းကောင်း မသိလိုက်ရပေ။ ဆွေမျိုးတွေအိမ်မှာနေရင်း သိခဲ့ရသောအမေ့အကြောင်း တွေတော့ ရှိပါသည်။ အစီအစဉ်တော့ မကျလှ။ ဆက်စပ်ယူ၍ အခန်း ကဏ္ဍတွေ ပါလာတတ်သည်။ ပုံပြင်လိုလို ဒဏ္ဍာရီလိုလိုတွေလည်းပါလာ တတ်သည်။ ‘‘နင့်အမေက နင်နဲ့တူတယ်၊ ချွတ်စွပ်ပဲ၊ အရပ်ရှည်ရှည်၊ ပိန်ပိန်သွယ်သွယ်၊ အသားညိုညို၊ မျက်လုံးကလည်းနင့်လိုပဲ။ ဝိုင်းဝိုင်း စက်စက်။ စားပုံသောက်ပုံလည်းတူတယ်။ မစားရင်မစားဘူး၊ အဲ… စားရင်တော့ တစ်အားပဲ။ ဟဲ့… မသောင်းရီ စားပိုးနင့်မယ်လို့ ပြောရတယ်။

http://www.cherrythitsar.org



ဝတ်ပုံစားပုံလည်း တူပါ့။ သန့်သန့်ပြန့်ပြန့်၊ သပ်သပ်ရပ်ရပ်ရယ်၊ ဒါပေမယ့် ကုလားဆင်၊ ဇရာဘာရီချော ချောတာ...။

ဦးလေးစန်းမောင်နဲ့ဆိုရင် အသက်အများကြီးကွာတယ်။ ဦးလေးက လူပျိုကြီး၊ အသက်(၄၀) ကျော်ပြီ။ မသောင်းရီက ငါနဲ့ရွယ်တူ၊ ဦးလေး နဲ့ယှူတုန်းက ဘာရှိမလဲ။ (၂၀)ပဲရှိသေးတယ်။ ဆုံးတော့(၃၀)ကျော် ကျော်ရယ်။ နင့်ညီမလေးမွေးပြီး အခါလည်ကျော်မှာဆုံးတာ'' ကျွန်တော့် အစ်မတစ်ဝမ်းကွဲက ပြောပြတတ်သော အမေ့အကြောင်းများဖြစ်ပါသည်။ ထိုသို့ပြောလျှင် ကျွန်တော်တို့မောင်နှမများ နားထောင်ရင်း ပြန်လည် မေးမြန်းခြင်းမရှိဘဲ ခေါင်းပင်မညိတ်မိပေ။ နောက် ရှိပါသေးသည်။

တကယ်တော့အမေသည် တစ်ကောင်ကြွက်၊ လင့်တစ်မျက်နှာ တစ်ရွာထင်၍ အဖေနှင့်အတူတကွ နေထိုင်သွားသောအချိန်များတွင် မိဘ၊ မောင်နှမ၊ ဆွေမျိုးသားချင်းများနှင့် အဆက်အသွယ်မရှိတော့ပေ။ အမေ့တွင် ညီမတစ်ယောက်တော့ရှိသည်။ အမေ့မှာ အဖေပဲရှိသည်။ သမီးနှစ်ယောက်ကို ပစ်ထားခဲ့သလားတော့မသိ၊ အမေက အဖေဖြစ်သူကို စိတ်နာနေဟန်တူသည်။ တစ်ခါအမေ့အဖေ အိမ်လာသည်။ အမေက စကားနည်းနည်းပဲပြောပြီး ပြန်လွှတ်လိုက်သည်။ နောက် မလာတော့ပေ။ အမေ့ညီမတော့ လာတတ်သည်။ ဒုတိယကမ္ဘာစစ်ပြီးတော့ ညီအစ်မ နှစ်ယောက်ကွဲသွားပြီး အမေသေသွားသည်အထိ သတင်းမရတော့သော အဖြစ်တွေ ရင်နင့်စွာဖြစ်သွားခဲ့ရသည်။ စင်စစ် အမေသည် ဆရာဇော်ဂျီ၏ ဗေဒါလမ်းကဗျာသည်မ ဖြစ်နေပါသည်။ ''မဗေဒါက တစ်ပင်တည်း အယက်အကန်ခံလို့ ဗေဒါပျံ့အံကိုခဲ ပန်းပန်းလျက်ပဲ''ဖြစ်နေပါတော့သည်။

အမေသည် အဖေ့တူမတွေနှင့် သူငယ်ချင်း၊ ဇာဘော်လီချုပ်ဖက်၊ အလှချင်းပြိုင်ဘက်တွေ၊ စစ်ကြိုခေတ် မိန်းမသားတွေပီပီ ဆံထုံးပုံ့ပုံ့

http://www.cherrythitsar.org



အက်အက်ကြီးတွေ ပြိုင်ထုံးကြ၊ တယ်လီဖုန်းဆံထုံးဟုခေါ်သော ဆံပင်တွေကို နောက်ဘက်တွင် နှစ်မြွာခွဲပြီး ဟိုဘက်သည်ဘက် လက်သီးဆုပ်တွေလို ဆံထုံးတွေပြိုင်ထုံးကြ ကျစ်ဆံမြီးတွေလည်း ဝိုင်းဝန်းကျစ်ပြီးနောက်မှာ ပြိုင်ထုံး၊ ခေါင်းပေါ်ကျော်ပတ်နှင့် အလှချင်းပြိုင်ဘက်တွေဖြစ်ကြသည်။ ယခုခေတ် အခေါ်အဝေါ်အရဆိုလျှင် ဂန္ထဝင်မတွေဖြစ်ပါလိမ့်မည်။ အမေ့မှာ အဝတ်အစား၊ လက်ဝတ်တန်ဆာ အလှပြင်ပစ္စည်းစသည်ဖြင့် အပြည့်အစုံရှိသည်။ အဖေ့တူမတွေနှင့်အတူ ပွဲလမ်းသဘင်သွားမည်ဆိုလျှင် အဖေရှိရာအိမ်တွင် လာရောက်အလှပြင်တတ်ပါသည်။ ထိုခေတ်က မိန်းမသားတွေ အပြင်ထွက်လျှင်ယောကျ်ားတစ်ယောက်တော့ ပါနေကျမို့ တစ်ခါတစ်ရံ အဖေပါသွားတတ်သည်။ သို့ဖြင့် အမေသည် အဖေ့ကို ဤသို့စတွေ့ပြီး ချစ်ရည်ငံရင်း ဖူးစာဖက်တွေဖြစ်သွားကြခြင်း ဖြစ်နေပါသည်။ နောက် အမေ့စိတ်က တည်ငြိမ်အေးဆေးသလောက် ပြတ်သားတိကျသည်။ အဖေနှင့်ချစ်ကြိုးသွယ်ပြီး သုံးနှစ်၊ သုံးမိုးကြာမှ လက်ထပ်ခွင့်ရသည်။ ချစ်သူတို့ဘဝများတွင် အဖေ့ကိုအမေက ဘာတစ်ခုမှ အလိုမလိုက်ခဲ့။ အဖေရှိရာ အိမ်လာသည်။ အဖေ့တူမ သူငယ်ချင်းတွေနှင့် အတူနေသည်။ အဖေ့မှာ လက်ဖျားပင် မတို့မထိရပေ။ အဖေကလည်းအဖေ၊ လူပျိုကြီး ဣန္ဒြေတစ်ခွဲသားနှင့်ကိုး။ သည်တော့ အမေကလည်း ဣန္ဒြေကြီးပြလိုက်ပုံရသည်။ နောက်အမေက အဖေနှင့် အသက်တစ်ဝက်ကျော်ကွာနေသည်က ရှိသေးသည်။

မည်သို့ပင်ဖြစ်စေ၊ အဖေသည်လည်းကောင်း၊ အမေသည်လည်းကောင်း၊ နှစ်ယောက်စလုံး ချစ်ခြင်းအရာတွင် ချိန်ခွင်လျှာညီမျှအောင် တူကြပြီး သေတပန်သက်တစ်ဆုံး ချစ်သက်သေပြသွားသည်မှာလည်း အတူတူပင်။

http://www.cherrythitsar.org



အမေသည် အဖေနှင့်အိမ်ထောင်ကျပြီး သားသမီးချည်း(၃) ယောက်ကို ဆက်တိုက်မွေးပါသည်။ တာတာစန်း၊ မာမာစန်း၊ မြင့်မြင့်စန်းတို့ဖြစ်ပါသည်။ အကြီးနှစ်ယောက်မှာ (၃)နှစ်သမီးအရွယ်များတွင် သေဆုံးသွားကြသည်။ နောက် ကျွန်တော့်ကိုမွေးပါသည်။ ကျွန်တော့်အောက်ညီမလေး မာရီယာစန်းကိုမွေးပြီးနောက် တစ်နှစ်ကျော်ကျော်တွင် ညီမလေးနှင့်အမေသည် ရှေ့ဆင့်နောက်ဆင့် ဆုံးသွားကြပါသည်။ အမေကတော့ သမီးအငယ်ဆုံးကွယ်လွန်ပြီး မကြာမီ တီဘီရောဂါဖြစ်ပါသည်။ ထိုခေတ်က အဆုတ်နာရောဂါဆိုလျှင် ယခုခေတ် ကင်ဆာရောဂါလိုပင် ဖြစ်နေပါသည်။ အမေရောဂါစဖြစ်ကတည်းက အဖေက ကျွန်တော်တို့မောင်နှမနှစ်ယောက်ကို သူ့အစ်မအိမ်ပို့ထားပါသည်။ အမေ့မှာ ချောင်းဆိုးလိုက်၊ သွေးအန်လိုက်နှင့် လချီပြီး ရောဂါဝေဒနာခံစားသွားရင်း ကျွန်တော်တို့မိသားစုကမ္ဘာထဲမှ အပြီးအပိုင် ထွက်သွားပါတော့သည်။ အမေမသေခင်မှာ အဖေကအမေ့ကို ကတိပေးပါသည်။ သည်သားနှင့် သည်သမီးကို နောက်အိမ်ထောင်လက်ထဲ မရောက်ပါစေနှင့်ဆိုသော ကတိပင်။ အဖေက ထိုကတိကို သေသည်အထိ ခါးဝတ်ပုဆိုးလို မြဲမြံစွာချည်နှောင်ထိန်းသိမ်းသွားခဲ့ပါသည်။ နောင်… ကျွန်တော်တို့ ကြီးပြင်းအရွယ်ရောက်လာသောအခါ ဆွေမျိုးများကလည်း ပြောပြ၊ အဖေကလည်းပြောပြနှင့်မို့ အဖေသည် မုဆိုးဖိုဘဝနှင့် ဘာကြောင့် အရိုးထုတ်ရသည်ကို နားလည်သဘောပေါက်ရပါတော့သည်။ ကျွန်တော်တို့မိဘနှစ်ပါးသည်တစ်ယောက်ကိုတစ်ယောက် အသက်ပေးနှစ်နှစ်ကာကာချစ်လာခဲ့ကြသည်မဟုတ်လား။

ယခု ကျွန်တော်တို့မောင်နှမနှစ်ယောက်သည် အသက်ငါးဆယ်ဝန်းကျင်ရောက်နေကြပါသည်။ ကျွန်တော်တို့တွင် သားသမီးကိုယ်စီရနေကြပါပြီ။ ကျွန်တော်တို့အိမ်တွင်လည်း အမေ့ဓာတ်ပုံ၊ ကျွန်တော်

http://www.cherrythitsar.org



တို့ဓာတ်ပုံတွေ (မိသားစုဓာတ်ပုံတွေ)နှင့် အခြားသူငယ်ချင်းမိတ်ဆွေ ဓာတ်ပုံတွေ အသီးသီးချိတ်ဆွဲထားပါသည်။ ထိုအထဲတွင် အမေ့ဓာတ်ပုံကား မရှိပေ။ ကျွန်တော်တို့သားသမီးတွေကိုတောင်... ဒါ... မင်းတို့အဘွားဆို၍ လက်ညှိုးထိုးပြစရာပင်မရှိ ဖြစ်နေပါသည်။

အမေကလည်း အမေ။ အာမေဍိတ်သံဖြင့် အသံထွက်ရမည့် ကိန်းဆိုက်နေသည့် အမေကိုး။ လူမပြောနှင့် နာမည်ပင် မေ့နေရသော အမေ။ အလျဉ်းသင့်၍ပြောရဦးမည်။ တစ်ခါက... ကျွန်တော်သည် ကာလ တစ်ခုရွှေ့လျား၍ ဘဝထဲမှာပင် ဘဝတစ်ခုသို့ ပြောင်းသွားရချိန်တွင် ကိုယ်ရေးရာဇဝင် ရေးရပါသည်။ အမည်၊ ငယ်နာမည်၊ မိဘအမည် ဆိုသော ကိုယ်ရေးရာဇဝင်။ ထိုအခါ... မိဘနာမည်တွင် အဖေ့နာမည် ဦးစန်းမောင်သာရေးလိုက်မိပြီး အမေ့နာမည်ကို မေ့နေပါတော့သည်။ ကျွန်တော့်မှာ ခေါင်းနပန်းတွေထူပူကျိန်းစပ်သွားရသည်အထိ နာမည် ဖော်မရဖြစ်သွားရသည်။ နောက်မှ... ဒေါ်သောင်းရီဆိုသော အမေ့နာမည်ကို ပါးစပ်ထဲမှ လွှတ်ခနဲထွက်သွားပါတော့သည်။ ကျွန်တော်သည်အမေ့ကို လူပုဂ္ဂိုလ်အရ မြင်ဖူးခဲ့ရသော်လည်း ငယ်လွန်း၍မမှတ်မိခဲ့။ နောက် အဖေကလည်းပြောပြရာတွင် အစွန်းအစတွေတဖွာဖွာနှင့်မို့ ဆက်စပ်၍ မရသည်ကလည်းရှိ။ နောက်ဆုံး... သူများအမေတွေလို အမေ့ဓာတ်ပုံ တစ်ပုံတစ်လေတောင်မရှိသောကြောင့် ဘဝတစ်လျှောက်လုံးအမေဆိုသော ကျေးဇူးရှင်မွေးသမိခင်ကို ဗွက်အားတွေဆင်စမ်းသလို ဖြစ်နေရပါသည်။

အစ်မကို မေးကြည့်မိသေးသည်။ သူကလည်း ပိုးတဝါးဖြစ်နေ တုန်းပင်၊ ဗိုလ်ချုပ်အောင်ဆန်းဆုံးတုန်းက ကျွန်တော်တို့မိသားစုသည် ဗိုလ်ချုပ်နှင့်တကွ အာဇာနည်ကြီးများကို ဂျူဗလီဟောတွင် သွားရောက် ဂါရဝပြုကြသည်။ ထိုစဉ်က အဖေကသူ့ကိုချီပြီး၊ အမေကကျွန်တော့်

http://www.cherrythitsar.org



ကို ချီထားပါသည်။ ထိုသို့ အဖေနှင့်အမေက ကျွန်တော်တို့ မောင်နှမ နှစ်ယောက်ကိုချီပြီး ဗိုလ်ချုပ်တို့အား အလေးပြုခဲ့ကြပါသည်။ အစ်မက ဒါပဲမှတ်မိသည်ဟုပြောရင်း အမေက နင်နှင့်တူသလိုလိုပဲဟု ပြောခဲ့ပါသေးသည်။

တကယ်လည်း အမေသည် ကျွန်တော်နှင့်ချွတ်စွပ်တူနေပါသည်။ ကျွန်တော်ရော၊ ကျွန်တော့်အစ်မရော၊ နောက် ကျွန်တော်တို့သားသမီးတတွေ၊ ဆွေမျိုးတွေ၊ သူငယ်ချင်းတွေကပါ တအံ့တသြပြောယူရလောက်အောင် ဖြစ်သွားရပါသည်။ ကံကောင်းထောက်မ၍ အမေသေပြီး နှစ်ပေါင်း (၄၀)ကျော်မှ အမေ့ကိုဓာတ်ပုံထဲမှာ စတင်မြင်ဖူးလိုက်ရပါသည်။ အမေသည် လက်မှီစင်ကလေးပေါ်တွင် ဘယ်ဘက်လက်တစ်ဖက်တင်ပြီး မတ်တပ်ရပ်ကာ ရိုက်ထားသော အမေ့ဓာတ်ပုံဟောင်းလေးထဲတွင် တည်ငြိမ်စွာပင်တွေ့လိုက်ရခြင်းဖြစ်ပါသည်။ အမေက မပြုံးမရယ်၊ ရှေးခေတ်ထုံးစံအတိုင်း အမေသည် ဘီးဆံထုံးပုံ့ပုံ့အက်အက်ကြီး ထုံးထားသည်။ ခေါင်းမှာ ပန်းကိုခွေပြီး ပန်ထားသေးသည်။ ဆွဲကြိုး၊ နားကပ်၊ လက်ကောက်စသည့် လက်ဝတ်လက်စားတွေ ဝတ်စားထားသည်။ ရှန်သားပါးပါး လက်ရှည်အင်္ကျီပွပွနှင့်၊ ချိတ်ထမီမှာ ခတ်ပြားပြား အထက်ဆင်လက်လေးငါးလုံးလောက်နှင့် ထမီရှည်ရှည်ဝတ်ဆင်ထားပြီး ပုံတော်ဖိနပ်ကို စီးထားသည်။ အမေ့ဓာတ်ပုံကိုတွေ့တော့ ကိုယ့်ကိုကိုယ်ပင် သတိလက်လွတ် ဖြစ်သွားရလောက်အောင် ငြိမ်သက်ဆွံ့အသွားသလို ခံစားရပါသည်။ ဩော်... အမေပါလားဆိုသော အာမေဍိတ်သံပင် ထွက်သွားသည်။ နောက်... ပြန်ပြန်ကြည့်တိုင်း ထိုခံစားမှုမျိုး ပြန်လည်ပေါ်ပေါက်လာရပြန်သည်။

ဤနေရာတွင် ကျွန်တော့်တူမလေးမိဖြူကို ကျေးဇူးတင်မိပါသည်။

http://www.cherrythitsar.org



ကျွန်တော့်အစ်မဝမ်းကွဲ၏သမီး မိဖြူသည် လွန်ခဲ့သည့်နှစ်အစိတ်လောက်က အိမ်ထောင်ရက်သားကျပြီး တစ်နယ်တစ်ကျေးသို့ရောက်သွားခဲ့ပါသည်။ နောက်ခင်ပွန်းသည်ကွယ်လွန်သဖြင့် ရန်ကုန်သို့ပြန်ရောက်လာခဲ့ပါသည်။ တူမလေးသည် သားသမီး(၃)ယောက်နှင့် မုဆိုးမလေးဖြစ်ကျန်ခဲ့သည်။ တစ်နေ့... ကျွန်တော်တို့အိမ် အလည်လာသည်။ ကျွန်တော်မရှိ၊ ကျွန်တော့်အစ်မနှင့် စကားလက်ဆုံကျသွားခဲ့သည်။ တူမလေးကပင် သူ့အမေဆုံးသွားစဉ် အိမ်မှာ ဓာတ်ပုံဟောင်းတွေကျန်ခဲ့ကြောင်း၊ သူ့အမေငယ်ငယ်က ဓာတ်ပုံတွေဟုပြောရာ အစ်မကနားထောင်ရင်း မိဖြူတို့ကံကောင်းတာပေါ့၊ တို့အမေက ဓာတ်ပုံလေးတောင်မထားခဲ့ဘူးဟု ပြောလိုက်သည်။ မိဖြူက စကားမဆက်တော့ဘဲ မျက်မှောင်ကုတ်ကာ စဉ်းစားလိုက်သည်။ ပြီးမှ တူမလေးကပြောသည်။

"နေဦး...နေဦး...မေမေငယ်ငယ်ကဓာတ်ပုံတွေမှာ ကျွန်မတို့အဖွားနဲ့ တွဲရိုက်ထားတဲ့ဓာတ်ပုံတစ်ပုံရှိတယ်။ အန်တီ၊ အဲဒီပုံက နှစ်ပုံတွဲလျက်၊ တစ်ပုံကတော့ တစ်ယောက်တည်းပုံ၊ မျက်လုံးဝိုင်းဝိုင်းတောက်တောက် အရပ်ရှည်ရှည် ပိန်ပိန်ပါးပါးပဲ၊ ကျွန်မက တစ်ခါမှမမြင်ဘူးခဲ့တော့၊ အဲဒီပုံကို ကျွန်မယူလာပြမယ်။

တကယ်ပင် တူမလေး နောက်တစ်ခေါက်လာတော့ ထိုဓာတ်ပုံကလေး ပါလာသည်။ ကျွန်တော့်အစ်မသည် ထိုဓာတ်ပုံအလေးကို လှမ်းယူကြည့်စဉ် နှုတ်ဖျားပေါ်မှစကားလုံးတွေ ရုတ်ချည်းထွက်လာခဲ့ပါသည်။

"ဟယ်...ငါ့မောင်မှ ငါ့မောင်၊ ဟုတ်တယ်...တို့အမေ...တို့အမေ" ကျွန်တော့်အစ်မသည် မျက်လုံးတွေ ဝိုင်းစက်သွားသည်။

http://www.cherrythitsar.org



နှုတ်ခမ်းတွေတုန်လာသည်။ သက်ပြင်းတွေထွက်လာပြီး၊ မျက်ရည်တွေ လည်လာပါတော့သည်။

''ငါ... မှတ်မိပြီ၊ အဖေကငါ့ကိုချီ၊ အမေကသူ့ကိုချီပြီး ဂျူဗလီဟော သွားကြတာလေ၊ ဟုတ်တယ်ဟ... တို့အမေ''

တမလွန်မှအမေသည် ကျွန်တော်တို့ဆီ ခဏအလည်လာခြင်း နှင့် တူပါသည်။ သို့သော် အစ်မက အလည်လာသော ဧည့်သည်မဟုတ် ၍ ထိုဓာတ်ပုံကလေးကို ယူထားလိုက်ပါတော့သည်။

**လေးကိုတင်**

၁၉၉၄ ခုနှစ်၊ နိုဝင်ဘာလထုတ် ဟန်သစ်မဂ္ဂဇင်း အမှတ်(၅၃)

# သစ္စာနီ

၁၉၇၀ ခုနှစ်ဝန်းကျင်၊ မဂ္ဂဇင်းစာမျက်နှာပေါ်တွင် ခေတ်ပေါ် ကဗျာများဖြင့် ထင်ရှားလာသော ခေတ်ပေါ်ကဗျာဆရာ သစ္စာနီသည် ၁၉၈၅ ခုနှစ်တစ်ဝိုက်တွင် **'ပန်းပွင့်နှင့်လူ၊ ကားနှင့်လူ၊ စာအုပ်နှင့်လူ'** အစရှိသော ခေတ်ပေါ်ဝတ္ထုတိုများ အဆက်မပြတ် ရေးသားလာရင်းယနေ့ထိခေတ်ပေါ် ကဗျာ၊ ခေတ်ပေါ်ဝတ္ထုတိုများ ရေးသားနေဆဲဖြစ်သည်။ ထို့ပြင် ခေတ်ပေါ် စာပေဆောင်းပါးများ ( မော်ဒန်၊ ပို့စ်မော်ဒန်၊ အပါအဝင်) အက်ဆေး များ၊ သမိုင်း၊ ဒဿနိကနှင့် သိပ္ပံနည်းပညာ ဆောင်းပါးများလည်း ရေးသားတင်ပြနေပါသည်။ သူ၏ထင်ရှားသော ဝတ္ထုတိုပေါင်းချုပ်မှာ **'အခြားအရာများနှင့်လူ'** ဝတ္ထုတိုလုံးချင်းစာအုပ် ဖြစ်ပါသည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# တကာယ်အချစ်ဝတ္ထု

# သစ္စာနီ

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

# ဗာဂယံ့ အချစ် ဝတ္ထု

၁။ ကုန်းပေါ်ရောက်နေသည့် ငါးတစ်ကောင်လိုပင် ကျွန်တော်သည် အချစ်ဆိုသောအရာနှင့် အချစ်ရုပ်ရှင်ကားများတွင် ပါလေ့ရှိသော ဇာတ်လိုက်တို့၏ ပုံစံများနှင့်မတူရုံမက ဖြောင့်ဖြောင့်ကြီးပင်ဆန့်ကျင်နေသည်ဟု မှတ်ယူနိုင်ပါသည်။ အကြမ်းဖျဉ်းမှာ အောက်ပါဇယားအတိုင်း ဖြစ်ပါသည်။

| ဇာတ်လိုက် | ကျွန်တော် |
|---|---|
| ရုပ်ချောချော | ရှက်ကြမ်းရည်ကြို (ကိုယ့်အထင်) |
| အရပ်မြင့်မြင့် | အတော်ပင်ပုပါသည် |
| အသားဖြူဖြူ | ညိုညို (ယောကျ်ားများ အသားဖြူသည်ကို ကြည့်မရပါ) |
| ဘွဲ့ရပညာတတ် | မရ |

http://www.cherrythitsar.org



| | |
|---|---|
| ကြွယ်ဝချမ်းသာ | လက်လုပ်လက်စား |
| တီးတတ်၊ မှုတ်တတ် | လေအနည်းငယ်ချွန်တတ် |
| (ဥပမာ- ဂစ်တာ၊ တယော၊ စန္ဒရား) | |
| အသတ်အပုတ်ကျွမ်းကျင် | ရန်ဖြစ်တိုင်း ခံရလေ့ရှိသည် |
| စကားပြောကောင်း | မကောင်း |
| (မိန်းမတွေကျလောက်အောင် ပြောတတ်ခြင်းကို ဆိုလိုပါသည်) | |
| ရာထူးဂုဏ်ရှိန် | ဝေလာဝေး |
| တခြားအရည်အချင်း | မရှိ |
| (မြင်းစီး၊ စက်ဘီးစီ၊ ကားမောင်း၊ မော်တော်ဆိုင်ကယ်စီး၊ နွယ်ကြိုးလွဲ၊ သီချင်းဆို၊ ရေကူး တင်းနစ်ရိုက် စသဖြင့်) | |

သို့သော် ကျွန်တော့်တွင် ချစ်သူတစ်ယောက်(တကယ်ပင်) ရှိခဲ့ခြင်းမှာ အချစ်ဝတ္ထုတွေ အချစ်ရုပ်ရှင်တွေ မှားသလား။ ကျွန်တော်မှားသလား။ ဖူးစာရေးနတ် မှားသလား။ ကျွန်တော့်ကို ချစ်တဲ့ကောင်မလေး မှားသလား။ အချစ်ဆိုသောအရာကပင် မှားလေသလား။ စဉ်းစားရစရာ ဖြစ်ပါသည်။

၂။ အချစ်ဟူသောစကားလုံးကို ၁၉၈၆ ခု ဖွန်လထုတ် မြန်မာစာအဖွဲ့၏ 'မြန်မာစာလုံးပေါင်း သတ်ပုံကျမ်း'တွင် ရှာမတွေ့ပါ။ မြန်မာစာ အဘိဓာန်တွင် ရှာမတွေ့ပါ။ မလိုအပ်၍ (သို့မဟုတ်) မှားယွင်းစရာမလို၍

http://www.cherrythitsar.org



ထည့်သွင်းမဖော်ပြထားခြင်း ဖြစ်နိုင်ပါသည်။ ချစ် ဟူသော စကားလုံးကိုမူ ဖော်ပြထားပါသည်။ ချစ်၊ ကြို၊ မေတ္တာရှိသည်။ ချစ်၊ ကြို၊ အပူရှိန်ကြီးသဖြင့် တူးသည်။ ကျွမ်းသည်။ ညှိမှုသာ ဖြစ်ပါသည်။ အင်္ဂလိပ်အဘိဓာန်နှင့် တရုတ်အဘိဓာန်တို့တွင် ထို 'ချစ်'နှင့် အချစ်ကိစ္စကို အတော်များများ ရှင်းလင်းတင်ပြထားသည်ကို တွေ့ရပါသည်။ သူတို့အတွက် လိုအပ်၍ ဖြစ်ကောင်းဖြစ်နိုင်ပါသည်။ ကျွန်တော့်အတွက် လတ်တလောလိုအပ်နေသည်မှာ ကျွန်တော်ကိုယ်တိုင် အချစ်၏ကိုယ်ထည်ကို ခြေခြေမြစ်မြစ် ဆုပ်ကိုင်ကြည့်ခွင့်ရရန် ဖြစ်ပါသည်။

၃။ လူတစ်ယောက် အမှန်တကယ် ဘယ်ဟာကိုပိုင်ဆိုင်ခဲ့ဖူးပါသလဲ။ ကျွန်တော်သည် နံနက်ခင်းတစ်ခုကို ပိုင်ဆိုင်ချင်ခဲ့ဖူး၏။ နံနက်ခင်းတစ်ခုကို ပိုင်ဆိုင်လုနီးမှာပဲ မိတ်ဆွေတစ်ယောက်က ကျွန်တော့်ကို အိပ်ရာထဲက လာနှိုးသွားခဲ့သည်။ သူနှင့်ကျွန်တော် စကားပြောချိန်မှာ နံနက်ခင်းဟာ ကျွန်တော့်ကို စိတ်ဆိုးပြီးထွက်ခွာသွားခဲ့ပါသည်။ ထိုအချိန်ကစပြီး ကျွန်တော်သည် နံနက်ခင်းတစ်ခုကိုသာ ဘယ်သောအခါမှမပိုင်ဆိုင်တော့ပါ။

၄။ ဖြစ်ဆဲခဏငယ်ကို မိုက်ကရိုစကုတ်ဖြင့်ခွဲကြည့်သော် ရောမစက္ကန့်ကြီးများကိုတွေ့ရခြင်းမှာ ဝမ်းနည်းဖွယ်ရာဖြစ်ပေသည်။ ရောမစက္ကန့်ကြီးများထဲမှာစွဲကပ်နေသော သေးငယ်သည့်ပိုးမွှားကလေးများကို အမည်သစ်တစ်ခုပေးရန် ကျွန်တော်မကြိုးစားတော့ပါ။ ပြဇာတ်အားလုံး တစ်ပုံစံတည်းဖြစ်နေခြင်းကို ကျွန်တော်တို့ ချောင်းမြောင်းကြည့်ရှုကြပါစို့။

၅။ ခုလောက်ဆို တက္ကသိုလ်မှာ ကံ့ကော်တွေပွင့်ရော့မည်။ လေထု

http://www.cherrythitsar.org



သည် ဝတ်မှုန်များ၏ရနံ့ဖြင့် ချိုအီနေလိမ့်မည်။ ဖွဲဖွဲညင်းညင်းရှာသော ရနံ့မိုးသည် ရင်ကိုစွတ်စိုသွားစေသည်။ ကံ့ကော်ဆိုသော နာမည်ဆန်း နှင့် ပန်းလိုလှသောမိန်းကလေးတစ်ယောက်ကို ချစ်ခဲ့ဖူးသည်။ မှန်ဗီရိုထဲ မှာ သကြားလုံးအပြည့်ထည့်ထားသော ကံ့ကော်သည် သကြားလုံးဖြစ် သည်။ သူငယ်ချင်းကျူရှင်ဆရာတစ်ယောက်က ဏ္ဍပဘာဟုခေါ်ဖို့အကြံ ပေးသည်။ သူ့အကြံကို ငြင်းပယ်လိုက်သည်။ သူ့ကိုလည်း စာမေးပွဲ ချပစ်လိုက်သည်။ သူ့ကိုသာမက ရှင်မဟာရဋ္ဌသာရကိုပါ အောင်မှတ်မ ပေး။ သုံးဆယ့်လေးမှတ်နှင့် ချပစ်လိုက်သည်။ ကံ့ကော်အချစ်ဆုံးနှင့် အ သင့်လျော်ဆုံးနာမည်မှာ ကံ့ကော်ဖြစ်ပါသည်။ သူ့အသက်နှစ်ဆယ့်တစ်နှစ် ပြည့်သောနေ့မှာ ချစ်ပါသည်ဟုအဖြေပေး၍ ဘဝတစ်ခုလုံးကို သူ့ကို မွေးနေ့လက်ဆောင်အဖြစ်ပေးခဲ့သည်။ အသက်လေးဆယ်အရွယ်တိုင်သော အခါ ကံ့ကော်စွန့်ခွာထွက်ပြေးသည်။ တက္ကသိုလ်မှာ ကံ့ကော်တွေ ဝေမြဲ ဝေဆဲ။

၆။ ကျွန်တော်တို့အချစ်ဇာတ်လမ်းမှာ ရိုက်စပီးယားပြဇာတ်တွေလောက် လည်း မဆန်းပြား။ အာဒံနဲ့ဧဝတို့အဖြစ်လောက်လည်း မရိုးစင်း။ ရှင် မွေးနွမ်းနှင့်မင်းနန္ဒာတို့လောက်လည်း ချွဲချွဲပစ်ပစ်မရှိပါ။ သာမန် ဖြစ်ရိုး ဖြစ်စဉ်ဟုသာ ဆိုရပါမည်။ အချစ်ဆိုတာ ဘယ်လိုအရာလဲဟုမေးလျှင် ကျွန်တော်သည် အလွယ်တကူ (သို့မဟုတ်) ခက်ခက်ခဲခဲ ဖြေရှင်းနိုင်လိမ့် မည်မထင်ပါ။နှစ်ယောက်အတူတစ်ယောက်မျက်နှာတစ်ယောက်ကြည့်ကာ စကားပြောနေရလျှင်(ဘာစကားတွေပဲ ပြောနေရ နေရ။ ဥပမာ ရှောက်သီး သုတ်အကြောင်း၊ အိုစမာဘင်လာဒင်အကြောင်း၊ယယ်ယယ်တုန်းကခွေးလိုက် ဆွဲ၍ ချော်လဲသည့်အကြောင်း) ကြည်နူးနေကြတာကိုပင် အချစ်ဟု

http://www.cherrythitsar.org



ခေါ်လေသလား။

ကျွန်တော်နှင့်သူသည် ရှေ့သွားနောက်လိုက် မညီရုံမက၊ စိတ်တူကိုယ်တူလည်း မဖြစ်ကြပါ။ ကျွန်တော်က ဝက်သားအလွန်ကြိုက်သည်။ သူကလုံးဝမစား။ ကျွန်တော်က ကုလားကားကြိုက်သည်။ သီချင်းဆိုကာက,ခန်းကို အကြိုက်ဆုံးဖြစ်၏။ သူက ကုလားကားမကြိုက်။ သီချင်းဆိုကခန်းများကို အမုန်းဆုံးဖြစ်၏။ အင်္ဂလိပ်စကားပြော ဇာတ်ကားများကို သူလုံးဝမကြည့်။ သူကြိုက်သောမြန်မာကားများကို ကျွန်တော်က လုံးဝမကြည့်။ သူက အသီးအနှံကြိုက်သည်။ ကျွန်တော်က မကြိုက်။ အထူးသဖြင့် သူကြိုက်သောဒူးရင်းသီး၊ သရက်သီးတို့ကို အနံ့ပင်မခံနိုင်။ တူတာတစ်ခုတော့ရှိသည်။ ကျွန်တော်က သူ့ကိုကြိုက်၍ သူက ကျွန်တော့်ကိုကြိုက်ခြင်းပင်ဖြစ်လေသည်။

၇။ အိုမင်းသမီး။ ခြေနင်းကိုစီးလျက် သင်၏ခြေတို့သည် အလွန်တင့်တယ်ပါပေ၏။ သင်၏ခါးဆစ်တို့သည် လိမ္မာသောသူပြုပြင်သောကျောက်ကောင်းရတနာကဲ့သို့ ဖြစ်ကြပါသည်။ သင်၏ခါးသည် အရည်ဖြင့်ပြည့်သော ဖလားတစ်လုံးဖြစ်ပါ၏။ ဝမ်းသည်လည်း နှင်းပန်းစီခြယ်သောစပါးပုံဖြစ်ပါ၏။ သင်၏ရင်သားနှစ်ဖက်တို့သည် ဒရယ်သငယ်အမွှာနှင့်တူကြပါ၏။ လည်ပင်းသည် ဆင်စွယ်ရဲတိုက်ကဲ့သို့လည်းကောင်း၊ မျက်စိတို့သည် ဟေရှဘုန်မြို့ ဗာသရဗ္ဗိမ်တံခါးနားမှာရှိသော ရေကန်ကဲ့သို့လည်းကောင်း၊ နှာခေါင်းသည် ဒမာသက်မြို့သို့မျက်နှာမူသော လေဗနုန်ရဲတိုက်ကဲ့သို့လည်းကောင်း ဖြစ်ပါ၏။ သင်၏ဦးခေါင်းသည် ကရေဗေလတောင်နှင့်တူ၍ ဆံပင်သည်လည်း နီမောင်းသောတန်ဆာဆင်ပါ၏။ ငါချစ်သောနှမ။ ငါပျော်မွေ့ဖို့ရာ သင်သည်အလွန်လှပေ၏။ အလွန်

http://www.cherrythitsar.org



ချစ်ဖွယ်သော လက္ခဏာနှင့်ပြည့်စုံပါပေ၏။ သင်၏အရပ်သည် စွန်ပလွံပင်ကဲ့သို့ဖြစ်၍ သင့်ရင်သားတို့သည် စွန်ပလွံသီးပြွတ်နှင့်တူကြ၏။ စွန်ပလွံပင်ကို ငါတက်မည်။ အကိုင်းအခက်တို့ကို ငါကိုင်မည်ဟုဆို သော်...

မော်ဒန်အနုပညာတစ်ခုဖြစ်သော Collage ခေါ် 'စပ်ထည်' အမျိုးအစား ဝတ္ထုတိုဖြစ်ပါသည်။

၁။ သစ္စာနီ
၂။ ငြိမ်းအေးအိမ်
၃။ မောင်ကျော်သာ (ပဲခူး)
၄။ နေမျိုး
၅။ ဇော်ဇော်အောင်
၆။ သစ္စာနီ
၇။ ဆော်လမုန်သီချင်း(ဓမ္မဟောင်းကျမ်း)

**သစ္စာနီ**

၂၀၀၃ ခုနှစ်၊ မေလထုတ် စတိုင်သစ်မဂ္ဂဇင်းအမှတ်(၁၁၉)

# မြင့်သန်း

၁၉၈၀ ဝန်းကျင်တွင် ရုပ်ရှင်မဂ္ဂဇင်း စာမျက်နှာများပေါ်၌ ခေတ်ပေါ်ဝတ္ထုတိုများ စတင်ရေးသားလာသော **'မြင့်သန်း (ဩစတြေးလျ)'** သည် ၁၉၉၀ ခုနှစ်များတစ်ဝိုက်တွင် မဂ္ဂဇင်းစာမျက်နှာများပေါ်၌ သူ၏ ခေတ်ပေါ်ဝတ္ထုတိုများကို အလျင်မပြတ် ရေးဖွဲ့ဖန်တီးလာခဲ့သည်။ တွေး ခေါင့်ရှုခေါင့်အဖုံဖုံဖြင့် အကြောင်းအရာများစွာကို ရေးဖွဲ့တင်ပြလာပါ သည်။ နောက် စာပေဆောင်းပါးများ၊ ဘာသာပြန်လက်ရာများ ရေးသား ထုတ်ဝေလာသည်။ ဝတ္ထုတိုပေါင်းချုပ် နှစ်အုပ်ထုတ်ဝေခဲ့သည်။ (**'သူရေး၍ သူကြိုက်သောဝတ္ထုတိုများ'** နှင့် **'ရောရောယောင်ယောင် မောင်ဘမောင်'**) တို့ဖြစ်ကြသည်။

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org

မိုးကုန်ပြီးစ တစ်နေ့၌
ကျေနပ်စွာ လွမ်းဆွတ်ရခြင်း

# မြင့်သန်း

ရည်မွန်ဦးစာပေ

# မိုးကုန်ပြီးစ တစ်နေ့၌
# ကျေနပ်စွာ လွမ်းဆွတ်ရခြင်း

*But before you go my friend, my kind companion*
*Listen to this song I sing*

*Then go in peace and grow in grace and goodness*
*Know that you have nothing to fear*
*And dry your eyes little one*
*And let thee be no tears*
*Send me a dream from away beyond*
*I promise I shall hear*
*Oh beautiul beloved soul companion*
*Thank you for those beautiful years*

*Steve Cooney*

ရည်မွန်ဦးစာပေ

http://www.cherrythitsar.org



မနက်က နေအထွက်တွင်ပွင့်လာခဲ့သော ရေကန်ထဲက ကြာပန်း အချို့တို့မှာ နေရောင်မပျောက်မီ ပြန်လည်ငုံ့သွားခဲ့ပြီလား မပြော တတ်သော်လည်း ကန်၏ရေမျက်နှာပြင်ပေါ်တွင် နေ၏လက်ကျန် ရောင်ခြည်အချို့ကို ရဲရဲတင်းတင်းတွေ့နေရသေးသည်။ ရေကန်နှုတ်ခမ်း စပ်အနီးတွင်တွေ့နေရသေးသော ဖြုတ်ကောင်လေးများ ဝဲပျံနေကြပုံမှာ မနှစ်ကတစ်နှစ်ကတွေ့ကြုံခဲ့ရဖူးသော ဖြုတ်ကောင်ကလေးများနှင့် ဆင်ဆင် တူသော်လည်း အတူတူပင်ဖြစ်သည်ဟု ကျွန်တော် အာမခံ၍မပြောရဲပါ။ ကန်၏အခြားတစ်ဖက်တွင် မြင်နေရသေးသော ကုက္ကိုပင်ကြီးကို ငယ်စဉ် ကပင် ကျွန်တော်တို့မောင်နှမတစ်သိုက် ဒီဘက်ကမ်းမှ လှမ်း၍ကြည့်လေ့ ရှိကြသော်လည်း၊ ယခုအခါ ကျွန်တော်မှလွဲ၍ မည်သူကမျှ ထိုသစ်ပင် တစ်ပင်အကြောင်း တကူးတကန့် စကားအရာသွင်း၍မပြောကြတော့။ အစ်ကိုလေး ကိုကြည်နူးသည်ပင် ပျောက်ဆုံးသွားခဲ့သည်မှာ ငါးနှစ်ရှိခဲ့ပါပြီ။

ကျွန်တော်တို့ မောင်နှမတစ်သိုက်ထဲတွင် ကန်၏အခြားဘက်မှ ကုက္ကိုပင်ကြီးအကြောင်းသာမက ကန်ရေပြင်တွင် ပွင့်လာသောနှင့် ပွင့်ခဲ့ သော ကြာပန်းများအကြောင်း၊ ဟောင်းနွမ်းသွားသော နေခြည်နှင့်အတူ အိပ်တန်းတက်ရန် သစ်ပင်ကြီးဆီသို့ နေ့စဉ်ပြန်လာလေ့ရှိသော ဆက်ရက် ငှက်များအကြောင်း စသည်တို့ကို စိတ်ပါလက်ပါ ပြောခဲ့ကြသူများမှာ အစ်ကိုလေးနှင့် ကျွန်တော်သာဖြစ်ပါသည်။ ယခုမူ ကျွန်တော်သည် ဆိတ်ဆိတ်နေခြင်းဖြင့် လည်းကောင်း၊ မိမိဘာသာ စကားပြောခြင်း ဖြင့်လည်းကောင်း သို့မဟုတ် သိမ်းဆည်းထားနိုင်မှု တစ်ရပ်အဖြစ် ပြောင်းလဲ လက်ခံလိုက်ခြင်းဖြင့်လည်းကောင်း ပျောက်ဆုံးသွားသော အစ်ကိုလေး ကိုကြည်နူးကို သတိရနေမိတတ်ပါသည်။

http://www.cherrythitsar.org



မနက်ကမူ ကျွန်တော်တို့မောင်နှမတစ်သိုက် အစ်ကိုလေးအတွက် ငါးနှစ်မြောက် အထိမ်းအမှတ်အဖြစ် ဆွမ်းကျွေးကြပါသည်။ အစီအစဉ်မှာ ညီမကလေး မစိမ်းညက်၏အစီအစဉ်ဟု ဆိုရမည်ဖြစ်သော်လည်း တကယ်တမ်း အစစအရာရာ စီစဉ်လုပ်ကိုင်ပေးခဲ့သည်မှာ အစ်ကိုကြီး၏ ဇနီး မမမြသာလျှင် ဖြစ်ပါသည်။ ဆွမ်းကျွေးရန်ကိစ္စကို အစ်ကိုကြီး၊ အစ်ကိုလတ်နှင့် ညီမကလေးတို့က သဘောတူကြသော်လည်း ကျွန်တော် သဘောမတူပါ။ မတူရသည်မှာလည်း ကျွန်တော့်တွင် ခိုင်ခိုင်မာမာနှင့် ပြည့်စုံလုံလောက်သော ဆင်ခြေများရှိပါသည်။ **အစ်ကိုလေးမှာ ရှမ်းပြည်နယ်ဘက် တစ်နေရာတွင် ပန်းချီဆွဲထွက်ရင်း** လုံးဝ ပျောက်ဆုံးသွားသူသာ ဖြစ်ပါသည်။ ယခုအထိ အစ်ကိုလေးမှာသေသည်၊ ရှင်သည် သို့မဟုတ် သေခဲ့ပြီ၊ ရှင်နေသေးသည်ဆိုသည်ကို မည်သူမကမျှ အာမခံ၍ မပြောနိုင်ကြပါ။ ကျွန်တော်ကမူ တစ်နေ့သောအခါတွင် အစ်ကိုလေးပြန်လာမည်ဟု မျှော်လင့်ထားပါသည်။ ကျန်မောင်နှမများ အားလုံးကမူ အစ်ကိုလေးသေဆုံးခဲ့ပြီဟု မှတ်ယူလိုက်ကြပါပြီ။

"ကိုကိုရယ်။ ကိုကိုလေးပြန်မလာတာ ငါးနှစ်ပြည့်တော့မယ်။ စိမ်းညက်တို့ ဆွမ်းကလေး၊ ဘာလေးကျွေးကြရအောင်" ဟု ညီမကလေးက ပြောသောအခါ ကျွန်တော်က ခေါင်းမညိတ်နိုင်ခဲ့ပါ။ "အစ်ကိုလေးဟာ ပန်းချီဆွဲဖို့ထွက်သွားတာ။ တစ်နေ့ပြန်လာမယ်။ နင့်ဘာသာ ဘာလုပ်လုပ်။ ငါ့အဲဒီအထဲ မပါပါရစေနဲ့" ဟု ညီမကလေးကို ပြောခဲ့မိသည်။ ငယ်ငယ်ကဆိုလျှင် ညီမကလေးက သူပြောသည်ကိုလက်ခံလာအောင် နည်းမျိုးစုံသုံး၍ ပြောမည်ဖြစ်သော်လည်း၊ ယခုမူ သူက အကျောက်အကန် ပြောလေ့မရှိတော့။ စိမ်းညက်တစ်ယောက် ပါမောက္ခ ဖြစ်သွားကတည်းက ဆင်ခြင်တုံတရားကို လက်တွေ့အသုံးချ သွားတတ်

http://www.cherrythitsar.org



တယ်ဟု အစ်ကိုလေးပြောခဲ့သည်များကို ကျွန်တော်ကြားယောင်မိလာသည်။ စိမ်းညက်သည် ကျွန်တော်တို့နှင့်တိုင်ပင်ပြီးနောက် အစ်ကိုလေး ကိုကြည်နူးအတွက် ဆွမ်းကျွေးမည့်နေ့ရက်စသည်များ အကြောင်း ကျွန်တော့်ကို ဖုန်းဆက်ပြောပါသည်။ ကျွန်တော်ကမူ သူနှင့်တွေ့စဉ်ပြောသည့်အတိုင်း ''နင့်ဘာသာ ဘာလုပ်လုပ်။ ငါ အဲဒီအထဲ မပါပါရစေနဲ့'' ဟူ၍သာ ပြောလိုက်သည်။

နောက်နှစ်ရက်ခန့်ကြာသောအခါ အစ်ကိုကြီးနှင့်မမမြတို့အိမ်သို့ ရောက်လာကြပြီး အစ်ကိုလေးအတွက် ဆွမ်းကျွေးမည့်အစီအစဉ်ကို ကျွန်တော့်အားပြောပြသည့်အခါ၊ ကျွန်တော်အသာပင်ငြိမ်၍ နားထောင်နေမိသော်လည်း ဂိတ်တံခါးဆီသို့ မကြာမကြာလှမ်းကြည့်နေမိတတ်သည်ကို ကျွန်တော့်ဘာသာ ဂရုပြုမိလိုက်သည်။ အဆုံး၌ ကျွန်တော်က တစ်ခုဝင်ပြောလိုက်မိသည်။ ''ကျွန်တော်ပြောပြီးပြီ၊ အစ်ကိုကြီး လုပ်ချင်တာလုပ်ပါ။ ကျွန်တော်က မကန့်ကွက်ဘူး။ မထောက်ခံဘူး၊ ဒါပဲ'' အစ်ကိုကြီးကမူ သူ့ထုံးစံအတိုင်း အချေအတင်မပြောဘဲ မမမြဘက် လှည့်ကြည့်လိုက်သောအခါ မမမြက စိတ်ရှည်လက်ရှည် ကျွန်တော့်ကို ရှင်းပြနေသည်။ အစ်ကိုကြီးကိုပြောသည့်အတိုင်းပင် မမမြကိုလည်း ပြောပြလိုက်မိသည်။ အဆုံး၌ မမမြက ''ဒီမှာပဲ ဆွမ်းကျွေးမယ်ဆိုတော့ အဲဒီနေ့ မင်းအိမ်မှာတော့ ရှိနေမယ်မဟုတ်လား''ဟု မေးသောအခါ ကျွန်တော်က ''ကျွန်တော်အိမ်မှာရှိမယ်။ အိမ်ထဲမှာရှိမယ်။ အိမ်ထဲမှာမရှိရင် အိမ်အပြင်မှာရှိတယ်။ အိမ်ဘေးနားမှာရှိမယ်။ မဟုတ်ရင် ကန်စောင်းမှာ ရှိမယ်''ဟူ၍သာ ပြောလိုက်မိသည်။

ဤသို့ဖြင့် အစ်ကိုလေးကိုကြည်နူးအတွက် ဆွမ်းကျွေးရန်ကိစ္စ အစီအစဉ် ပြီးမြောက်သွားသော်လည်း ကျွန်တော်၏ သဘောတူမှု၊မတူမှု

http://www.cherrythitsar.org



မှာ အရေးကြီးသောကိစ္စတစ်ရပ်အဖြစ် ဖြစ်တည်၍ ကျန်ရစ်ခဲ့ခြင်းမရှိပါ။ ပြန်ခါနီးတွင်မူ အစ်ကိုကြီးက "မင်း အိပ်လို့ရရဲ့လား" ဟု မေးပါသည်။ အစ်ကိုကြီးမှာ သမားတော်ကြီးဖြစ်သဖြင့် ကျွန်တော့်ကို သူညီတစ်ယောက် အဖြစ်ထက် သူ၏လူနာတစ်ယောက်နှင့်တွေ့သည်ဟု သဘောထား ပုံရပါသည်။ "ရတဲ့အခါ ရပါတယ်" ဟု ကျွန်တော်ကဖြေလိုက်မိသည်။ "ဘာတွေရေးနေသလဲ" ဟု အစ်ကိုကြီးကမေးပြန်သည်။ "ကျွန်တော် ကာ(ဖ)ကာတွေ ဘာသာပြန်ကြည့်နေတယ်" ဟု ဖြေလိုက်သောအခါ အစ်ကိုကြီးပါးစပ်မှ စီစဉ်ထားပုံမရဘဲ "ဟာကွာ" ဟူသော စကားလုံး ထွက်လာသည်။ ဤတွင် ကျွန်တော်က တစ်လုံးမှပြန်မပြောဘဲ ကျွန်တော်တို့ မောင်နှမတွေအကြားမှာ သဘောတူထားတာ တစ်ခုရှိတယ်။ မေ့သွားပြီလား ဟူသော စကားလုံးများကို စကားအဖြစ်မပြောတော့ဘဲ အစ်ကိုကြီး၏ မျက်လုံးများကို စိုက်၍ကြည့်နေလိုက်မိသည်။ အစ်ကိုကြီးမှာ ကျွန်တော့်ကို စိုက်ကြည့်နေရင်း ချက်ချင်းသတိရသွားပုံရသည်။ သူ့လက် နှစ်ဖက်ကို အသာမြှောက်ကာ "ဆောရီး၊ အိုင်၊ အက်ပိုလိုဂျိုက်(စ်)" ဟု ကျွန်တော့်ကို သူ တောင်းပန်ကြောင်း အင်္ဂလိပ်လိုပြောသွားခဲ့သည်။

ထိုညနေမှာပင် အစ်ကိုလတ်က ဖုန်းဆက်ပြန်သည်။ စင်စစ်၊ အစ်ကိုလတ်ကိုယ်တိုင် ဖုန်းဆက်သည်မဟုတ်ပါ။ သူ့ကိုယ်ရေးအရာရှိက ဖုန်းဆက်ခြင်းသာ ဖြစ်ပါသည်။ "ကိုကြည်နူးအတွက် ဆွမ်းကျွေးကို ဗိုလ်မှူးကြီးနဲ့ကျွန်တော် လာခဲ့မယ်။ မမလှနဲ့သမီးကတော့ တောင်ကြီး ခဏပြန်သွားကြတယ်။ ကျွန်တော်တို့တောင် နေ့ခင်းဘက်လောက်မှ ရောက်မယ်။ မနက်ဘက်မှာ အစည်းအဝေးရှိနေလို့။ ဘာလိုသေးလဲ။ ကျွန်တော်တို့ ဘာလုပ်ပေးရဦးမှာလဲ" ဟုဆိုသည်။ "ကျွန်တော့်အတွက် မမမြတို့၊ စိမ်းညက်တို့သာ လှမ်းမေးကြည့်ပေတော့။ ခင်ဗျားတို့ နေ့ခင်း

http://www.cherrythitsar.org



မှ လာလာ၊ ညမှ လာလာ၊ လာချင်တဲ့အချိန်မှလာ။ ကျွန်တော်ကို ဘာမျှ တောင်းပန်နေစရာ၊ အားနာနေစရာ မလိုဘူး''ဟု ပြန်ပြော လိုက်မိသည်။ အစ်ကိုလတ်သည် ကျွန်တော်နှင့်အစ်ကိုလေးကို အခြား မောင်နှမများထက်ပို၍ ဂရုစိုက်သည်။ အချိန်ရသည့်အခါ အနည်းဆုံး တစ်ပတ်တစ်ကြိမ် ဖုန်းဆက်လေ့ရှိသည်။ ပိုမို၍တိတိကျကျဆိုရသော် သူ့ကိုယ်ရေးအရာရှိက ဖုန်းဆက်လေ့ရှိသည်။

မနက်ကဆွမ်းကျွေးတွင်မူ မမမြနှင့်သူ့မောင်က အစစအရာရာ ဦးဆောင်လုပ်ကိုင် သွားကြပုံရသည်။ ကျွန်တော်က အိမ်ရှေ့သရက်ပင် အုပ်ထဲတွင်ထိုင်ရင်း လှမ်းကြည့်နေမိလိုက်သည်။ အစ်ကိုလေးမိတ်ဆွေ တချို့မူ ပြန်ခါနီးတွင် ကျွန်တော့်ကိုလာနှုတ်ဆက်ရင်း ကျွန်တော်နှင့် ဟိုဟိုဒီဒီ စကားပြောဖြစ်ကြသည်။ အစ်ကိုလေးအတွက် ဆွမ်းကျွေးချင် ရှာသော ညီမကလေးစိမ်းညက်မှာ အစ်ကိုကြီးနှင့်အစ်ကိုလတ်တို့ နောက်မှ ရောက်လာသည်။ သူ့ ဒိုဘာမင်ခွေးကြီးနေမကောင်းသဖြင့် တိရစ္ဆာန် ဆေးကုမှ မိတ်ဆွေထံ ခေါ်သွားနေရသောကြောင့် နောက်ကျသွားသည်ဟု ဆိုသည်။ မမမြမှာ မနက်အစောကြီးကပင် ရောက်လာသော်လည်း၊ အစ်ကိုကြီးမှာမူ ဂေါက်ရိုက်ရန် ချိန်းပြီးသားဖြစ်နေသည်ကတစ်ကြောင်း၊ တစ်ပတ်လုံး ဤတစ်ရက်သာ ဂေါက်သီးရိုက်ရသည်ကတစ်ကြောင်းတို့ကြောင့် နေ့ခင်းတစ်နာရီသာသာမှ ရောက်လာသည်။ အစ်ကိုလတ်ကမူ အစည်းအဝေးပြီးသည်နှင့် တန်းလာသဖြင့် ဆယ့်နှစ်နာရီသာသာတွင် ရောက်လာသော်လည်း ဆွမ်းကျွေးအတွက်ဧည့်သည်များ ပြန်ကုန်ကြပြီ ဖြစ်သည်။ အစ်ကိုလတ်ရောက်သောအခါ ကားပေါ်ကဆင်းသည်နှင့်အိမ်ထဲ မဝင်သေးဘဲ၊ ကျွန်တော်ထိုင်နေရာ သရက်ပင်အောက်မှ တန်းလျားဆီ သို့ တန်းလာသည်။ ကျွန်တော့်ဘေးတွင်ဝင်ထိုင်ရင်း ''နေကောင်းလား

http://www.cherrythitsar.org



ညီလေး''ဟုမေးလိုက်သည်။ ''ကောင်းပါတယ်၊ ကိုလတ်''ဟု ကျွန်တော် ပြန်ဖြေလိုက်ပြီးနောက် ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်အကြားတွင် ပြောစရာစကားလုံးများ ပျောက်ဆုံးသွားခဲ့ပုံရသည်။ အတော်ကြာမှ အစ်ကိုလတ်က ''ခွေးမ မရောက်သေးဘူးလား''ဟု စိမ်းညက်ကိုရည်ညွှန်း၍ မေးလိုက်သောအခါ ကျွန်တော်က ပါးစပ်ကပြန်မဖြေတော့ပဲ အသာ ခေါင်းခါပြလိုက်မိသည်။ အတော်ကြာအောင် ကျွန်တော်တို့ညီအစ်ကို အကြားတွင် ဘာသာစကားများ ပျောက်ဆုံးသွားပြီးနောက်၊ အစ်ကိုလတ်သည် သူ့ဘာသာ ''အော်... ငါးနှစ်၊ ငါးနှစ်တောင် ကြာသွားပြီကိုး'' ဟု သူ၏သိမှုအတွင်းရှိနေခဲ့သော ပျောက်ဆုံးနေခဲ့မှုတစ်ခုကို ပြန်လည်ကောက်ယူရန် လိုက်ရှာလိုက်သည်။ ထို့နောက်မှာ ကျွန်တော်တို့ထိုင်နေရာ သရက်ပင်နှင့်တည့်တည့် ခပ်လှမ်းလှမ်းတွင်ရှိသော ပိတောက်ပင်ကြီး အောက်မှ ခုံတန်းလျားလေးအား လှမ်းကြည့်နေတော့သည်။

''မင်းက ပိတောက်မကြိုက်ဘူး၊ ကြည်နူးကတော့ ဟိုမှာပဲထိုင်လေ့ရှိတယ်။ တစ်ခါတလေ မင်းကဒီမှာ၊ ဟိုကောင်က ဟိုမှာထိုင်နေကြတာကို ဖေဖေတို့မေမေတို့ပါ အိမ်ထဲကလှမ်းကြည့်ရင်း ရယ်စရာတွေ ပြောရသေးတယ်၊ မဟုတ်ဘူးလား''ဟု အစ်ကိုလေးကပြောရင်းကျွန်တော့် ပုခုံးကို ပုတ်လိုက်သည်။ ကျွန်တော်က ဘာမျှပြန်မပြောဘဲ ပြုံးပြလိုက်မိသော်လည်း အစ်ကိုလတ်စကားကြောင့် အစ်ကိုလေးများ ပိတောက်ပင် အောက်မှ ခုံတန်းလျားကလေးတွင် ထိုင်နေသည်လားဟု စိတ်ထဲဖြစ်လာမိသည်။ လှမ်းကြည့်လိုက်မိသည်။ ကျွန်တော်ကြည့်နေမိသည်မှာ မည်မျှကြာသွားခဲ့သည်ကိုမသိ။ အစ်ကိုလတ်က ''ကြည်နူးအခန်း မင်းသော့ပိတ်ထားတုန်းပဲလား။ ကိုလတ် ကြည့်ချင်တယ်''ဟု ပြောသံကြားမှ အနားတွင် အစ်ကိုလတ်ရှိကြောင်း သတိရလိုက်မိတော့သည်။ ကျွန်တော်တို့

http://www.cherrythitsar.org



နှစ်ယောက်သား အိမ်ဘက်သို့လျှောက်လာကြစဉ် အစ်ကိုလတ်က မေးပြန်သည်။ ''သူ့အခန်းကို ဒီအတိုင်းပဲ ထားသလား'' ''ဒီအတိုင်းပဲ ထားတယ်''ကိုလတ်။ လေငြိမ်တဲ့ လကွယ်နေ့ညနဲ့ကြုံတဲ့အခါတော့ အစ်ကိုလေးလုပ်သလို ပြတင်းပေါက်ဖွင့်ပြီး ပြတင်းပေါက်ဘောင်ပေါ်မှာ ဖယောင်းတိုင်ကလေး တစ်တိုင်ထွန်းတဲ့အခါထွန်းတယ်''ဟု ကျွန်တော် ဖြေလိုက်သောအခါ အစ်ကိုလတ်သည် ဘာမျှပြန်မပြောဘဲ ကျွန်တော့် ပုခုံးအား လှမ်းဖက်ထားပြီး သူ့လက်ဖြင့် ခပ်သာသာညှစ်လိုက်သည်။

အစ်ကိုလေး၏အခန်းထဲတွင် ကျွန်တော်တို့နှစ်ယောက်သား ကြည့်နေကြစဉ် အစ်ကိုကြီး၊ မမမြနှင့် ညီမကလေးစိမ်းညက်တို့ ဝင်လာကြသည်။ ကျွန်တော်နှင့် အစ်ကိုလတ်တို့က သူတို့အား ကြည့်လိုက်သောအခါ အစ်ကိုကြီးက ခေါင်းညိတ်၍ပြုံးပြလိုက်ပြီး၊ ကျန်လူများကပါ အနက်တစ်စုံတစ်ရာ ဖော်၍ရမည်မဟုတ်သည့် အပြုံးမျိုးဖြင့် သူတို့၏ မျက်နှာများတွင် ခြယ်သလိုက်ကြသည်။ ကျွန်တော်က အခန်းထောင့် တစ်နေရာတွင် လက်ပိုက်၍ သူတို့ကို အသာရပ်ကြည့်နေမိသည်။ အစ်ကိုလေး၏ ဆွဲလက်စပန်းချီကားများ၊ စာအုပ်များမှအစ၊ အစ်ကိုလေး အခန်းမှာ ည သူထွက်သွားသည့် နေ့ကတည်းကအတိုင်း ကျွန်တော် ထားသည်။ အားလုံးက ပြတိုက်တစ်ခုလို သဘောထားပြီး လျှောက် ကြည့်နေကြသည်ကို ကြည့်ကာ ကျွန်တော့်ဘာသာ ပြုံးလိုက်မိသည်။ ကျွန်တော်ရပ်၍ ကြည့်နေသည်ကို သတိထားမိသော စိမ်းညက်က ကျွန်တော့်နားသို့လာကာ ကျွန်တော့်လက်ကိုကိုင်ရင်း ''ကိုကို နေကောင်း လား''ဟု မေးသည်။ ''နင် လူမှုရေးသိပ္ပံနဲ့ ပါမောက္ခ ဖြစ်တာလား၊ အစ်ကိုကြီးလို သမားတော်ကြီး ဖြစ်သွားတာလား''ဟု ကျွန်တော်က ပြန်မေးသောအခါ စိမ်းညက်က ဘာမျှပြန်မပြောသော်လည်း အစ်ကို

http://www.cherrythitsar.org



လတ်ကလှည့်၍ ပြုံးပြသည်။ အစ်ကိုလတ်ကပင် ဦးဆောင်၍ အစ်ကိုလေး အခန်းထဲမှ ထွက်လာသောအခါ ကျွန်တော်တို့အားလုံး သူ့နောက်လိုက်၍ ထွက်လာခဲ့ကြပြီး၊ ကျွန်တော်က အစ်ကိုလေး၏အခန်းတံခါးကို သော့ပြန်ပိတ်နေစဉ် စိမ်းညက်ကရပ်၍ ကျွန်တော့်ကိုစောင့်နေသည်။

စားသောက်ပြီး၍ ပြန်ကြမည်ဆိုသောအခါ အစ်ကိုကြီးမှာ ထုံးစံအတိုင်း ရှေ့ဆုံးကဖြစ်သည်။ သူ့တွင် အရေးကြီးသောကိစ္စ မြောက်မြားစွာ ရှိသည့်အထဲ၌ သူ့ညီအစ်ကိုမောင်နှမများမှာ နောက်ဆုံးလောက်တွင်သာ ရှိနေတတ်သည်။ သူနှင့် ရှေ့ဆင့်နောက်ဆင့် အစ်ကိုလတ်ပြန်သွားသည်။ စိမ်းညက်ကမူ ထုံးစံအတိုင်း ချန်နေရစ်သည်။ အမြဲလို နောက်ဆုံးမှ ပြန်တတ်သည်။ အစ်ကိုလေးနှင့် ကျွန်တော့်ကို အခြားအစ်ကိုများထက် ပို၍ သံယောဇဉ်ရှိပုံရသည်။ ကျွန်တော်နှင့် အစ်ကိုလေးကလည်း သူ့အပေါ် သံယောဇဉ်အရှိဆုံးဖြစ်သည်။ အစ်ကိုကြီးတို့ပြန်သွားကြပြီးနောက် ညီမလေး မစိမ်းညက်နှင့် ကျွန်တော်တို့နှစ်ယောက်သား အကြာကြီးထိုင်၍ ငယ်ငယ်ကအကြောင်းများ ပြောနေခဲ့မိကြသည်။ စိမ်းညက်က ပြန်ခါနီးတွင် ‘‘ကိုကို၊ ကိုကိုလေးရဲ့ ပျော်ရွှင်ခြင်းတွေ ရှိသေးလား’’ဟု ပြောသောအခါ သူ့ကို ငယ်ငယ်ကဂါဝန်တိုကလေးဝတ်၍ ကစားလေ့ရှိသော ကောင်မလေးတစ်ယောက်လို ပြန်၍မြင်လိုက်မိသည်။ ‘‘ဟောလစ်ပုလင်းလွတ်ကြီးထဲမှာ သိမ်းထားတာလေ’’ဟု ကျွန်တော်က ပြန်ဖြေလိုက်မိသည်။ စိမ်းညက်ကဘာမှမပြောတော့ဘဲ ပြုံးနေပြီးနောက် အသာပင် ကားပေါ်တက်ပြီး မောင်းထွက်သွားတော့သည်။ ‘‘သွားမယ်’’၊ ‘‘ပြန်မယ်’’ စသဖြင့် နှုတ်ဆက်ခြင်းကို ကျွန်တော်မကြိုက်ကြောင်းသူ

http://www.cherrythitsar.org



သိထားသဖြင့် ကျွန်တော့်ကို နှုတ်မဆက်တော့ဘဲ၊ ကားပေါ်မှ အသာ လက်ပြသွားတော့သည်။

မနက်ကအကြောင်းများ၊ အစ်ကိုလေးကိုကြည်နူး၏အကြောင်းများ၊ ကျွန်တော်တို့အကြောင်းများ သတိတရရှိနေစဉ်မှာပင်နေသည့်နေ့ကို မျက်ကွယ်ပြုလိုက်ပြီ ဖြစ်သဖြင့်၊ ညသည် ည၏ရှိနေမှုကို သက်သေပြရန် တိုးတိုးတိတ်တိတ် ရောက်လာခဲ့သည်။ အေးသောလေ တချို့သည် ည၏ ရှိခြင်းကို သတိပေးရန် ရှေ့ဆုံးမှလာခဲ့သည်ထင်၏။ ကျွန်တော်သည် ကန်ရေပြင်ကိုငေးနေရင်း လက်ထဲတွင်ပိုက်ထားသောဟောလစ်ပုလင်းကြီး အလွတ်တစ်လုံးကို သတိရမိလိုက်သည်။ ထိုပုလင်းမှာ အစ်ကိုလေးက ကျွန်တော့်ကိုပေးထားသော ပုလင်းကြီးဖြစ်သည်။ ကျွန်တော်တို့ငယ်စဉ်က ပျော်စရာကောင်းသောအခါ ပျော်စရာကောင်းသော အကြောင်းများရှိခဲ့လေ တိုင်း အစ်ကိုလေးသည် "ပျော်ရွှင်စရာတွေ နည်းနည်းသိမ်း ထားဦးမယ်" ဟုဆိုကာ ထိုဟောလစ်ပုလင်းကြီးထဲတွင် သိမ်းလေ့ရှိသည်။ကျန်ညီအစ်ကို များနှင့် ညီမကလေး စိမ်းညက်ကမူ ရယ်စရာတစ်ခုဟု သဘောထားကြ ပုံရသည်။ ကျွန်တော်ကမူ ရယ်စရာဟု တစ်ခါကမျှ မထင်မိခဲ့။

တစ်ခါကမူ အစ်ကိုလေးအား "ဘာလို့ ပျော်ရွှင်ခြင်းတွေ သိမ်း ထားရတာလဲ"ဟု မေးကြည့်ခဲ့ဖူးသည်။ "လောကမှာ တခြားဟာတွေက ဝယ်လို့တယ်။ ရှာလို့ရတယ်။ ပျော်ရွှင်ခြင်းဆိုတာ လိုချင်တိုင်း မရနိုင်ဘူး ညီလေး၊ ဒီတော့ ရတုန်းသိမ်းထားရတာပေါ့"ဟု ဖြေသည်။ ငယ်ငယ် ကတည်းက အစ်ကိုလေးလုပ်လာခဲ့သော အပြုအမူတစ်ခု။ ထိုဟောလစ် ပုလင်းကြီးကို သူ့ခုတင်အောက်တွင် သိမ်းထားလေ့ရှိသည်။ သူ ကျောင်း ဆရာအလုပ်မှထွက်၍ အချိန်ပြည့် ပန်းချီဆရာအဖြစ် နေတော့မည်ဟု ဆုံးဖြတ်သောညက ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက်သား ဝီစကီ

http://www.cherrythitsar.org



သောက်နေကြရင်း သူ့ခုတင်အောက်မှ ဟောလစ်ပုလင်းကြီး ထုတ်ယူလာပြီး ကျွန်တော့်ကိုပေးသည်။ ''ဘာလို့လဲ''ဟု ကျွန်တော်က မေးသောအခါ ''အစ်ကိုလေးက ပန်းချီဆရာလုပ်တော့မှာ။ ဒီတော့ အစ်ကိုလေးမှာ ပျော်ရွှင်စရာအတွက် ပူပင်စရာမလိုတော့ဘူး။ ကြေကွဲစရာတွေကို ကြောက်နေဖို့ မလိုတော့ဘူး။ ဘဝဟာ အစ်ကိုလေးအတွက် ခံစားစရာတွေချည်း ဖြစ်တော့မှာ''ဟု ပြောသည်။ ကျွန်တော်က ဒီပျော်ရွှင်ခြင်းများကို ဘာလုပ်စေချင်သလဲဟု မေးသောအခါ အစ်ကိုလေးက ''ညီလေးသဘောပဲ''ဟု ပြောခဲ့သည်။ ထိုစဉ်ကတည်းက ကျွန်တော့် လက်တွင် အစ်ကိုလေးစုဆောင်းထားသော ပျော်ရွှင်ခြင်းများ ပုလင်းနှင့်တစ်လုံး ရှိခဲ့သည်။

တစ်နည်းပြောရသော် အစ်ကိုလေးပျောက်ဆုံးသွားသည်မှာ ငါးနှစ်ကြာခဲ့ပြီ ဖြစ်သော်လည်း သူ၏ပျော်ရွှင်ခြင်းများမှာ ပုလင်းနှင့်တစ်လုံး ကျွန်တော့်ထံတွင် ရှိနေသေးသည်။ ကျွန်တော်ကမူ ထိုငါးနှစ်တာ ကာလအတွင်း ပျော်ရွှင်ခြင်း၊ ကြေကွဲခြင်းများ မရှိဘဲ၊ မျှော်လင့်ခြင်း သက်သက်ဖြင့်သာ နေ့နှင့်ည ကာလပေါင်းများစွာ၏ ရှိခြင်းကိုလက်ခံထားရှိခဲ့သည်။ ယခုသော် အစ်ကိုလေး၏ပျော်ရွှင်ခြင်းများသည် အစ်ကိုလေးကို လိုက်လံရှာဖွေကာ အစ်ကိုလေးနှင့်အတူ နေကြစေချင်ပါတော့သည်။ အစ်ကိုလေးနှင့် အတူတကွ ကျွန်တော့်ထံ ပြန်လာမည်ဆိုသော် ကျွန်တော် ဝမ်းသာစွာကြိုနေပါမည်။ အစ်ကိုလေးကဲ့သို့ ကျွန်တော်သည် ဘဝကိုခံစားတတ်သူဖြစ်မည်ဖြစ်သော်လည်း ကျွန်တော်၏ ဖြစ်- ရှိနေရခြင်းအတွင်း၌ မျှော်လင့်၍သာ နေချင်ပါသည်။ လူသည် အနာဂတ်အတွက် ရှင်သန်နေကြသည်ဟုဆိုလျှင် ကျွန်တော်သည် ပစ္စုပ္ပန်အမြဲလိုပင် ဝမ်းသာစရာ၊ ကြေကွဲစရာများဖြင့် ပြည့်လျှံနေတတ်ပါသည်။

http://www.cherrythitsar.org



အစ်ကိုလေး၏ ပျော့်ရှင်ခြင်းပုလင်းကြီးကို အဖုံးဖွင့်၍ ရေကန် စပ်တွင် ကျွန်တော်ချထားလိုက်ရင်း တစ်စထက်တစ်စ မှောင်လာသဖြင့် ကန်ရေပြင်သည် အလင်းရောင်ကို တုံ့ပြန်ရမည့်တာဝန် မရှိတော့ကြောင်း ကျွန်တော် သတိထားမိလိုက်သည်။ ပုလင်းထဲမှ ပျော်ရွှင်ခြင်းပေါင်း မြောက်မြားစွာမှာ ညရဲ့နက်မှောင်နေခြင်းအတွင်းသို့ တိုးဝင်ရင်း ပျောက် ကွယ်သွားကြသည်ကို ကျွန်တော် မတားမြစ်နိုင်ပါ။ ည၏ နက်မှောင်နေ ခြင်းအတွင်း တိုးဝင်ပျောက်ကွယ် သွားကြကုန်သည်များ အားလုံးကို ကျွန်တော် ဝမ်းနည်းစွာဖြင့် သတိရနေမိပါတော့မည်။ အကယ်၍နှင့် အကယ်၍သာလျှင် မနက်ဖန်သည် ယနေ့ကဲ့သို့ပင် နေ့တစ်နေ့ဖြစ်ခဲ့ မည်ဆိုသော ဝမ်းနည်းခြင်း၊ မျှော်လင့်ခြင်း၊ တမ်းတခြင်းအားလုံးတို့ကို ကျေနပ်သာယာစွာ လွမ်းဆွတ်ရခြင်း တစ်ခုအဖြစ်သာ ကျွန်တော်က သိမှတ်ခံစား၍သာ နေပါတော့မည်။ ည၏ နက်မှောင်နေခြင်းသို့ ညင်သာစွာဖြင့် တိုးဝင်မသွားကြပါနှင့်တော့။ ညှိုးနွမ်းစပြုလာသော အလင်းရောင်များကိုသာ ဒေါမနဿပွား၍ နေကြပါလေတော့။

**မြင့်သန်း**

၂၀၀၂ ခုနှစ်၊ ဖေဖော်ဝါရီလထုတ် စတိုင်သစ်မဂ္ဂဇင်းအမှတ်(၁၄)

http://www.cherrythitsar.org

# ရည်မွန်ဦးစာပေမှ ထွက်ရှိပြီးစာအုပ်များ

| | | |
|---|---|---|
| ၁။ | ညီသော်လှ | အမေရိကန်ဘီလျံနာ (၄၀) |
| ၂။ | ကြည်အေး | ကျွန်မပညာသည် |
| ၃။ | တင့်ဇော် | ရာဘီမြစ်ကို ဖြတ်သန်းခြင်းနှင့် အိန္ဒိယဝတ္ထုတိုများ |
| ၄။ | ကြည်အေး | မီ |
| ၅။ | ကြည်အေး | အပြင်ကကူ |
| ၆။ | မြတ်ငြိမ်း | ဘဝကိုကြက်ခြေခတ်ခဲ့ရပေမဲ့ |
| ၇။ | စိတ်ကြိုက်ဝတ္ထုတိုစု | ပန်းတို့၏ရနံ့ |
| ၈။ | စိတ်ကြိုက်ဝတ္ထုတိုစု | စံပယ်ပွင့်ဝေဝေ |

http://www.cherrythitsar.org

# ဆက်လက်ထွက်ရှိမည့် စာအုပ်များ

## မြသန်းတင့်

ကြာညိုနုံ့သင်းသော ရေဝတီမ

(စာပေဆောင်းပါးများ)

[ဝ၂၁၇ / ၂ဝဝ၄ (၁၂)]

## မောင်ရိုင်လတ်

ကောင်းကင်ရဲ့ ဥပမိ

(မဂ္ဂဇင်းအက်ဆေးများ)

[၂၇ / ၂ဝဝ၄ (၁)]

http://www.cherrythitsar.org

